## အခန်း(၆၁၉) - နှုတ်ဆက်ခဲ့ပါတယ်… အဖွဲ့ခွဲ(၇)

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်မှကိစ္စကို ကိုင်တွယ် ဖြေရှင်းပြီးနောက် ငြိမ်းချမ်းစွာ အိပ်ရာဝင်ခဲ့သည်။ နောက်တစ်နေ့ မနက်တွင် မနက်စာစားပြီးနောက် ရီရှင်း၏ အထောက်အထားကို အသုံးပြုကာ လင်းရှင်ထံ မက်ဆေ့ချ် ပို့လိုက်သည်။

"ငါ သွားပြီ… မင်းကိုယ်မင်း ဂရုစိုက်။ ကျောင်းကောင်းကောင်း တက်…"

"ဟုတ်… ကျေးဇူးပြုပြီး ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ…"

မကြာခင် လင်းရှင်က မက်ဆေ့ချ် ပြန်ပို့လာသည်။

လင်းဟွမ်သည် ဆက်သွယ်ရေး မျက်နှာပြင်ကို ပိတ်ပြီးနောက် အကောင့်တုနှင့် လိုင်းပေါ်တက်လိုက်ပြီး ဟိုတယ် အခန်းခအတွက် ငွေပေးချေလိုက်သည်။ ထို့နောက် နေရာကူးပြောင်းရေး ဓါတ်ကြွင်းကို ဆင့်ခေါ်ကာ သူ့ရုပ်ရည်ကို ပြောင်းလဲပြီး လမ်းလျှောက်ဝင်သွားသည်။

. . .

မနက် အစောပိုင်း….

လောယောင်သည် နာရီကို ကြည့်လိုက်ရာ မနက် (၇)နာရီ (၁၅) မိနစ် ထိုးနေပြီဖြစ်ကြောင်း သိလိုက်ရပြီး ထို့နောက် အနီးရှိ သစ်ပင်အောက်ကို လှမ်းကြည့်လိုက်ရာ မည်သူမျှမရှိကြောင်း မြင်လိုက်မှ စိတ်သက်သာရာ ရသွားသည်။

သူမသည် သစ်ပင်ဘေးနားမှ ဖြည်းဖြည်းချင်း ဖြတ်လျှောက်သွားပြီး ဘေးရှိ ဆရာအဆောင်ကို လှမ်းကြည့်လိုက်သည်။ သူမက ထိုအခန်းထဲမှ အမျိုးသားဖြစ်သူ ထွက်လာမည့်အချိန်ကို စောင့်ဆိုင်းရင်း အချိန်ဆွဲကာ လမ်းလျှောက်နေသည်။

သူမသည် သိုင်းပညာ မုဆိုးကောလိပ် ဆရာ စုဆောင်းရေးနေ့မှာပင် ထိုလူနှင့် တွေ့ဆုံခဲ့ပြီး ထိုနေ့မှာပင် စတင် သင်ကြားခဲ့သည်။ သူတို့နှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် အတူတူနေရန် ရေစက် ပါလာသည်ဟု သူမ ထင်နေသည်။

သူမက ဆေဘာတာအို တန်းခွဲ (၈) တွင် သင်ကြားပြီး ထိုလူက ဓါးတာအို တန်းခွဲ (၂) တွင် သင်ကြားပေးသော သာလွန်အဆင့် ဆရာတစ်ယောက်ပင် ။ ထိုလူက ငယ်ရွယ်ပြီး ချောမောသောကြောင့် မကြိုက်ပါဘူးဟု ပြောပါက လိမ်လည်ရာ ကျပေလိမ့်မည်။

ကျောင်းစသည့် နေ့ကတည်းက အဆောင်မှ ထွက်လာသည်နှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံခဲ့ကြပြီး ထိုလူနှင့်အတူ မနက်စာစားခြင်းမှာ လောယောင်၏ အလေ့အထတစ်ခု ဖြစ်လာခဲ့သည်။ အများအားဖြင့် သစ်ပင်အောက်တွင် ထိုအမျိုးသားက သူမကို စောင့်နေတတ်သည်။ တစ်ခါတလေ တစ်မိနစ်၊ နှစ်မိနစ်ခန့် နောက်ကျတတ်သည်။

သို့သော်လည်း ယခုမူ အချိန်များ ကုန်လွန်လာခဲ့ပြီး မနက် (၇) နာရီခွဲသည့် အချိန်မှာပင် ထိုလူ မရောက်လာသေးပေ။

လောယောင်အတွက် ထူးဆန်းနေသည်။

"ဩော်… သူ ဒီနေ့ လုပ်စရာရှိလို့ ဖြစ်လိမ့်မယ်"

ထိုကဲ့သို့တွေးပြီး လမ်းလျှောက် ထွက်သွားပြီး စိတ်တိုတိုနှင့် တစ်ယောက်တည်း မနက်စာစားခဲ့သည်။ ထို့နောက် ခေတ္တမျှ တုံ့ဆိုင်းသွားခဲ့ပြီး စိတ်မထိန်းနိုင်ဘဲ ထိုအမျိုးသားထံ ဖုန်းဆက်ခဲ့သော်လည်း ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေကြောင်းသာ အကြောင်း ပြန်ခဲ့သည်။

"ဘယ်သွားတာလဲ။ သောကြာနေ့လေ။ ဒီနေ့ အတန်းမရှိဘူးလား"

လောယောင်သည် စိတ်ထဲတွင် သို့လော၊ သို့လော မေးခွန်းပေါင်းများစွာနှင့် အဆောင် ပြန်လာခဲ့သည်။

“နေ့လည် (၂) နာရီ ကျော်နေပြီ…”

နေ့ခင်းဘက်တွင်….

လောယောင်သည် နေ့လယ်စာ စားပြီးနောက် အဆောင်သို့ တန်းမပြန်ခင် ဈေးဝယ် ထွက်ခဲ့သေးသည်။ ထို့နောက် အဆောင်သို့ ပြန်လာသောအခါ အပြင်ဘက်တွင် စုဝေးနေသော လူအုပ်ကြီးကို သတိထားလိုက်မိသည်။

“ဘာဖြစ်တာလဲ…”

သူမက မိန်းကလေး တစ်ယောက်ကို လှမ်းမေးလိုက်သည်။

"ဒီနေ့ မနက်နဲ့နေ့လယ်ခင်းက အတန်းလာမသင်လို့ လာကြည့်တာ ဆရာတစ်ယောက် သေနေတယ်လို့ ပြောတယ်။ ကျောင်းသားတစ်ယောက်က သူ့အဆောင်မှာ သူ့ရဲ့ ခေါင်းမပါတဲ့ အလောင်းကို တွေ့ခဲ့တာပဲ။ အရမ်းကြောက်စရာ ကောင်းတယ်"

ကောင်မလေးက ရှင်းပြသည်။

"ဆရာကျန်း..."

လောယောင်၏ ရင်ခုန်သံများ၊ နှလုံးခုန်သံများ ဆူညံသွားကာ လူများကို တွန်းထုတ်ပြီး အဆောင်ထဲ ပြေးဝင်သွားသည်။ အဆောင်၏ ဒုတိယထပ်တွင် ခေါင်းမပါသော ခန္ဓာကိုယ်ကို စစ်ဆေးနေသည့်

ပြည်ထောင်စုအစိုးရမှ ဝန်ထမ်းအချို့ကို မြင်လိုက်ရလျှင် စတင် ငိုယိုတော့သည်။

. . .

ဒက်စီမြို့၊ အမှတ် (၇) စီ (၃၅၇) ...

လမ်းကြားလေး တစ်ခုထဲတွင် အနက်ရောင် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းတစ်ခု ပေါ်လာပြီး ထိုထဲမှ လူငယ်လေးတစ်ယောက် လမ်းလျှောက် ထွက်လာသည်။ ထိုလူချောလေးမှာ အပြာရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားသည်။ ကြည့်ရသည်မှာ အသက်(၂၀) ခန့်ရှိပြီး အရောင် တောက်သော ဆံပင်များနှင့် အရပ်က (၁.၈၂) မီတာခန့် ရှိသည်။

ဒါသည် ရုပ်ဖျက်ထားသော လင်းဟွမ်ပင်။

ရုပ်ချောသည့် အချက်မှလွဲ၍ ယခင်ကနှင့် လုံးဝ မတူတော့ချေ။

သူ့ မှတ်ဉာဏ်များအတိုင်း လမ်းလျှောက်လာရင်း ရန်လင်း တည်ရှိနေသော ဘားကိုတွေ့ခဲ့ပြီး ဝန်ထမ်းက သူ့ကို ရန်လင်းရှိရာ မြေအောက်ခန်းထဲ ခေါ်သွားသည်။

ပိန်ပိန်ပါးပါး ရန်လင်းက လုံးကြီးပေါက်လှ မိန်းမတစ်ယောက်ကို ဖက်ရင်း အိပ်ပျော်နေသည်။

လင်းဟွမ် တံခါးတွန်းဖွင့်လိုက်သည့် အချိန်တွင် ထိုအမျိုးသမီးက လင်းဟွမ်ကို မျက်စိမှိတ်ပြလိုက်သည်။ သို့သော်လည်း လင်းဟွမ်က သူမကို လျစ်လျူရှုပြီး

ရန်လင်းကို လှမ်းကြည့်လိုက်ပြီးနောက် လင်းဟွမ်က ဖွင့်ထားသောတံခါးကို ခေါက်လိုက်သည်။

တုံ့ပြန်မှု အနေနှင့် ရန်လင်းက အမျိုးသမီး၏ တင်ပါးကိုရိုက်ပြီး ပါးကို ကိုက်လိုက်သည်။

"ဒီည နောက်တစ်ခေါက် ပြန်လာခဲ့..."

ရန်လင်းက အမျိုးသမီး၏ နား အနားကပ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

ထိုအမျိုးသမီးက တခစ်ခစ် ရယ်မောပြီး သူမ ကိုယ်ပေါ်တွင် ခြုံထားသော စောင်ကို ဖယ်ရှား လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်က လင်းဟွမ်၏ ရှေ့မှာပင် အဝတ်ဗလာ ခန္ဓာကိုယ်နှင့် အဝတ်အစားများ

ဝတ်နေကြပြီး အမျိုးသမီးက လင်းဟွမ်ကို ကြာအကြည့် တစ်ချက်ပင် မော့ကြည့်လိုက်သေးသည်။ ဘရာဇီယာ တစ်ခု ဝတ်ရန် (၁၀) မိနစ်ကျော် အချိန်ယူခဲ့သည်။

လင်းဟွမ်သည် ရန်လင်း အလုပ်စားပွဲတွင် ထိုင်ပြီး အေးအေးဆေးဆေး အဝတ်အစား ဝတ်နေသော အမျိုးသမီးကို ထိုင်ကြည့်နေခဲ့သည်။ သူမတွင် ချစ်စရာကောင်းသော ခန္ဓာကိုယ်ရှိပြီး စွဲဆောင်မှုရှိသော အမူအရာ ရှိသည်။ ဒါသည် သူမနှင့် ပက်သက်၍ လင်းဟွမ်၏ တစ်ခုတည်းသော မှတ်ချက်ပင်။

အမျိုးသမီးသည် အတွင်းအခံ အဝတ်အစား ဝတ်ပြီးနောက် တင်ပါးကို လှုပ်လီလှုပ်လဲ့ လှုပ်ကာ

သူမအဝတ်အစားများထံ ဖြည်းဖြည်းချင်း လမ်းလျှောက်ထွက်သွားသည်။

"ဟေး ကိုယ်လူချော၊ မင်း စိတ်ဝင်စားရင် ငါ့ကိုရှာလို့ရတယ်နော်… ပထမဦးဆုံးအကြိမ်ဆို အခမဲ့"

လင်းဟွမ်၏နား အနားကပ်၍ တိုးတိုးလေးပြောလိုက်သည်။

ရန်လင်းသည် ထွက်ခွာသွားသော အမျိုးသမီးကိုကြည့်ပြီးနောက် သူ့ကိုယ်ပေါ်တွင် ခြုံထားသောစောင်ကိုဖယ်ရှားကာ အတွင်းခံကိုပင် မဝတ်ဘဲရွှေရောင်အကျီကို ကောက်ဝတ်လိုက်သည်။ ထို့နောက်အလုပ်စားပွဲတွင် ထိုင်ချလိုက်သည်။

"ငါတို့ အရင်က တွေ့ဖူးလား..."

လင်းဟွမ်ကို စိုက်ကြည့်ပြီးနောက် မေးလိုက်သည်။

"အကြမ်းဖျင်းအားဖြင့်တော့ တွေ့ဖူးလောက်မယ်..."

လင်းဟွမ်က ခနဲ့တဲ့တဲ့ ပြုံးပြီး အဖြေပေးလိုက်သည်။

"စိတ်ထဲမထားနဲ့။ အနက်ရောင်ကတ်လား"

ရန်လင်းက မေးလိုက်သည်။

"မှန်တယ်..."

"ဘယ်တစ်ခုလဲ..."

ရန်လင်းက နောက်တစ်ကြိမ် ထပ်မေးသည်။

"တော်ဝင် အဆင့်။ လုပ်ပိုင်ခွင့် မြင့်လေ ပိုကောင်းလေပဲ။ နတ်ဘုရားတစ်ပိုင်း အဆင့် ဖွင့်ပေးရင်တော့ အကောင်းဆုံးပဲ..."

"ဒါက စွန့်စားရာ ကျလွန်းတယ်။ ငါ မလုပ်ပေးနိုင်ဘူး။ အဓိကဇုန် အပြင်ဘက်က လူတွေအတွက် ငါ လုပ်ပေးနိုင်တာ အင်မော်တယ် အဆင့်က အမြင့်ဆုံးပဲ။ တကယ်လို့ မင်းက အဓိကဇုန်မှာ အသုံးပြုမယ်ရင် အင်ပါယာအဆင့်အထိ ဖွင့်ပေးနိုင်တယ်၊ ဒါပေမယ့် မင်းက အဲ့ဒါကို အဓိကဇုန် အပြင်ဘက်မှာ သုံးရင်တော့ အကျိုးဆက် ခံစားရလိမ့်မယ်"

ရန်လင်းက လင်းဟွမ်ကို လေးနက်စွာစိုက်ကြည့်ပြီး ပြောလိုက်သည်။

“ဒါဆိုလည်း အင်ပါယာ အဆင့်ပေါ့”

လင်းဟွမ်က နှစ်ခါပြန်မတွေးဘဲ ခေါင်းညိတ်လိုက်သည်။

“သာမန် တော်ဝင်မျိုးအတွက်ဆို ကံကြမ္မာသလင်းကျောက် တစ်သောင်း၊ သန့်ရှင်းမီးလျှံအထိ ခွင့်ပြုချက် ရမယ်။ အင်ပါယာအဆင့် ကတ်ဆိုရင် ကံကြမ္မာသလင်းကျောက် ငါးသိန်း ကျမယ်။ ဒါပေမယ့် ငါ ရှင်းပြရဦးမယ်။ ဒီအချက်အလက်တွေက ပြည်ထောင်စုအစိုးရ မဟုတ်ဘူးနော်....

သူတော်စင်တွေဆီက လာတာ။ တကယ်လို့ မင်းက အဓိကဇုန်ရဲ့ အပြင်ဘက်မှာသုံးရင် သူတော်စင်တွေ မင်းနောက် လိုက်လာလိမ့်မယ်။ အဲ့ဒီလိုဖြစ်ရင် ငါ ကူညီနိုင်မှာ မဟုတ်ဘူး…”

“ရတယ်… လုပ်မယ်…”

လင်းဟွမ်သည် အခကြေးငွေကို ရန်လင်း၏ ကုန်သွယ်ရေး ချိပ်စ်ပြားထဲ လွှဲပြောင်းပေးလိုက်သည်။

ရန်လင်းသည် လွှဲပြောင်းပေးသည့် ငွေပမာဏ မှန်ကန်ကြောင်း အတည်ပြုပြီးနောက် စတင် လုပ်ဆောင်လိုက်သည်။

“နာမည်… အသက်…”

ရန်လင်းက လင်းဟွမ်ကို ခေတ်ပုံရိုက်ရင်း မေးလိုက်သည်။

"လင်းရှီ... (၂၂) နှစ်..."

လင်းဟွမ်၏ နာမည်အသစ် ထွက်ပေါ်လာသည်။

"ငယ်ငယ် ကတည်းက မိဘတွေ ဆုံးပါးသွားတာ။ အသက် (၂) နှစ်ကြီးတဲ့ အစ်ကိုတစ်ယောက် ရှိတယ်။ ဒါပေမယ့် သူဘယ်မှာနေလဲ ငါ မသိဘူး။ ကျန်တဲ့ အချက်အလက်တွေကိုတော့ ပုံမှန်အတိုင်းပဲ..."

ရန်လင်းက လင်းဟွမ်ကို တစ်ချက်စိုက်ကြည့်ကာ စကားတစ်ခွန်းမှ မပြောဘဲ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ဆက်လက် လုပ်ဆောင်ခဲ့သည်။

လင်းဟွမ်သည် လင်းဟွမ်နှင့် ဆက်စပ်ပြီး မစဉ်းစားမိစေရန် ညီအစ်ကို တစ်ယောက် ရှိသည် ဆိုသည့် အထောက်အထားကို ထည့်သွင်းခဲ့သည်။ မနေ့ညက သူစဉ်းစားခဲ့သည့် နာမည်နှစ်ခုထဲမှ လင်းရှီဟူသော နာမည်ကို ရွေးချယ်လိုက်သည်။ ဒီကမ္ဘာပေါ်တွင် မျိုးရိုးတူသော လူများက သန်းပေါင်းများစွာ ရှိသောကြောင့် ယခင်မျိုးရိုး နာမည် ယူထားခြင်းက ဘေးကင်းသည်။

လူအများက သူ၏ သက်သေ အထောက်အထားက မှားယွင်းနေကြောင်း စဉ်းစားမိလျှင် လင်းဟွမ်၏

သက်သေအထောက်အထား အဟောင်းနှင့် ဆက်စပ်၍ စဉ်းစားမိလိမ့်မည် မဟုတ်ချေ။

(၁၀) မိနစ်ခန့် ကြာသောအခါ အင်ပါယာ နှလုံးသားလက်စွပ်အသစ် ပြီးမြောက်သွားခဲ့ပြီ။

ရွှေရောင်လက်စွပ်သည် အနုပညာပစ္စည်း တစ်ခုကဲ့သို့ လှပလွန်းလှ၏။

"အဓိကဇုန် အပြင်ဘက်ကိုရောက်တိုင်း အသက် မသွင်းနဲ့"

ရန်လင်းက လင်းဟွမ်ထံ လက်စွပ်ပေးရင်း သတိပေးလိုက်သည်။

“ ငါ သိပြီ”

လင်းဟွမ်သည် စမ်းသုံးကြည့်ပြီးနောက် သိုလှောင် လက်စွပ်ထဲ ထည့်သိမ်းလိုက်သည်။

ဘား အဝင်ဝတွင် ရပ်နေသော လင်းဟွမ်က မိုးပေါ်မော့ကြည့်နေပြီး

“နှုတ်ဆက်ခဲ့ပါတယ် အဖွဲ့ခွဲ (၇)”

# အခန်း(၆၂၀) - အဖွဲ့ခွဲ (၃) တွင် ခြေချခြင်း။

လင်းဟွမ်သည် နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲမှ ထွက်လာပြီးနောက် မူးဝေနေသည်။ ဒါသည် ဝေးကွာလွန်းသော နေရာကူးပြောင်းခြင်း ပေါ်တယ်ကို အသုံးပြုရခြင်း၏ ဘေးထွက်ဆိုးကျိုးပင် ။ အင်ပါယာအဆင့် လူတစ်ယောက်ပင် တူညီသော ခံစားချက်မျိုးကို ခံစားရသော်လည်း နူးညံ့သိမ်မွေ့လှ၏။

လင်းဟွမ်သည် ခြေလှမ်းနှစ်လှမ်း လှမ်းပြီးနောက် သန့်ရှင်းမီးလျှံအဆင့် အခြားလူ နှစ်ယောက်လည်း သူ့ကဲ့သို့ မူးဝေနေကြောင်း တွေ့လိုက်ရသည်။

ယူနီဖောင်း ဝတ်ထားသော ဝန်ထမ်းအနည်းငယ် ရောက်လာပြီး ထိုလူနှစ်ယောက်ကို လမ်းပိတ်ထားသည်။

"ငါတို့က ဖယ်ရှားခြင်း မြို့ရဲ့ ကျန်းမာရေး ဝန်ထမ်းတွေပါ။ မင်းတို့နှစ်ယောက်က မြို့စည်းကမ်းကို ဖောက်ဖျက်လိုက်ပြီ။ ကျေးဇူးပြုပြီး မင်းတို့ရဲ့ အိုင်ဒီပြပါ။ သန့်ရှင်းရေး လုပ်ဖို့အတွက် ဒဏ်ကြေး ပေးဆောင်ရမယ်"

ဝန်ထမ်း အားလုံးသည် အင်မော်တယ် အဆင့်ပင် ။

သန့်ရှင်းမီးလျှံအဆင့် နှစ်ယောက်သည် စကားပြန်မပြောရဲဘဲ ခေါင်းမှူးနေသည့်ကြားမှ ဒဏ်ကြေးပေးဆောင်လိုက်သဖြင့် ထိုနေရာကို သန့်ရှင်းရေးလုပ်ခိုင်းပြီးနောက် ပြန်လွှတ်ပေးလိုက်သည်။

"စည်းကမ်းဖောက်ဖျက်တယ် ဟုတ်လား..... အန်ရုံနဲ့ ကံကြမ္မာသလင်းကျောက် တစ်ထောင် ဒဏ်ကြေးကောက်တာလား"

လင်းဟွမ်အတွက် ထူးဆန်းနေသည်။ စည်းမျဉ်းများကို ကြားရသည်မှာ စိတ်ကြိုက်ဖန်တီးထားသလို ဖြစ်နေသည်။ ဤဝန်ထမ်းများက အတုသာ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။

လင်းဟွမ်သည် ထူးဆန်းသော မြင်ကွင်းကို ကြည့်ပြီးနောက် ထွက်ခွာလာခဲ့သည်။

မကြာခင် နှစ်မီတာခန့်မြင့်သော လူထွားကြီး တစ်ယောက်သည် သူထံ တည့်တည့် တိုးဝင်လာပြီး သူ့နောက်မှ လူအနည်းငယ်လည်း လိုက်ပါလာသည်။

လင်းဟွမ် မျက်မှောင်ကြုတ်ပြီး ဘေးရှောင် ပေးလိုက်သည်။

ထိုလူထွားကြီးသည် လင်းဟွမ်နှင့် လွဲချော် သွားသော်လည်း မြေပေါ် ဟက်ထိုး လဲကျသွားသည်။

"စောက်ကလေး၊ မင်း မျက်စိကန်းနေလား။ ဘာဖြစ်လို့ ငါ့ကို လာတိုက်တာလဲ။ အား... နာလိုက်တာ။ မင်း ငါ့ကို နာအောင် လုပ်တာဆိုတော့ ဘယ်လို ပြန် လုပ်ပေးမလဲ"

ထိုလူက မြေပေါ်ထိုင်နေပြီး လာရောက်ဆွဲထူပေးသောလူများကို ငြင်းဆန်ကာ လင်းဟွမ်ကို အော်ဟစ်နေသည်။

"မင်း လိမ်တာ တော်တော်လေး ရုပ်ပေါက်တယ်။ ငါမင်းနဲ့ ထိတောင် မထိမိဘူး"

လင်းဟွမ်သည် ဘာဖြစ်ပျက်နေလဲ ဆိုသည်ကို ချက်ချင်း နားလည်သွားသည်။

"ဟော့ရောင် အဓိပ္ပါယ်မရှိတာ မပြောနဲ့။ မင်းငါ့ကို တိုက်လိုက်တာ ငါ့ညီတွေလည်း မြင်တယ်။ မျက်မြင် သက်သေ ရှိတယ်ကွ။ ဒါဆို ငါ့ကို မထိဘူးလို့ ပြောနေရအောင် မင်းမှာ သက်သေ ရှိလို့လား"

လူထွားကြီးက စကားပြောရင်း ပတ်ဝန်းကျင်ကို ခြိမ်းခြောက်သော အမူအရာနှင့် လှည့်ပတ် ကြည့်လိုက်သည်။

ပွဲကောင်း ကြည့်ချင်သောလူများလည်း စုဝေး လာကြသည်။ အချို့က လင်းဟွမ်ဘက်မှ ရပ်တည် ပေးချင်သော်လည်း လူထွားကြီးက ရွှေရောင် မီးလျှံအဆင့် ဖြစ်နေပြီး သူ့လူအားလုံးကလည်း ခရမ်းရောင်

မီးလျှံအဆင့်တွင် ရှိနေသောကြောင့် မည်သူမျှ ဝင်မပြောရဲကြပေ။

"ဒီလူငယ်လေးတော့ ဒုက္ခရောက်ပြီ။ စန်ပက ဒီနေရာမှာ လုပ်စားလာတာ နှစ် (၃၀) လောက် ရှိနေပြီ။ တိုက်ခိုက်ရေးအဆင့် နိမ့်တဲ့ လူတွေကိုပဲ ပစ်မှတ်ထားတာ။ သူ့လက်ထဲက ဘယ်သူမှ မလွတ်ဖူးဘူး၊ ဒီလူငယ်လေး ကံဆိုးတာပဲ"

လူအုပ်ထဲမှ လူအချို့သည် လူထွားကြီး၏ နောက်ခံ သမိုင်းကြောင်းကို သိနေကြသည်။ အများစုက အမှန်တရားကို သိနေသော်လည်း လင်းဟွမ်ဘက်မှ မရပ်တည်ရဲကြပေ။

လင်းဟွမ်က ဘောင်းဘီအိတ်ထဲ လက်ထည့်ပြီး လူထွားကြီးကို တည်ငြိမ်စွာ လှမ်းကြည့်လိုက်ကာ

"မင်းငါ့ကို အနိုင်ကျင့်လို့ နောင်တ မရဘူးဆိုတာ သေချာလား"

ထိုစကားကို ကြားလိုက်လျှင် လူထွားကြီး ကြောင်သွားသည်။ သူ့ နောက်လိုက်များလည်း ဘာလုပ်ရမှန်း မသိသဖြင့် လူထွားကြီးကို မေးချင်သော မျက်လုံးများနှင့် လှမ်းကြည့်ကြသည်။

"ဝိုး တော်တော်ရဲတဲ့ ကောင်ပဲ ပွဲကောင်း ကြည့်ရတော့မယ်ဟေ့"

လူထွားကြီးသည် ခဏမျှ အံ့အောမှင်တက်နေပြီးနောက် လင်းဟွမ်ကို

“မင်းဘယ်သူလဲ ဆိုတာ ငါ ဂရုမစိုက်ဘူး။ အေး မင်းက ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင် ဖြစ်နေရင်တောင် ငါ ဂရုမစိုက်ဘူး”

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း နာမည်ကို ကြားလိုက်လျှင် လူအများစုမှာ ကြောက်လန့်သွားကြသည်။

လင်းဟွမ်ကမူ ထိုစကားကိုကြားလျှင် အကြံများစွာဖြင့် ပြုံးလိုက်သည်။

"ဒါဆိုလည်း ကောင်းပြီ မင်း ငွေလိုချင်တာလား။ လာယူလေ"

လင်းဟွမ်က လက်ဖဝါးပေါ်တွင် သိုလှောင်လက်စွပ်ကို ဖတ်ခနဲ ဟပြလိုက်သည်။ လူအများစုသည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း နာမည်ကြီးမြောက်မှု အားကောင်းသဖြင့် လူငယ်လေးကတော့ အလွယ်တကူ အလျှော့ပေးသွားပြီးဟု ထင်မိ၍ စိတ်ပျက်သွားကြသည်။

လူထွားကြီးသည် မြေပေါ်မှ ကုန်းထကာ အဝတ်အစားများကို ခါထုတ်ရင်း ဘေးနားရှိ သူ့လူများကို အချက်ပြလိုက်သည်။

ကိုလူထွားကြီးက လင်းဟွမ်ထံ လမ်းလျှောက်သွားပြီး လင်းဟွမ် လက်ဖဝါးပေါ်မှ သိုလှောင်လက်စွပ်ကို ဆွဲယူလိုက်သည်။

ထိုစဉ် လက်ဖဝါးတစ်ဖက်က လေထဲ ဝဲပျံလာပြီး လူထွားကြီး၏ပါးကို ဖြောင်းခနဲ မြည်အောင် ထိမှန်သွားသည်။ ထိုရိုက်ချက်ကြောင့် လူထွားကြီး လွင့်ထွက်သွားသည်။

လူတိုင်းက ပါးစပ် အဟောင်းသား ငေးကြည့် နေကြသည်။ သူတို့ထဲမှ လူတော်တော်များများသည် ပထမဦးဆုံး လှုပ်ရှားရန် သတ္တိရှိသော လူငယ်လေးကို ငေးကြည့်ရင်း အံ့အောမှင်တက် နေကြသည်။ ထို့နောက်

ပါးရိုက်လိုက်သော လူငယ်လေးမှာ ကြက်သွေးရောင် မီးလျှံအဆင့်သာ ရှိပြီး ပါးရိုက်ခံရသူမှာ ခရမ်းရောင်မီးလျှံအဆင့် ဖြစ်ကြောင်း လူအများစု သိသွားကြသည်။

လူထွားကြီးနှင့် လူထွားကြီး၏ လူများပင် အချိန်တစ်ခုကြာသည်အထိ အံ့သြ မှင်တက်နေကြပြီး နောက်ပိုင်းမှ အသိပြန်ဝင်လာကြသည်။

"မင်း.... မင်း.... ဘယ်လို လုပ်ရဲတာလဲ"

လူထွားကြီးက ဒေါသထွက်ပြီး အသားများ တဆတ်ဆတ် တုန်၍ စကားပင် ထစ်နေသည်။

“မင်းတို့ ဒီလက်စွပ် လိုချင်တယ် မဟုတ်လား။ လာယူလေ။ မင်းတို့ ယူနိုင်ရင် မင်းတို့အပိုင်ပဲ”

လင်းဟွမ်က လူထွားကြီးကို ပေါ်တင် ရန်စလိုက်သည်။

“သတ် ဒီကောင့်ကို ဝိုင်း သတ်စမ်း”

လူထွားကြီး၏ အော်ဟစ်သံကို ကြားလျှင် ဗလတောင့်သောလူများက လင်းဟွမ်ထံ ကမူးရှူးထိုး ပြေးဝင်လာကြသည်။

လင်းဟွမ်သည် နဂို နေရာမှာသာ မတ်တပ်ရပ်နေသော်လည်း အရိပ်ပေါင်း များစွာ

လွင့်ထွက်သွားသည်။ နောက်ဆုံးမှ ရောက်လာသော လူထွားကြီးမှာမူ လည်ပင်းမှ ဖမ်းညှစ်ခြင်း ခံလိုက်ရသည်။

လူထွားကြီးသည် လင်းဟွမ်က လည်းပင် ညစ်ထားသဖြင့် မလှုပ်ရဲတော့ချေ။

ခရမ်းရောင် မီးလျှံအဆင့် လူ ငါးယောက်နှင့် ရွှေရောင်မီးလျှံအဆင့် လူတစ်ယောက်မှာ (၃) စက္ကန့်ပင် မကြာသောအချိန်တွင် ကြက်သွေးရောင် မီးလျှံအဆင့် လူတစ်ယောက်၏ လက်အောက်၌ ရှုံးနိမ့်သွားခဲ့ကြသည်။

ထိုတိုက်ပွဲကို မြင်လိုက်လျှင် လူအုပ်ကြီးမှာ ထိတ်လန့်တုန်လှုပ် သွားကြသည်။

"ကြက်သွေးရောင် မီးလျှံအဆင့်က ရွှေရောင် မီးလျှံအဆင့်ကို တိုက်ခိုက်တာလား။ ဒါက အဆင့်သုံးဆင့် မြင့်တယ်လေ ဒီလူငယ်က အထွတ်အထိပ် ပါရမီရှင်ပဲဟော့"

"ဘာဖြစ်နေတာလဲ လူစု ခွဲကြစမ်း"

"စန်ပနဲ့ ကျန်တဲ့လူတွေ ဒီနေ့တော့ ပါရမီရှင် တစ်ယောက်ကို စော်ကားခဲ့မိပြီ ဒီလူငယ်က ဘယ်အဖွဲ့အစည်းက ဆင်းသက်လာတာလဲ ဆိုတော့ သိချင်တယ်ဟော့။ တကယ်လို့ သူသာ မြေအောက် အဖွဲ့အစည်းကဆိုရင် ဒီကောင်တွေ ဒီနေ့တော့ သေပန်းပွင့်ပြီ"

"ဒီကောင်တွေ ကိုယ်နဲ့တန်တာ ပြန်ရတာပဲ"

...

လူအုပ်ကြီးသည် တစ်ယောက် တစ်ပေါက် ပြောဆိုနေကြပြီး စန်ပတို့ အဖွဲ့ကို ကူညီမည့်လူ တစ်ယောက်မှ မရှိပေ။

"လျော်ကြေး ပေးရဦးမှာလား"

လင်းဟွမ်က လူထွားကြီးကို ပြုံးပြီးမေးလိုက်ရာ

"ဟာ..... မဟုတ်တာ.... မလိုချင်ပါဘူး"

လူထွားကြီးသည် ကြောက်ကြောက်လန့်လန့် ဖြစ်နေရာ အသံများပင် တုန်နေသည်။

အဆင့်သုံးဆင့်ကျော်၍ တိုက်ခိုက်နိုင်သော လူသည့် အဖွဲ့အစည်းထဲမှ ပါရမီရှင် တစ်ယောက်သာ ဖြစ်လိမ့်မည်။ သူသည် မစော်ကားသင့်သော လူတစ်ယောက်ကို စော်ကားမိခဲ့ပြီ။

"ဒါပေမယ့် မင်းပြောခဲ့တယ်လေ မင်းကိုတိုက်မိရင် ဘယ်လို နောက်ခံကပဲ လာလာ ဘာလုပ်မယ်ဆိုလား ငါ မှတ်မိပါသေးတယ်"

လင်းဟွမ်က စပ်ဖြဲဖြဲပြုံးပြီး မေးလိုက်သည်။

"မင်း မတိုက်မိပါဘူး။ ငါက မျက်လုံးကန်းနေလို့ နတ်ဘုရားလိုလူကို စော်ကားမိတာ ငါ့အပြစ်ပါ။ ငါ

နောက်ဘယ်တော့မှ ဒီလို မလုပ်တော့ပါဘူး။ ခွင့်လွှတ်ပါကွာ ”

စန်ပသည် လင်းဟွမ်ကို မတိုက်ခိုက်နိုင်မှန်း သိသည်နှင့် ဒူးထောက်မတတ် တောင်းပန်နေသည်။

“လူ သိပ်မများတဲ့နေရာကို မင်း သိလား”

လင်းဟွမ်က မေးလိုက်သည်။

“ဆရာ ကျေးဇူးပြုပြီး.....ကျွန်တော်က ဒီမှာ အသက်ရှင်ဖို့ ရုန်းကန်နေရလို့ပါ။ ဒီမှာ ကြည့်နေကြတဲ့ လူတွေလည်း အများကြီးပဲ။ တကယ်လို့ ကျွန်တော်ကို လူမများတဲ့နေရာ ခေါ်သွားပြီး သတ်ရင်တောင် ဆရာ သတ်တယ်လို့ပဲ လူတိုင်းက သိကြလိမ့်မယ်”

စန်ပ ကြောက်လန့်နေသည်။

“မင်းကို မေးခွန်းမေးရုံပဲ။ ကဲ လူ ရှင်းတဲ့နေရာသွားမယ်”

လင်းဟွမ်သည် စန်ပ၏လည်ပင်းကို လွှတ်ပေးပြီး ကျန်သည့်လူများကို တစ်ချက် ကြည့်လိုက်သည်။

“ဟန်ဆောင်နေတာ ရပ်လိုက်စမ်း။ ငါ ဘယ်လောက်အားသုံးခဲ့လဲဆိုတာ ငါ သိတယ်။ မင်းတို့ကောင်တွေ မြေပေါ်မှာ ဆက်အိပ်နေရင် တစ်သက်လုံး အိပ်သွားအောင် ငါ သတ်ပေးလိုက်မယ်”

လူထွားကြီးနှင့် ကျန်သည့်လူများသည် လင်းဟွမ် စကားကို ကြားလိုက်လျှင် မြေပေါ်မှ ချက်ချင်း ခုန်ထလာသည်။

"ဒီလိုမှပေါ့။ ကဲ လမ်းပြစမ်း"

လင်းဟွမ်က စန်ပကို ကြည့်ပြီးပြောလိုက်သည်။

စန်ပသည် မကျေမနပ် ဖြစ်နေသော်လည်း ရွေးချယ်စရာ မရှိသဖြင့် လင်းဟွမ်ကို သူနှင့်အတူ ခေါ်ဆောင်သွားသည်။

# အခန်း(၆၂၁) - မျက်လုံးစုံမှိတ်ပြီး မောင်းနှင်သော အမျိုးသမီး။

လင်းဟွမ်အတွက် အဖွဲ့ခွဲ (၃) သို့ ရောက်ဖူးသည်မှာ ပထမဦးဆုံး အကြိမ်ပင်။

မစ္စတာဖူးထံမှ အကြောင်းအရာ တော်တော်များများ သိခဲ့သော်လည်း ထိုအချက်အလက် အများစုသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက အကြောင်းအရာများ ဖြစ်နေပြီး ခေတ်မမီတော့ချေ။

လင်းဟွမ်သည် ဟိုတယ်တစ်ခုတွင် အခြေချ နေထိုင်ပြီး အဖွဲ့ခွဲ (၃) အကြောင်းကို သူ့ဘာသာသူ ရှာဖွေလေ့လာရန် စဉ်းစားခဲ့သော်လည်း မမျှော်လင့်ဘဲ ညှော်လမ်းညွှန်များ ရရှိခဲ့သည်။ ထို့ကြောင့် ဤအခွင့်အရေးကို အမိအရ အသုံးချလိုက်၏။

စန်ပနင့်အဖွဲ့သည် လင်းဟွမ်ကို သူတို့ စုဝေးနေထိုင်ရာ ဖြစ်သော စွန့်ပစ်ထားသည့် ဂိုထောင်ဟောင်း တစ်ခုကို ခေါ်ဆောင်သွားခဲ့သည်။ သူတို့၏ အခြေစိုက်စခန်းကိုတော့ မခေါ်သွားရဲပေ။

"လေးစားရပါသော ဆရာကြီး သိချင်တာရှိရင် စိတ်ထဲမထားဘဲ မေးပါ။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ဖြေပေးပါ့မယ်"

စန်ပက လင်းဟွမ်အတွက် ကုလားထိုင်တစ်လုံး ထုတ်ယူပြီး ချပေးလိုက်သည်။ လင်းဟွမ်က သူတို့အား သတ်ပစ်လိုက်မည်ကို အမှန်တကယ် စိုးရိမ်နေသည်။

"မင်း လိမ်စားနေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဖယ်ရှားခြင်းမြို့မှာ တစ်ယောက်မှ အရေးမယူဘူးလား"

လင်းဟွမ်၏ ပထမဦးဆုံးမေးခွန်း ထွက်ပေါ်လာသည်။ သဘောတရားများအရ အဓိကဇုန်များသည် အဖွဲ့ခွဲ (၇) ထက် ပိုကောင်းမွန်သော လုံခြုံရေး

အစီအစဉ် ချမှတ်ထားသင့်သည်။ သို့သော်လည်း အဓိကဇုန်(အေ) အဆင့် ဝပ်ကျင်းဖြစ်သည့် ဖယ်ရှားခြင်း မြို့မှာ အဖွဲ့ခွဲ (၇) ရှိ (အေ) အဆင့် ဝပ်ကျင်းများလောက်ပင် ဘေးမကင်းကြောင်း မြင်နေရသည်။

"ဒါဆိုရင် ဆရာကြီးက အဖွဲ့ခွဲ (၃) ကို ပထမဦးဆုံး ရောက်ဖူးတာ ဖြစ်လိမ့်မယ်"

စန်ပက ထိုမေးခွန်းကိုကြားလျှင် ပြုံးလိုက်မိသဖြင့်

လင်းဟွမ်က သူ့ကို စိုက်ကြည့်နေသည်။

စန်ပ၏ အပြုံးများသည် တုံခနဲ ရပ်တန့်သွားပြီး ချက်ခြင်း

"တကယ်တော့ အဖွဲ့ခွဲ (၇) ကလာမယ်ဆို အမှတ် (၁) အေ ကနေ အမှတ် (၁၀) အထိ ဝပ်ကျင်းတွေကို ဝင်ခွင့်လက်မှတ် လျှောက်သင့်တယ်။ တစ်ခြား ဝပ်ကျင်းတွေက မလုံခြုံဘူး။ အဲ့ဒါက ငါတို့ ဖယ်ရှားခြင်းမြို့ တစ်ခုတည်း မဟုတ်ဘူးနော်"

"ဘာလို့လဲ"

လင်းဟွမ်သည် စန်ပ၏ အဖြေက ရယ်စရာကောင်းကြောင်း တွေးလိုက်မိသည်။

"အမိကဇုန် အပြင်က လူတော်တော်များများ ဒီအကြောင်း မသိကြတော့ ဆရာကြီး မသိတာ ပုံမှန်ပါပဲ။ အဖွဲ့ခွဲ (၃) ကို အပြင်ဘက်မှာ အမိကဇုန်လို့

နာမည် တပ်ထားပေမယ့် တကယ်တော့ ဖရိုဖရဲ ဖြစ်နေတဲ့နေရာကြီး တစ်ခုပဲ။ ဒီနေရာမှာ မြေအောက်အဖွဲ့အစည်း တော်တော်များများရဲ့ ဌာနချုပ်ရှိတယ်။ တကယ်ဆို ထိပ်တန်း အဖွဲ့အစည်း အပါအဝင် နာမည်ကြီး မြေအောက် အဖွဲ့အစည်းတွေရဲ့ (၈၀) ရာခိုင်နှုန်းရဲ့ ဌာနချုပ်တွေ ဒီမှာရှိတယ်”

လင်းဟွမ်သည် စန်ပ၏စကားကို ကြားလျှင် မမျှော်လင့်ထားသဖြင့် အံ့သြသင့်သွားသည်။

“ဒီကိစ္စကို ပြည်ထောင်စုအစိုးရက မျက်လုံး ပိတ်နေတာလား”

လင်းဟွမ်က မေးလိုက်သည်။

"မဟုတ်ဘူး သူတို့ အတည် ပြုပြီးပြီ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀) လောက်ကတည်းက အဖွဲ့ခွဲ (၃)ကို လက်လွှတ်ဖို့ ပြည်ထောင်စုအစိုးရနဲ့ မြေအောက် အဖွဲ့အစည်းတွေ သဘောတူညီချက် ရခဲ့ပြီးပြီ။ အဖွဲ့ခွဲ (၃)က ပြည်ထောင်စုအစိုးရ အတွက် နာမည်ပဲ သက်ဆိုင်ပြီးတော့ အမှန်တရားက မြေအောက် အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်နေတယ်"

နောက်ဆုံးတွင် လင်းဟွမ်သည် အဖွဲ့ခွဲ (၃)၏ လုံခြုံရေးက ဘာကြောင့် ဤမျှ နိမ့်ကျနေရလဲ ဆိုသည်ကို နားလည်သွားသည်။ စန်ပက ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းနှင့် ပတ်သက်မှုကို

လူသိရှင်ကြား ကြေငြာခဲ့သော်လည်း သူ့ကို မည်သူမျှ ဘာမှမလုပ်ရဲပေ။ အကယ်၍ အဖွဲ့ခွဲ (၇) မှာသာ ဖြစ်ပါက လူတစ်ယောက်က ထိုကဲ့သို့ ပြောလိုက်သည်နှင့် ပြည်ထောင်စုအစိုးရကို တိုင်ကြားကြလိမ့်မည်။

"ဒါဆိုရင် ဒဏ်ငွေကောက်တဲ့ ကျန်းမာရေးဌာနက လူတွေက အတုတွေ မဟုတ်ဘူးပေါ့။ သူတို့က ဝန်ထမ်း အစစ်တွေလား"

လင်းဟွမ်သည် ဝန်ထမ်းများက လူဆိုးဂိုဏ်းတစ်ခုလို ပြုမူနေသဖြင့် အတုအယောင်ဟု ထင်သွားခဲ့သည်။ အဖွဲ့ခွဲ(၇) တွင် သန့်ရှင်းရေးအတွက် ဒဏ်ငွေ ကောက်သည်ကို မမြင်ခဲ့ဖူးပေ။ သို့သော်လည်း

မြေအောက်အဖွဲ့အစည်း နယ်မြေထဲတွင် ထိုကဲ့သို့ ဖြစ်ပွားနိုင်သည်။

"သူတို့ကို တကယ့် ဝန်ထမ်းလို့တော့ သတ်မှတ်လို့ရတယ်။။ ဒါပေမယ့် ပြည်ထောင်စု အစိုးရနဲ့တော့ မသက်ဆိုင်ဘူး"

စန်ပက ပြုံးရင်း ရှင်းပြလိုက်သည်။

"သူတို့က ခရမ်းရောင်ကျိုးကန်း အဖွဲ့အစည်းကလား"

လင်းဟွမ်သည် အစောပိုင်းတွင် စန်ပက ခရမ်းရောင်ကျိုးကန်း အဖွဲ့ဝင် အဖြစ် သရုပ်ဆောင်ခဲ့သည်ကို ခန့်မှန်းလိုက်မိသည်။

"ဟုတ်တယ် ဖယ်ရှားခြင်းမြို့က ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတာ"

စန်ပက အတည်ပြုလိုက်သည်။

"အဖွဲ့ခွဲ (၃) မှာ (အေ) အဆင့်ဝပ်ကျင်း (၃၃) ခု ရှိတယ်။ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက ဖယ်ရှားခြင်းမြို့ကို သိမ်းပိုက် ထားတဲ့အပြင် တခြားဝပ်ကျင်းတွေကိုရော ဘယ်အဖွဲ့အစည်းတွေက သိမ်းပိုက်ထားလဲ"

လင်းဟွမ်သည် မေးပြီးနောက် မြေပုံပါ ထုတ်ယူလိုက်သည်။

"အမှတ် တစ်-အေ ကနေ အမှတ် (၁၀ - အေ) အထိက ပြည်ထောင်စုအစိုးရ အုပ်ချုပ်တယ်။ (၁၁) ကနေ (၁၃) အထိက ဘုရင်မင်းဆက် လက်အောက်မှာ ရှိတယ်။ (၁၄) နဲ့ (၁၅) က ဒိတ္တိတွေ လက်အောက်မှာ ရှိပြီး (၁၆) ၊ (၁၇) က ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း လက်အောက်မှာ ရှိတယ်"

စန်ပက လင်းဟွမ်ကို ပြောလိုက်သည်။

အခြေခံအားဖြင့် ဝပ်ကျင်း (၁၁ - အေ) မှ ဝပ်ကျင်း (၂၇ -အေ) အထိ ထိပ်တန်း မြေအောက်အဖွဲ့အစည်းနှင့် သက်ဆိုင်ပြီး (၂၈ - အေ) မှ (၃၃ - အေ) အထိ အခြားမြေအောက် အဖွဲ့အစည်းများက အုပ်ချုပ်သည်။

ဘုရင်မင်းဆက်အပြင် ကျန်သည့် ထိပ်တန်းမြေအောက်အဖွဲ့အစည်း အားလုံးက အင်အားချင်း တူညီကြသည်။ မြို့ အမှတ်စဉ်များသည် ပြည်ထောင်စုအစိုးရ၏ သတ်မှတ်ချက်အတိုင်း လိုက်နာရပြီး အဖွဲ့အစည်း တစ်ခုခု၏ အာဏာနှင့် မသက်ဆိုင်ပေ။

ဖယ်ရှားခြင်းမြို့သည် နံပါတ် (၃) အေ (၁၇) ဖြစ်ပြီး ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ အုပ်ချုပ်အောက်တွင် တည်ရှိနေသည်။

နောက်ဆုံး၌ လင်းဟွမ်သည် မထွက်ခွာခင် စန်ပကို မေးခွန်းနောက်တစ်ခု မေးလိုက်ပြီးမှ ထွက်သွားခဲ့သည်။

စန်ပနှင့် ကျန်သည့်လူများသည် ထွက်ခွာသွားသော လင်းဟွမ် နောက်ကျောကို ကြည့်ပြီး ရင်ထဲမှ အပူလုံးကြီး ကျသွားသည်။ လင်းဟွမ်က မေးခွန်းများကို ကုန်အောင်မေးပြီးနောက် သတ်ပစ်ခဲ့မည်ကို ကြောက်ရွံ့နေကြခြင်းပင်။

လင်းဟွမ်သည် ထွက်ခွာလာပြီးနောက် လင်းရှီ၏ အင်ပါယာနှလုံးသား လက်စွပ်ကို အသက်သွင်းပြီး ဖယ်ရှားခြင်းမြို့ အလယ်ရှိ ဟိုတယ်တစ်ခုထဲ ဝင်ရောက်သွားသည်။

ဘေးကင်းလုံခြုံမှု အခြေအနေမှာ ကြောက်စရာကောင်းသော်လည်း ဖယ်ရှားခြင်းမြို့သည် အဖွဲ့ခွဲ (၇) ရှိ

(အေ) အဆင့် ဝပ်ကျင်းများထက် များစွာ ပိုစည်ကားသည်။ လူဦးရေမှာ အဖြူရောင် မြို့တော်ထက်ပင် ပို၍ များပြားသေးသည်။

လေသာဆောင်ပေါ်တွင် မတ်တပ်ရပ်နေသော လင်းဟွမ်သည် ပျံသန်းနေသော မွန်းစတားများကို စီးနင်းပြီး ကောင်းကင်ပေါ်တွင် ဖြတ် ပျံနေသော လူများကိုကြည့်ပြီး စိတ်ထဲ လန်းဆန်းသွားသည်။ အဖြူရောင် မြို့တော်တွင် ပျံသန်းသည့် စီးတော်ယာဉ် (မွန်းစတား) များကို အသုံး ပြုကြသော်လည်း ဤနေရာလောက် မများပေ။ သူတို့ထဲမှ အများစု၏ ပျံသန်းနိုင်သော စီးတော်ယာဉ်များမှာ ဇာပြာနဂါးများ

ဖြစ်ပြီး ဒါသည် အနီရောင်၊ အစိမ်းရောင် သို့မဟုတ် အပြာရောင်ရှိသော တိမ်နဂါး အသေးစားများသာ....

လင်းဟွမ်သည် လေသာဆောင်တွင် မတ်တပ်ရပ်နေခဲ့သည်မှာ (၃) မိနစ်ပင် မပြည့်သေးသော်လည်း ပျံသန်းနေသော စီးတော်ယာဉ် အမျိုးအစား (၂၀) ကျော် တွေ့ခဲ့ရသည်။ ကွဲပြားသော တိုက်ခိုက်ရေး အဆင့်မျိုးမျိုးနှင့် အရွယ်အစားမျိုးစုံ တွေ့ခဲ့ရပြီး ဒါသည် ရှုပ်ထွေး၍ အသက်ဝင်လှသော မြင်ကွင်းတစ်ခုပင်။

"အသုံးမကျတဲ့ နဂါး၊ တခြားသူရဲ့ ဖင်ကိုကြည့်ပြီး ရပ်လို့ရမလားဟ။ ဒီနေ့ မနက်စာ မင်းကို ဘာမှ မကျွေးဘူး"

လင်းဟွမ်သည် သူမ၏နဂါးကို အော်ဟစ်နေသော အမျိုးသမီးကိုကြည့်ရင်း ရယ်ချင်စိတ် ပေါက်လာသည်။ အနီရောင် နဂါးကြီးပေါ်တွင် စီးလာသော ခပ်မိုက်မိုက် ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ဦးမှာ အတောင်ပံများ ခတ်နေသော ခပ်ဝဝ နဂါးတစ်ကောင်ကို စီးနှင်းလာသည်။

ထိုနဂါးသည် မျဉ်းဖြောင့်အတိုင်း ပျံသန်းရင်း ဟိုကြည့်၊ ဒီကြည့် လုပ်လာသဖြင့် ထိုနဂါး ပျံသန်းရာ နေရာတစ်လျှောက်ရှိ အဆောက်အဦး အားလုံးကို ဝင်တိုက်ခဲ့သောကြောင့် အားလုံး ပျက်ဆီးသွားသည်။

ထိုနဂါးက လေသာဆောင်ကို ဦးတည်၍ ပျံသန်းလာသဖြင့် လင်းဟွမ်က မျက်မှောင်ကြုတ်သွားသည်။

"ငတုံး နဂါး အခု ရပ်စမ်း။ ဟိုမှာ လူတစ်ယောက် ရှိနေတယ်"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက နဂါးဦးခေါင်းကို တဖြောင်းဖြောင်း မြည်အောင် ရိုက်နေသော်လည်း နဂါးက လုံဝ လျစ်လျူရှုထားကာ ဆူဖြိုးဖြိုး တင်ပါးကိုသာ အာရုံစိုက်နေခဲ့သည်။

တင်ပါးကို ကိုက်ရန် စိတ်ကူးနေပုံပင်။

မကြာခင် လင်းပျှမ်း မတ်တပ်ရပ်နေသော လေသာဆောင်ရှေ့မှ နဂါးက ဖြတ်ပျံသွားသည်။

ထိုနဂါးအတွက် လင်းပျှမ်းနှင့် လေသာဆောင်မှာ အတားအဆီးတစ်ခု ဖြစ်လာခဲ့သည်။

"မဟုတ်ဘူး....."

နဂါးက လင်းပျှမ်းကို ဝင်တိုက်တော့မည့်အချိန်၌ ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက မျက်လုံးစုံမှိတ်ပြီး အော်ဟစ်လိုက်သည်။

သို့သော်လည်း ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် ပြင်းထန်သော စွမ်းအားတစ်ခု သက်ရောက်လာကြောင်း ခံစားရပြီး နဂါးကို ရှေ့ဆက်မတိုးနိုင်အောင်

တွန်းထားသည်။ သူမသည် နဂါး ကျောပေါ်မှ ပြုတ်ကျမလို ဖြစ်သွားသဖြင့် မျက်လုံး ဖွင့်ကြည့်လိုက်ရာ မိုန်ဖျော့ဖျော့ ဒိုင်းတစ်ခုကို တွေ့လိုက်ရသည်။

ထိုအပြင် နဂါးကြီး၏ ရှေ့တွင် လူငယ်လေးတစ်ယောက်က ဒဏ်ရာ မရဘဲ မားမားမတ်မတ် မတ်တပ်ရပ်နေသည်။

ထိုအချိန်တွင် သူမ၏နဂါးသည် အရှိန်တန့်ပြီး မြေပေါ်သို့ ပြုတ်ကျသွားခဲ့ပြီ။ မြေပေါ်သို့ ပြုတ်ကျသည်နှင့် သူမက ထိုင်ခုံမှခုန်ထွက်ပြီး လင်းဟွမ်၏ လေသာဆောင်ပေါ် ဆင်းသက်လိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ကံကောင်းလို့... ကံကောင်းလို့.... မင်း တားခဲ့လို့ပေါ့"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် သူမ၏နဂါးက သတိလစ်သွားပြီ ဖြစ်ကြောင်း သိလိုက်သည်။ သို့သော်လည်း လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့်ကို သတိထားမိသောအခါ လင်းဟွမ်အကြောင်းကို ပိုသိချင်လာသည်။

သူမ၏နဂါးက ရွှေရောင် မီးလျှံအဆင့်တွင် ရှိနေပြီး သူ့ရှေ့က လူလေးပျိုလေးက ကြက်သွေးရောင် မီးလျှံအဆင့်သာ ရှိသေးသော်လည်း သူမ၏နဂါးကို တားဆီးနိုင်ခဲ့သောကြောင့်ပင်။

သူမ မည်သည့်စကားမျှ မပြောရသေးခင် သူမနောက်ကို လိုက်လာသော လူအုပ်ကြီးတစ်အုပ် ရောက်လာပြီး နဂါးဖျက်ဆီးခဲ့သော ပစ္စည်းများအတွက် လျော်ကြေးများ တောင်းနေကြသည်။

“ တောင်းပန်ပါတယ်။ ငါ ပေးပါမယ်”

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက ဦးညွတ်ပြီး လူတိုင်းကို စိတ်ရင်းနှင့် တောင်းပန် လိုက်သည်။ ထို့နောက် လင်းဟွမ်ကို လှည့်ကြည့်ပြီး

“တောင်းပန်ပါတယ်။ ငါ့ လျော်ကြေးကိစ္စ ရှင်းပြီးမှ ထပ်ပြီး ကျေးဇူးတင်ပါ့မယ်”

“မလိုပါဘူး ဒါက ကိစ္စ အသေးအဖွဲ့လေးပါ”

လင်းဟွမ်က  ခေါင်းခါလိုက်သည်။

"မရဘူး မနက်ဖြန် မနက် ပြန်လာပြီး ထမင်းကျွေးမယ်"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် လင်းဟွမ် ပြန်ပြောသည်ကို မစောင့်ဘဲ ခုန်ဆင်းသွားပြီး နစ်နာသူများနှင့်အတူ ထွက်ခွာသွားခဲ့သည်။

"ဒါဆို  သူမကလည်း ထိန်းချုပ်သူ တစ်ယောက်ပေါ့"

လင်းဟွမ်သည် သူမက နဂါးအား ပြန်သိမ်းလိုက်သည်ကို တွေ့လျှင် မျက်ခုံးပင့်သွားသည်။

## အခန်း(၆၂) - နေရာတကာမှ ထွက်ပေါ်လာသော နှောင့်ယှက်သူကြီး။

လင်းဟွမ်သည် နေ့လယ်စာ စားပြီးနောက် မှောင်ခိုဈေးကွက်ကို သွားရန် ပြင်ဆင်နေသည်။

စန်ပထံမှ သတင်း အချက်အလက်များကို အခမဲ့ ရယူခဲ့သော်လည်း ရရှိခဲ့သော သတင်းများမှာ အချက်အလက် အချို့သာ ဖြစ်သဖြင့် မှောင်ခိုဈေးကွက်ထဲသွား၍ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင် ပေါ်လာနိုင်သည့် နေရာ၊ မွန်းစတား အမျိုးအစားများနှင့် တိုက်ခိုက်ရေးအဆင့်များ

အပါအဝင် သတင်း အချက်အလက် အချို့ကို မှောင်ခိုဈေးကွက်ထဲမှ ဝယ်ယူရအုံးမည်။

အဖွဲ့ခွဲ (၃) ကို ထွက်လာရန် ရွေးချယ်ခဲ့သည့် အဓိက အကြောင်းအရင်းမှာ အဆင့်တက်ရန် သင့်တော်သည့် မီးစာမွန်းစတားကို ရှာဖွေရန်ပင် ။ မစ္စတာဖူး တိုက်ခိုက်ခံရပြီးနောက် သူ၏ဆုံးဖြတ်ချက်မှာ ပို၍ပင် ခိုင်မာလာခဲ့သည်။

လင်းဟွမ်သည် အပြင်ထွက်ခါနီး၌ သူ့နောက်မှ လိုက်လာသော လူတစ်ယောက်ကို သတိထားလိုက်မိသည်။ ထိုလူမှာ တစ်ထပ်တည်းရှိ

လသာဆောင်တွင် အချိန် အတော်ကြာအောင် ငြိမ်သက်၍ ပုန်းအောင်း နေပုံပင်,,,,

လင်းဟွမ်သည် လေသာဆောင် ဘက်ကို လှမ်းကြည့်ရင်း မျက်မှောင် ကြုတ်လိုက်သည်။ သူခိုးလား၊ တခြားသူလား ဆိုသည်ကို မသိရပေ။ ခဏအကြာ ထိုလူသည် လင်းဟွမ် တည်းခိုနေသော အခန်း၏ လေသာဆောင်သို့ ရောက်လာသည်။ တိုက်ခိုက်ရန် အနီးကပ် ကြည့်လိုက်ရာ မနက်က သူမြင်ခဲ့သော ဆံပင်ရွှေရောင်နှင့် အမျိုးသမီး ဖြစ်နေကြောင်း သိလိုက်ရသည်။

ထိုအမျိုးသမီးသည် လေသာဆောင်က တံခါး အနောက်တွင် ပုန်းနေသည်။ လင်းဟွမ်ကို ရုတ်တရက် တွေ့လိုက်လျှင် သူမ အံ့အားသင့်သွားသော်လည်း မကြာခင် ဝမ်းသာအားရ လက် ဝှေ့ယမ်းလိုက်ပြီး

"ငါ ပြန်ရောက်လာပြီ"

လင်းဟွမ်က ခေါင်းခါပြီး သူမအတွက် တံခါး ဖွင့်ပေးလိုက်သည်။

"အရှေ့တံခါး သုံးလို့ မရဘူးလား"

"ငါလည်း လုပ်ချင်ပါတယ်။ ဒါပေမဲ့ မင်းနာမည်နဲ့ မင်းအခန်း နံပါတ်ကို ငါမသိဘူး၊ ဒါကြောင့် မှတ်မိသလို လိုက်ရှာကြည့်နေတာ။ တောက်စ်....ဒီဟိုတယ်ကလည်း

လေသာဆောင် အားလုံး လာတူနေတယ်။ ဘယ်အခန်းလဲဆိုတာ မေ့သွားလို့ မနည်း လိုက်ရှာနေရတယ် ။ ကံကောင်းလို့ပေါ့"

လင်းဟွမ်သည် အမျိုးသမီး၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် ဘာကြောင့် သူမက လေသာဆောင် တစ်ခုချင်းစီ လျှောက်သွားနေရလဲ ဆိုသည်ကို နားလည်သွားသည်။

"ကျေးဇူးပြုပြီး ဝင်ခဲ့ပါ"

လင်းဟွမ်က အမျိုးသမီးကို သူ့အခန်းထဲ ဖိတ်ခေါ်လိုက်သည်။

"အိုး၊ ဘာမှလည်း မထူးခြားဘူး၊ ငါနေတဲ့ အခန်းကမှ ပိုဇိမ်ကျသေးတယ်။"

ထိုအမျိုးသမီးက အခန်းထဲ ဝင်လာသည်နှင့် လှည့်ပတ်ကြည့်ရင်း မှတ်ချက်ပေးလိုက်သည်။

"မဆိုးပါဘူး"

လင်းဟွမ်က စကား မပြောချင်သဖြင့် ခပ်ရိုးရိုးသာ ပြန်ဖြေလိုက်သည်။

"မနက်ဖြန်မှ ပြန်လာမယ်လို့ ပြောခဲ့တာ မဟုတ်ဘူးလား"

"ပျင်းလို့ အခု ပြန်လာတာ"

အမျိုးသမီးက လင်းဟွမ်ကို စိုက်ကြည့်လိုက်ပြီး

"ဘာလဲ ဒီလိုလုပ်လို့ မရဘူးလား"

"နေ့လည်ကျရင် လုပ်စရာ ရှိသေးတယ်"

လင်းဟွမ်သည် သူမမေးခွန်းကို ဖြေချင်စိတ် မရှိပေ။

"နေ့လည်စာ အတူတူ သွားစားရအောင်၊ ငါ ဒကာခံမယ်"

အမျိုးသမီးက အကြံပြုလာသဖြင့်

"နေ့လည်စာ စားပြီးပြီ။"

လင်းဟွမ်သည် အမှိုက်ပုံးထဲမှ ထမင်းဘူးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ နေ့လည်စာ

စားချိန်တွင် ဟိုတယ် စားသောက်ဆိုင်မှ မှာခဲ့ခြင်းပင် ။ အပြင် မထွက်ချင်သဖြင့် အခန်းထဲမှာသာ နေ့လည်စာ စားခဲ့သည်။

အမျိုးသမီးသည် လင်းဟွမ်က အားနာ၍ ပြောနေသည်ဟု ထင်ခဲ့သော်လည်း ထမင်းဘူးအခွံကို တွေ့သောအခါ လင်းဟွမ်က အမှန်အတိုင်း ပြောနေကြောင်း သိလိုက်ကာ

"ထမင်းဘူးလား။ ငါ မင်းကို ပိုကောင်းတဲ့ ထမင်း ကျွေးမယ်"

အမျိုးသမီးက လင်းဟွမ်ကို ဆင်းရဲသည်ဟု ကောက်ချက်ချလိုက်ကာ လင်းဟွမ်ကို လေးနက်စွာ

ကြည့်နေခဲ့သည်။ ဒါသည် လင်းဟွမ် တည်းခိုနေသော အခန်းအပြင် လင်းဟွမ် စားခဲ့သော အစားအစာများကို ကြည့်၍ ကောက်ချက်ချခဲ့ခြင်းပင် ။

"ရပါတယ်။ မင်းက စိတ်ရင်းကောင်းတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ငါ့မှာ တကယ်ပဲ လုပ်စရာတစ်ခု ရှိနေတယ်"

လင်းဟွမ်က တံခါးဖွင့်လိုက်ပြီး သူမကို ထွက်သွားစေချင်ကြောင်း အမူအရာ ပြလိုက်သည်။

"မင်း ဘယ်သွားမလို့လဲ။ ငါလည်း နေ့လည်ကျရင် ဘာမှလုပ်စရာဘူး။ အားနေမယ့်အတူတူ လိုက်ခဲ့မယ်လေ။"

ဆံပင်ရွှေရောင်နှင့် အမျိုးသမီးမှာ တော်တော် အဆင်အခြင်မဲ့ပြီး လင်းဟွမ်က လူကုန်ကူးသူ တစ်ယောက် ဖြစ်နေမည်ကို မကြောက်ပေ။

လင်းဟွမ်သည် လူမှုဆက်ဆံရေး ညံ့ဖျင်းသော သူမကိုကြည့်ပြီး ချမ်းသာသော မိသားစုနောက်ခံမှ ဆင်းသက်လာခြင်း ဖြစ်ရမည်ဟု တွေးလိုက်မိသည်။

"ငါ မှောင်ခိုဈေးကွက်ထဲ သွားမလို့။ မင်းလို မိန်းမတစ်ယောက် သွားသင့်တဲ့နေရာမျိုး မဟုတ်ဘူး"

မှောင်ခိုဈေးကွက်ထဲ သွားသော လူများမှာ အများအားဖြင့် မြေအောက် အဖွဲ့အစည်းများမှ လူများ ဖြစ်ကြသည်။ လင်းဟွမ်သည် ဤကဲ့သို့ ပြောလိုက်ပါက

ဒီမိန်းမက ကြောက်သွား လိမ့်မည်ဟု ထင်ထားခဲ့သော်လည်း သူမက မထင်မှတ်ထားသော တုံ့ပြန်မှုကို တုန့်ပြန်လာခဲ့သည်။

"အိုး... မှောင်ခိုဈေးကွက်လား၊ ငါ တစ်ခါမှ မရောက်ဖူးဘူး။ အဖေနဲ့ အစ်မကလည်း လိုက်ခွင့် မပေးဘူး။ တစ်ယောက်တည်း သွားရှာတော့လည်း ရှာမတွေ့ဘူး ဖြစ်နေတာနဲ့ အတော်ပဲ။ မှောင်ခို ဈေးကွက်ထဲမှာ ပစ္စည်းကောင်းတွေ အများကြီး ရှိတယ်လို့ ငါ ကြားဖူးတယ်။ အဲဒီနေရာကို အမြဲတမ်း သွားချင်နေခဲ့တာ။ မင်းသွားမယ်ဆို ငါလည်း လိုက်ခဲ့မယ်"

ဆံပင်ရွှေရောင်နှင့် အမျိုးသမီးက လင်းဟွမ်ကို အသနားခံသော မျက်လုံးများနှင့် လှမ်းကြည့်နေသည်။

"မှောင်ခိုဈေးကွက်ထဲမှာ အချိန်ယူပြီး လုပ်ရမဲ့အလုပ် ရှိသေးတယ် ။ မင်းကို ခေါ်သွားဖို့ အဆင်မပြေဘူး"

လင်းဟွမ်က ချက်ချင်း ငြင်းလိုက်သည်။ ဤမိန်းမက လူလိမ် စန်ပထက်ပင် ပို၍ ကိုင်တွယ်ရ ခက်သည်ဟု ထင်လာသည်။

"မင်းလုပ်ရမှာက ငါ့ကို မှောင်ခိုဈေးကွက်ထဲ ခေါ်သွားရုံပဲ။ ဘာမှ စိတ်အနှောက်အယှက် မဖြစ်စေရဘူး။ ကိုယ့်ဘာသာကိုယ် လှည့်ပတ်ကြည့်မယ်။

ညစာ စားတဲ့အချိန်ကျမှ တံခါးအဝမှာ ပြန်ဆုံကြပြီးတော့ မင်းကို နေရာကောင်းတစ်ခု လိုက်ပို့ပေးမယ်လေ “

သူမသည် လင်းဟွမ်က တော်တော်လေး မျက်မှောင်ကြုတ်နေသည်ကို သတိထားလိုက်မိလျှင်

"နင့်ကျေးဇူးကို ကျေအောင် ပြန် မဆပ်ရမချင်း နေ့တိုင်း ငါ လိုက်နေမှာပဲ"

"ဒီမနက် ငါလုပ်ခဲ့တာက အသေးအမွှား ကိစ္စလေးပဲ။ မင်း ဒီလောက် အလေးအနက် ထားနေစရာမလိုဘူး။”

လင်းဟွမ်သည် ဒီမိန်းမက ဤမျှ ခေါင်းမာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ဒါက မင်းအတွက်တော့ အသေးအမွှားလေး တစ်ခုပဲ၊ ဒါပေမယ့် ငါ့အတွက်တော့ မဟုတ်ဘူး"

သူမက

ခပ်တည်တည် ပြန်ပြောလာသည်။

"ဒီမနက်မှာ မင်းသာမလုပ်ခဲ့ရင် ငါ့ရဲ့ငတုံးနဂါးက ဒီထက်မက ပစ္စည်းတွေ ဖျက်ဆီးလိုက်လို့ ငါ လျော်ကြေးတွေ ပိုပေးနေရလိမ့်မယ်။ နောက်ပြီးတော့ ငါ့ရဲ့ငတုံးနဂါး လုပ်ရပ်နဲ့ဆို လူတောင်သတ်နိုင်တယ်။ အဲဒါဆို ငါ့အဖေက ငါ့ကို သေချာပေါက် မုန်းလိမ့်မယ်။

နောက်ပြီးတော့ ဖေဖေက ကူညီခဲ့တဲ့သူတွေကို ပြန်သိတတ်ဖို့ သင်ပေးထားတယ်”

“မင်းက ငါ့ကို အများကြီး ကူညီပေးထားတယ်လေ၊ ဒါကြောင့် မင်းကို ငါ့နှလုံးသားထဲနေ အကြွင်းမဲ့ ကျေးဇူးတင်နေတယ်။ မင်းသာ လက်မခံဘူးဆိုရင် ဒီကြွေးမြီးတွေက ငါ့နှလုံးသားထဲမှာ ထာဝရ ရှိနေလိမ့်မယ်"

လင်းဟွမ်သည် ဓာတ်လမ်း ရှည်ကြီးကို နားထောင်ပြီးနောက် မည်ကဲ့သို့ပြန်လည် ချေပရမည်ကို မသိသလို ဤအမျိုးသမီး၏ ခေါင်းမာလွန်းသော

စရိုက်ကြောင့် အလွယ်တကူ လက်မလျှော့နိုင်ကြောင်း စဉ်းစားသဖြင့် နောက်ဆုံးတွင် ခေါင်းညိတ်လိုက်ရသည်။

"ကောင်းပြီလေ။ ငါမင်းကို မှောင်ခိုဈေးကွက်ထဲ ခေါ်သွားပေးမယ်။ ဒါပေမယ့် ငါ့စကားတော့ နားထောင်ရမယ်။ ဟိုဟိုဒီဒီ လျှောက်မသွားနဲ့။ ငါ့အလုပ်ကိစ္စ လုပ်နေတဲ့အချိန်မှာ ငါ့ကိုစောင့်နေ။ ပြီးမှ မင်းကိုလိုက်ပြပေးမယ်။ ညစာ စားပြီးရင်တော့ အရာအားလုံး ပြီးပြီ။ မင်းလည်း မင်းအိမ်မင်းပြန်၊ ငါလည်း ငါ့လမ်း ငါသွားမယ်၊ ငါ့တို့တွေ တစ်ခါမှ မသိခဲ့သလိုမျိုး မင်းကလည်း ငါ့ကို မသိသလို နေရမယ်"

ဤအမျိုးသမီးမှာ နုံအ ပုံရသော်လည်း မစ္စတာဖူးကြောင့် သူ့အနားသို့ ရောက်လာသည့် လူတိုင်းအား သတိထားနေခဲ့သည်။ သူ၏ ရုပ်ဖျက် စွမ်းရည်သည် အများအားဖြင့် အင်ပါယာ အဆင့်အောက်ရှိ လူများအတွက် အလုပ် ဖြစ်လေ့ ရှိသော်လည်း ထူးထူးခြားခြား စွမ်းရည်များရှိသည့် လူများအတွက်မူ ရုပ်ဖျက်ထားသော်လည်း မြင်တွေ့နိုင်ဆဲပင် ။

"နားလည်ပြီ"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် လင်းဟွမ်၏ အတည်ပြုချက်ကို ကြားပြီးနောက် စိတ်လှုပ်ရှားစွာ ခေါင်းညိတ်လိုက်သည်။

"အိုး... ငါ့ကိုယ်ငါ မိတ်ဆက်ဖို့ မေ့သွားတယ်။ ငါ့နာမည်က ယောင်ဟွမ်ဟွမ်"

သူမက လက်ဆွဲနှုတ်ဆက်ရန် လက်ကို ဆန့်ထုတ်လိုက်သည်။

လင်းဟွမ်သည် ဤအမျိုးသမီးက သူ့စကားကို အာရုံမစိုက်ကြောင်း သဘော ပေါက်သွားသည်။ တစ်ယောက်နှင့်တစ်ယောက် မသိချင်ယောင် ဆောင်ရန် ပြောခဲ့သော်လည်း ယခုမူ သူမက မိတ်ဆက်ရန်ပင်

လုပ်နေသဖြင့် သူ့စကားက လေထဲ ပျောက်ကွယ်သွားသည်။

"ဝူမင်"

လင်းဟွမ်ကလည်း လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"မင်းနာမည်က ဘယ်လိုကြီးလဲ။ နားထောင်ရတာ နာမည်နဲ့ မတူသလိုပဲ။ ဘာ 'မင်' လဲ၊ ကွမ်မင် လား။ မင်းကို ရှောင်မင်လို့ ခေါ်ရမလား"

လင်းဟွမ်က သူမ မေးခွန်းများကို လျစ်လျူရှုပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

"တံခါးပိတ်ခဲ့"

လင်းဟွမ်သည် နောက်တွင် ကျန်ရစ်ခဲ့သော ယောင်ဟွမ်ဟွမ်ကို ပြောလိုက်သည်။

## အခန်း(၆၂၃) - သတ်ဖြတ်ခြင်း။

လင်းဟွမ်သည် စန်ပထံမှ မှောင်ခိုဈေးကွက်တည်နေရာကို သိရှိခဲ့သည်။ မှောင်ခိုဈေးကွက်မှာ ဖယ်ရှားခြင်းမြို့ အရှေ့တောင်ဘက်ရှိ လူစည်ကားသောလမ်းအနီးတွင် တည်ရှိသည်။

မိုးကြိုးကို ဆင့်ခေါ်ပြီး ဟိုတယ် လေသာဆောင်မှ ခုန်ချကာ မိုးကြိုး၏ကျောပေါ်တွင် စီးနင်းလိုက်သည်။

ယောင်ဟွမ်ဟွမ်သည် လင်းဟွမ်က ပျံသန်းနိုင်သော စီးတော်ယာဉ် မွန်းစတားအား ဆင့်ခေါ်လိုက်သည်ကို တွေ့လျှင် အံ့အားသင့်သွားကာ

"မင်းလည်း ထိန်းချုပ်သူ တစ်ယောက်ပဲလား"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ မနက်ခင်းတွင် ယောင်ဟွမ်ဟွမ်ကို ပထမဦးဆုံးအကြိမ် တွေ့လိုက်သည့် အချိန်ကတည်းက သူမက ထိန်းချုပ်သူတစ်ယောက် ဖြစ်ကြောင်း သူသိထားသည်။

"တိုက်ဆိုင်လိုက်တာ။ ငါလည်း ထိန်းချုပ်သူပဲ"

ယောင်ဟွမ်ဟွမ်သည် ယခုအချိန်၌ သူတို့နှစ်ယောက်တွင် တူညီသော အရာရှိသဖြင့် ပို၍ နီးစပ်လာသည်ဟု ထင်နေပုံရသည်။

ထို့နောက် သူမက ပျံသန်းနိုင်သော စီးတော်ယာဉ် မွန်းစတား တီတီတူးငှက်ကို ဆင့်ခေါ်လိုက်သည်။ သူမ၏ နဂါးက ထပ်မံဖျက်ဆီးမည်ကို စိုးရိမ်သောကြောင့် မဆင့်ခေါ်တော့ပေ။ သူမ၏ စီးတော်ယာဉ် မွန်းစတားမှာ ရွှေရောင်မီးလျှံအဆင့် သန္ဓေနှစ်ကြိမ်ပြောင်း တီတီတူး ငှက်ပင်။ ဆင့်ခေါ်လိုက်သည်နှင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သဖြင့် လူအများ၏အာရုံကို ဆွဲဆောင်

သွားသည်။ အမွေးများက အရောင်အသွေး စုံလင်လှသော်လည်း နူးညံ့သိမ်မွေ့ခြင်း မရှိပေ။

တီတီတူး ငှက်သည် လူအများက ၎င်းအား ကြည့်နေသည်ကို ဂုဏ်ယူနေပုံပင် ။ နောက်တစ်ကြိမ် အော်ဟစ်ရန် လုပ်လိုက်စဉ် မိုးကြိုးသိမ်းငှက်က သူ့ကို အဝေးမှ စိုက်ကြည့်နေကြောင်း သတိထားမိသွားသဖြင့် ဆူညံသံများ ပြုလုပ်နေခြင်းကို ချက်ခြင်း ရပ်တန့်လိုက်ပြီး ခပ်လှမ်းလှမ်းသို့ ပျံထွက်သွားသည်။

တီတီတူးငှက်မှာ ငြိမ့်ညောင်း သာယာသော အသံနှင့် အိမ်မွေးမွန်းစတား ဖြစ်ပြီး ရက်စက်ကြမ်းကြုတ်သော

သားရဲဖြစ်သည့် မိုးကြိုးသိမ်းငှက်နှင့် မတူပေ။ သူတို့နှစ်ကောင်လုံးမှာ တိုက်ခိုက်ရေးအဆင့် တူညီကြသော်လည်း အစာကွင်းဆက်အရ မိုးကြိုးသိမ်းငှက်သည် တီတီတူးငှက်ထက် များစွာ မြင့်မားသည်။ ယခုမူ တီတီတူးငှက်က ရွှေရောင်မီးလျှံအဆင့်သာ ရှိနေပြီး မိုးကြိုးသိမ်းငှက်က အင်မော်တယ်အဆင့် (၁) တွင် ရှိနေသောကြောင့် အသံပင်ပင် ရဲရဲ မထွက်ရဲတော့ချေ။

" ရှောင်ဟုန် ဘာလို့ ဒီလောက် ကြောက်နေတာလဲ"

ယောင်ဟွမ်ဟွမ်သည် သူမ၏ အိမ်မွေးမွန်းစတားက အမူအကျင့် ပြောင်းလဲသွားကြောင်း သတိ

ထားလိုက်မိသဖြင့် ပြုံးလိုက်ကာ တီတီတူးငှက်၏ အမွေးများကို ပွတ်သပ်ပေးလိုက်သည်။

တီတီငှက်က စိတ်ကောက်သည့် ပုံစံဖြင့် ယောင်ဟွမ်ဟွမ်အား မကြည့်ဘဲ ခေါင်း တစ်ဖက် စောင်းထားသည်။

"သွားကြစို့...."

လင်းဟွမ်က မိုးကြိုး၏ကျောကို ပုတ်လိုက်ရာ မိုးကြိုးက လေထဲ ပျံသန်းသွားသည်။

ယောင်ဟွမ်ဟွမ်ကလည်း တီတီတူးငှက်ကို စီးပြီး နောက်မှ လိုက်ပါသွားသည်။

လင်းဟွမ်သည် မိုးကြိုးသိမ်းငှက်ကို စီးနေစဉ် အစောပိုင်းက အလုပ်ရှုပ်လွန်းသဖြင့် သူ၏ ဤအဖော်ဟောင်းကို နောက်တစ်ကြိမ် အရောင်တင်ပေးရန် လိုအပ်နေပြီ ဖြစ်ကြောင်း တွေးလိုက်မိသည်။

မိုးကြိုးကို သန္ဓေ သုံးကြိမ်ပြောင်းရန် အဆင့်မြှင့်တင်ရေးကတ်ကို အသုံးပြုဖို့ စီစဉ်ထားခဲ့ပြီး၊ ပြန်လည်မွေးဖွားခြင်းကတ် နှင့် သွေးမျိုးဆက် သိပ်သည်းခြင်းကတ်ကို အသုံးပြုခဲ့သည်။ အားလုံး အသုံးပြုပြီးသောအခါ မိုးကြိုးသည် စွမ်းရည် ပြောင်းလဲမှုကို ဖြတ်သန်းရမည်။

သူ့ထံတွင် အဆင့်မြှင့်တင်ရေး ကတ်၊ ပြန်လည်မွေးဖွားခြင်းကတ်၊ သွေးမျိုးဆက် သိပ်သည်းခြင်းကတ်များကို အစောပိုင်းက အသုံးပြုရန်အတွက် ဖယ်ထားခဲ့သော်လည်း ယခုမူ သူ့တွင် ကံစမ်းမဲကတ် (၃၄၀) ကျော် ရှိနေသေးသည်။ ရက်အနည်းငယ် အတွင်း အပြာရောင်မီးလျှံအဆင့်ကို အဆင့် တက်ပြီးနောက် ကံစမ်းမဲကတ်များ ထပ်မံ ရရှိအုံးမည်။

ဖယ်ရှားခြင်းမြို့သည် စတုရန်း ကီလိုမီတာ (၁၅) သန်းခန့်ရှိပြီး အရွယ်အစားမှာ အဖြူရောင်မြို့တော်နှင့် တူညီလု နီးပါးပင် ။ ကမ္ဘာပေါ်တွင်ဆိုပါက ရုရှားနိုင်ငံ အရွယ်အစားနီးပါး ရှိသည်။

မှောင်ခိုဈေးကွက်သည် ဟိုတယ်၏ အရှေ့တောင်ဘက် ကီလိုမီတာ (၂,၅၀၀) အကွာတွင် တည်ရှိပြီး ရောက်ရှိရန် မိနစ် (၄၀) ကျော် အချိန်ယူခဲ့ရသည်။

မိုးကြိုးသည် လင်းဟွမ်၏အမိန့်အတိုင်း လိုက်နာပြီး မိုးမျှော်တိုက်၏ ထိပ်ပေါ်တွင် ဆင်းသက် လိုက်သဖြင့် တီတီတူး ၄က်ကလည်း နောက်မှ လိုက်ပါလာသည်။ ထို့နောက် လင်းဟွမ်သည် မိုးကြိုး၏ အတောင်ပံများကို ပွတ်သပ်ပေးလိုက်ပြီး ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။

"မင်းရဲ့ အိမ်မွေး မွန်းစတားလေးက အရမ်း တော်တာပဲ"

ယောင်ဟွမ်ဟွမ်က အားကျစွာ မှတ်ချက်ပေးလိုက်သည်။ ထို့နောက် သူမငှက်ကို ဂျယ်လီစေ့ကျွေးပြီး ဝမ်းနည်းကြေကွဲစွာ ပြန်သိမ်းလိုက်သည်။

လင်းဟွမ်သည် ထိန်းချုပ်သူနှင့် အိမ်မွေးမွန်းစတားကြားက ဆက်ဆံရေးကို ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သဖြင့် စိတ်ဝင်စားစွာ စောင့်ကြည့်နေခဲ့သည်။ သူ၏ မွန်းစတားကတ် အားလုံးသည် အစာစားရန် မလိုအပ်သော်လည်း ပုံမှန်အိမ်မွေး မွန်းစတားများမှာမူ မွန်းစတားကတ်နှင့် မတူဘဲ အစာကျွေးရန် လိုအပ်သည်။ သူ၏ မွန်းစတားများတွင် ကိုယ်ပိုင်

စရိုက်လက္ခဏာများ ရှိသော်လည်း တီတီတူးငှက်ကဲ့သို့ ဝုန်းဒိုင်းကြဲခြင်း မရှိပေ။ အခြေခံအားဖြင့် လင်းဟွမ်၏ ပြောစကားကို လိုက်နာကြသည်။

ထိုကြောင့် လင်းဟွမ်သည် သူက အရည်အချင်း ပြည့်မီသော ထိန်းချုပ်သူတစ်ယောက် မဟုတ်ကြောင်း တွေးလိုက်မိသည်။

ယောင်ဟွမ်ဟွမ်သည် ရုံဖန်ရုံခါ သူမ အိမ်မွေး မွန်းစတားများ၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသဖြင့် တမူထူးခြားသော ထိန်းချုပ်သူ မဟုတ်စေကာမူ လင်းဟွမ်ထက်များစွာ အရည်အချင်း ပြည့်မီသည်။

"သွားကြစို့။"

လင်းဟွမ်က ယောင်ဟွမ်ဟွမ်ကို တစ်ချက်ကြည့်ပြီးနောက် အောက်ဘက်ရှိလမ်းကို ငုံ့ကြည့်လိုက်သည်။

"ဒါက လူရှုပ်နေတဲ့ လမ်းကို ရောက်လာတာလား။ အရမ်း စည်ကားတာပဲ"

ယောင်ဟွမ်ဟွမ်သည် တီတီတူးငှက်ကို ပြန်သိမ်းပြီးနောက် လင်းဟွမ်ငုံ့ ကြည့်နေသော နေရာကို လှေ့လာလိုက်သည်။ သို့သော်လည်း သူမက မှောင်ခိုဈေးကွက် ဘေးရှိ လူရှုပ်နေသော လမ်းများကို ကြည့်နေခြင်းပင်။

"ငါ့နောက်က လိုက်ခဲ့"

လင်းဟွမ်သည် မြေပေါ် ခုန်ဆင်းလိုက်ရာ လှပစွာ ကျဆင်းသွားသည်။

ယောင်ဟွမ်ဟွမ်ကလည်း အဆောက်အဦး အစွန်းမှ အော်ဟစ်၍ ခုန်ချသွားသည်။

ခဏအကြာ သူတို့နှစ်ယောက်လုံးသည် မတူညီသောနေရာတွင် ဆင်းသက်လိုက်သည်။ လင်းဟွမ်က ဆယ်မီတာအကွာတွင် ရှိသော မှောင်ခိုဈေးထဲ ဝင်သွားပြီး ယောင်ဟွမ်ဟွမ်က စိတ်လှုပ်ရှားစွာ နောက်မှ လိုက်ပါသွားသည်။

သို့သော်လည်း ယောင်ဟွမ်ဟွမ်သည် ဝင်ပေါက်နှင့် မီတာ (၂၀) အကွာကို ရောက်သောအခါ လူရှုပ်နေသော လမ်းကိုကြည့်ရင်း စိတ်ပျက်သွားသည်။

"အိုး ဒီလမ်း မဟုတ်ဘူး မဟုတ်လား"

"ငါ့နောက်က လိုက်ခဲ့ လျှောက်သွားမနေနဲ့။ လူကုန်ကူးသူတွေက မင်းကိုခေါ်သွားရင် ငါ့ပြဿနာ မဟုတ်ဘူးနော်"

လင်းဟွမ်က သူမကို သတိပေးပြီးနောက် လမ်းကြားထဲမှ လမ်းတစ်လမ်းထဲ လျှောက်ဝင် သွားသည်။

"ဘာ လူကုန်ကူးသူလဲ။ မင်းက ငါ့ကို သုံးနှစ်ကလေးလို့ ထင်နေတာလား"

ယောင်ဟွမ်ဟွမ်က တခစ်ခစ် ရယ်မောရင်း ပြောလိုက်သည်။

လင်းဟွမ်သည် နံ့အ၍ အပြစ်ကင်းစင်နေပြီး တခစ်ခစ် ရယ်မောနေသော ယောင်ဟွမ်ဟွမ်ကို စိုက်ကြည့် လိုက်သည်။

"အမ်.....လူကုန်ကူးသူတွေ တကယ် ရှိတာလား"

လင်းဟွမ်၏ လေးနက်သော အမူအရာကို သတိထားမိလျှင် ယောင်ဟွမ်ဟွမ် အံ့အားသင့်သွားသည်။

"ရှိတယ်။ ဒါက မှောင်ခိုဈေးကွက်ပဲ။ ဒီမှာရှိတဲ့ ဆိုင်တိုင်းက လူမှောင်ခိုကူးတဲ့ လုပ်ငန်းတွေ လုပ်နိုင်တယ်"

လင်းဟွမ်က အမှန်တရားကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"ဟွန့်၊ ငါ့ကိုထိရဲရင် ထိကြည့်စမ်းပါ။ ငါ့ရဲ့တံုးနဂါးနဲ့ ကိုက်ခိုင်းလိုက်မှာပေါ့"

ယောင်ဟွမ်ဟွမ်က ဂရုမစိုက်ဘဲ ကြိမ်းဝါး ပြောဆိုနေသည်။

"မင်းရဲ့ နဂါးကို မလွှတ်နဲ့ ဒီလိုမှမဟုတ်ရင် မင်းနောက်လိုက်လာတဲ့လူတွေ ပိုများ လာလိမ့်မယ်။

ဒီမှောင်ခိုဈေးကွက်ထဲမှာ အင်မော်တယ် အဆင့်နဲ့ အင်ပါယာအဆင့် လူတွေတောင် ရှိနိုင်တယ်။ သူတို့အတွက် မင်းရဲ့မွန်းစတားက တန်ဖိုးမဖြတ်နိုင်ဘူး။ မင်းရဲ့ချမ်းသာမှုကို ဒီမှာ ထုတ်ပြလို့ကတော့ မင်းပဲ ဒုက္ခရောက်လိမ့်မယ်"

လင်းဟွမ်က ပြောလိုက်သည်။

ယောင်ဟွမ်ဟွမ်က လင်းဟွမ်စကားကို ပြန်ငြင်းရန် လုပ်လိုက်စဉ် သူတို့ရှေ့မှ အိမ်တံခါး ပွင့်လာသည်။ ထို့နောက် လူဆိုးဂိုဏ်း ဝတ်စုံ ဝတ်ဆင်ထားသော ရွှေရောင်မီးလျှံအဆင့် လူငယ်ငါးဦး လမ်းလျှောက် ထွက်လာသည်။

"ယောက်ျားကိုသတ်။ အမျိုးသမီးကို ချန်ထား။ ပြီးရင် ငါတို့တွေ သူမနဲ့ အလှည့်ကျပျော်ကြမယ်"

ရွှေရောင်ဆံပင်နှင့် နှာခေါင်း ဖောက်ထားသော ခေါင်းဆောင်က လင်းဟွမ်ကို တစ်ချက်ကြည့်ပြီးနောက် သူ့အာရုံကို ယောက်ဟွမ်ဟွမ်ထံ ပြောင်းလိုက်သည်။

သူ့ဘေးနားရှိ အမျိုးသားများမှာ ဆံပင်ကို ရေဆေးနှင့်ဖျန်းထားသလို
ဆေးဆိုးထားပြီး နှာခေါင်းများကိုလည်း ဖောက်ထား ကြသည်။

"ဖင်ခံလိုက်…"

လင်းဟွမ်က နောက်မဆုတ်ပေ။ မှောင်ခို ဈေးကွက်ထဲတွင် အလျှော့ပေးလေလေ ပို၍ အနိုင်ကျင့်လေလေပင် ။ မကြောက်ရွံ့ကြောင်းကို ပြသရန် အရည်အချင်းရှိဖို့ လိုအပ်သည်။ ထိုကဲ့သို့ မဟုတ်ပါက ဤနေရာတွင် အလောင်းကောင်အဖြစ် ကျန်ရစ်ခဲ့လိမ့်မည်။ မှောင်ခို ဈေးကွက်ထဲမှလွဲ၍ ဝပ်ကျင်းစခန်း၏ ကျန်သည့်နေရာ အားလုံးတွင် လူသတ်ခြင်းကို တားမြစ်ထားသည်။

"ဝိုး၊ မင်းက သူရဲကောင်း လုပ်ဖို့ ကြိုးစားနေတာလား။"

ရွှေရောင်ဆံပင်နှင့် ခေါင်းဆောင်က လင်းဟွမ်ကို ပြီတီတီနှင့် ကြည့်နေ၏။

"မင်း အခုချိန် ထွက်ပြေးလို့ရသေးတယ်နော်။ အေး ဒီလိုမှ မဟုတ်ရင်တော့ အချိန် မရှိတော့ဘူး"

လင်းဟွမ်က ကျန်သည့်လူများကို လျစ်လျူရှုထားပြီး ခေါင်းဆောင် တစ်ယောက်တည်းကိုသာ စိုက်ကြည့်နေသည်။

"ဒီကောင့်ကို သတ်......။ ဒီကောင်မကိုလည်း သတ်ကွာ သူမ သေရင်တောင် ငါတို့ ပျော်ပါးလို့ ရသေးတယ်"

လင်းဟွမ်၏ စကားကြောင့် ခေါင်းဆောင်သည် အံ့အားသင့်သွားသော်လည်း မကြာခင် ဒေါသ ပေါက်ကွဲသွားသည်။

ယောင်ဟွမ်ဟွမ်သည် ဒီလူများက သူမထံ ပြေးဝင်လာသည်ကိုမြင်လျှင် ထိတ်လန့် ကြောက်ရွံ့ သွားသည်။ သူမ၏နဂါးကို ဆင့်ခေါ်ရန် လုပ်နေသည်။

ထိုစဉ် လင်းဟွမ်က လက်ကို မြှောက်လိုက်ရာ ကြက်သွေးရောင် အလင်းတန်းငါးခု ရုတ်တရက် လင်းလက်လာသည်။ အမျိုးသား ငါးယောက်၏ နဖူးပေါ်တွင် လက်မအရွယ် အပေါက်များ

ဖြစ်သွားပြီးနောက် မြေပေါ်သို့ အရုပ်ကြိုးပျက် လဲကျသွားသည်။

လင်းဟွမ်သည် သူတို့ ငါးယောက်လုံးကို တစ်ချက်ထဲတည်းနှင့် သတ်ဖြတ်ပြီးနောက် လက်ချောင်းကို တစ်ချက် လှုပ်ရှားလိုက်ကာ စိတ်စွမ်းအားနှင့် သူတို့၏ အင်ပါယာနှလုံးသား လက်စွပ်များကို သိမ်းယူလိုက်သည်။ ထို့နောက် သူတို့၏ အင်ပါယာ နှလုံးသား လက်စွပ်များကို သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းလိုက်သည်။

"သေကုန်ပြီ...."

ယောင်ဟွမ်ဟွမ်သည် ခေါင်းမှ သွေးများ စီးထွက်နေပြီး လဲကျနေသော လူသေအလောင်းများကို ကြည့်ရင်း တုန်လှုပ်နေသည်။

"သွားရအောင်...."

လင်းဟွမ်သည် တုန်လှုပ်နေသော ယောင်ဟွမ်ဟွမ်၏ အမူအရာကို စိတ်ထဲမထားဘဲ ထွက်သွားရန် အမူအရာ ပြလိုက်သည်။ ထို့နောက် လူသေ အလောင်းများကို ခွကျော်ပြီး ရှေ့ဆက် လျှောက်သွားကြသည်။

ယောင်ဟွမ်ဟွမ်သည် ခေတ္တမျှ တုံ့ဆိုင်း သွားပြီးနောက် လင်းဟွမ် နောက်သို့ အပြေး လိုက်သွားသည်။

## အခန်း(၆၂၄) - မှောင်ခို ဈေးကွက်တွင် ဈေးဝယ်ခြင်း။

ရွှေရောင် မီးလျှံအဆင့် အမျိုးသား ငါးယောက် အသတ်ခံရပြီးနောက် ပွဲကောင်းကြည့်ချင်၍ စိတ်လှုပ်ရှားစွာ ရောက်ရှိလာကြသော စတိုးဆိုင်ပိုင်ရှင်များနှင့် ဧည့်သည်များသည် သူတို့၏ဆိုင်များကို ပြန်သွားကြသည်။ သူတို့သည် မည်သည့်အရာကိုမျှ မမြင်သလို ဟန်ဆောင်ပြီး အလုပ် ဆက်လုပ်နေကြသည်။

လင်းဟွမ်က သူ၏ အံ့မခန်းစွမ်းရည်ကို ထုတ်ဖော်ပြသပြီးနောက် လင်းဟွမ်မှာ အင်မော်တယ်အဆင့်

စွမ်းရည်ပိုင်ဆိုင်သော ကြက်သွေးရောင် မီးလျှံအဆင့် ပါရမီရှင် တစ်ယောက် ဖြစ်နိုင်ကြောင်း လူတိုင်းထံ သတင်းပို့လိုက်သည်။ ဤကဲ့သို့ ပါရမီရှင်တစ်ယောက်သည် ထိပ်တန်း အဖွဲ့အစည်းများ၏ အဓိကအဖွဲ့ဝင် ဖြစ်နိုင်ကြောင်း လူတိုင်းက သိနေကြသည်။ ဤကဲ့လို့ လူမျိုးကို ထိရဲသောလူမှာ ကြောက်စရာ ကောင်းသော သေခြင်းတရားနှင့်သာ အဆုံးသတ်ရလိမ့်မည်။

လင်းဟွမ်သည် ယောင်ဟွမ်ဟွမ်ကို လမ်းကြားထဲ ခေါ်ဆောင်သွားသည်။

လင်းဟွမ်တို့ နှစ်ယောက် ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် လူအနည်းငယ်သည် အလောင်းများထံ ပြေးသွားကြသည်။ တစ်စက္ကန့် မပြည့်ခင် အချိန်လေးအတွင်း၌ အလောင်းများ လုရင်း ရန်ဖြစ်နေကြသော လူနှစ်ယောက်ပင် ရှိနေသေးသည်။

သာမန်လူများအတွက်မူ အလောင်းများက အသုံးမဝင်ပေ။ သို့သော်လည်း မှောင်ခို ဈေးကွက်ထဲရှိ လုပ်ငန်းပိုင်ရှင်များအတွက်မူ ဤအလောင်းများမှာ ရုပ်သေးရုပ် သို့မဟုတ် စုန်းအတတ်ပညာ အသုံးပြုသည့် လူများထံတွင် ရောင်းချနိုင်သော အဖိုးတန် ပစ္စည်းတစ်ခုပင် ။

ပြီးပြည့်စုံသော ရွှေရောင် မီးလျှံအဆင့် လူတစ်ယောက်၏ ခန္ဓာကိုယ်ကို ရွှေရောင်မီးလျှံအဆင့် မွန်းစတားအလောင်းထက် ပိုမို ဈေးကြီးသော ဈေးနှုန်းဖြင့် ရောင်းချနိုင်သည်။

လင်းဟွမ်က ထိုအရာအားလုံးကို မသိပေ။ အကယ်၍ သိခဲ့လျှင်ပင် အလောင်းများကို ရောင်းစားမည် မဟုတ်ချေ။

လမ်းကြားထဲသို့ ဝင်သွားပြီး မကြာခင် မှောင်ခိုဈေး လမ်းမကြီးပေါ် ရောက်ရှိလာသည်။ ဆိုင်များ ပိုများလာသော်လည်း လုပ်ငန်းများက အရောင်းအဝယ် ထိုင်းလွန်းသည်။ လင်းဟွမ်နှင့် ယောင်ဟွမ်ဟွမ်တို့

အပါအဝင် လာရောက်လည်ပတ်သော လူဦးရေမှာ စတိုးဆိုင် အရေအတွက်၏ တစ်ဝက်ခန့်သာ ရှိသည်။

"အရမ်း ခြောက်ကပ်လွန်းတယ်"

ယောင်ဟွမ်ဟွမ်သည် လမ်းကြားထဲတွင် လျှောက်သွားနေရင်း စိတ်အခြေအနေ မကောင်းချေ။ တကယ့် မှောင်ခိုဈေးကွက်ကို တွေ့ခဲ့သော်လည်း စကား မပြောပေ။

"အခုခေတ်မှာ အရောင်းအဝယ် အများစုကို လိုင်းပေါ်မှာပဲ လုပ်တယ်။ ဒါကြောင့် တကယ့် ဆိုင်တွေကို လာတဲ့လူနည်းတာ"

လင်းဟွမ်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေရင်း သူမကို ရှင်းပြလိုက်သည်။

"ဒါဆိုရင် မင်းက ဘာဖြစ်လို့ လိုင်းပေါ်မှာ အရောင်းအဝယ် မလုပ်တာလဲ"

ယောင်ဟွမ်ဟွမ်က မေးလိုက်သည်။

"လိုင်းပေါ်မှာ ပစ္စည်း အတုနဲ့ သတင်းအချက်အလက်အတုတွေ ရောင်းတဲ့လူ ပိုများတယ်။ အဲ့ဒါကြောင့် ငါကတော့ ဆိုင်တွေဆီ ကိုယ်တိုင် လာဝယ်ရတာပဲ ကြိုက်တယ်။ ဒီမှာက လူလိမ်နည်းတယ်"

လင်းဟွမ်က စိတ်ရှည်စွာ ရှင်းပြလိုက်သည်။

“ဒါပေမယ့် စတိုးဆိုင်တွေက လူလိမ်တွေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ သူတို့က မင်းကိုလိမ်ပြီး ဆိုင်ပိတ် ထွက်သွားနိုင်တာပဲ”

ယောင်ဟွမ်ဟွမ် ဂိတ်ဆုံး တွေးချလိုက်သည်။

“အဲ့ဒီလိုဆို ငါ့ လိမ်လည်တဲ့လူကို လိုက်ရှာပြီး တန်ဖိုးတစ်ခုချင်းစီ ပေးဆပ်ခိုင်းမှာပေါ့”

လင်းဟွမ်၏ အသံက တည်ငြိမ်နေသော်လည်း ယောင်ဟွမ်ဟွမ်သည် ဤလေသံ၏ အေးစက်မှုကို ခံစားနိုင်သည်။ မှောင်ခိုဈေးကွက် အဝင်ဝက လူသေ အလောင်းများကို ပြန်သတိရသွားကာ

“မင်းက အမြဲတမ်း သတ်ဖြတ်နေတာလား”

ယောင်ဟွမ်ဟွမ်သည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် မေးလိုက်သည်။

"ငါ မသတ်ရင် ငါ့ကို သတ်ကြမှာပေါ့"

လင်းဟွမ်က သူမ မေးခွန်းကို တိုက်ရိုက် ပြန်မဖြေခဲ့ပေ။

"ဒါကြောင့် မင်းရဲ့ နာမည်အရင်းကို မပြောခဲ့တာလား။ ငါက မင်းကို သတ်ဖို့ ရောက်လာတယ်လို့ ထင်နေတာလား"

ယောင်ဟွမ်ဟွမ်သည် လင်းဟွမ်က သူမကို ပြောခဲ့သောနာမည်မှာ အတုဖြစ်ကြောင်း သိနေသည်။ အစောပိုင်းက သူမ ဟန်ဆောင်ခဲ့ခြင်းပင်။

"ငါ့ကို သတ်ချင်တဲ့လူတွေ အရမ်းများနေလို့ သတိထားရမယ်"

လင်းဟွမ်သည် ယောင်ဟွမ်ဟွမ်ကို သတိထားနေကြောင်း ဝန်ခံလိုက်သည်။ စကား အနည်းငယ်ပြောဆိုပြီးနောက် တိတ်ဆိတ်သွားပြန်သည်။

မကြာခင် စန်ပပြောခဲ့သော သတင်း အချက်အလက်အရောင်းအဝယ် လုပ်သည့်စတိုးဆိုင်ကို ရှာတွေ့သွားခဲ့သည်။

"ငါ့ကို ခန်းမထဲကနေ ခဏစောင့်နေ။ ဟိုဟိုဒီဒီ လျှောက်သွားပြီး ပြဿနာ မရှာနဲ့။ မှောင်ခိုဈေးကွက်ထဲမှာ အဲ့ဒီလူငါးယောက်လို လူတွေ အများကြီး

ရှိတယ်။ အဲ့ဒီထက်တောင် ပိုအစွမ်းထက်တဲ့ လူတွေ ရှိအုံးမှာ”

လင်းဟွမ်က လမ်းလျှောက်သွားရင် ယောင်ဟွမ်ဟွမ်ကို နောက်တစ်ကြိမ် ထပ်သတိပေးလိုက်သည်။

လင်းဟွမ်သည် အမျိုးသမီးဝန်ထမ်း နောက်မှ လိုက်ပါ၍ အခန်းတစ်ခုထဲ ရောက်သွားသည်။

အခန်းထဲတွင် အသက် (၃၀) အရွယ် အမျိုးသမီး တစ်ယောက် ရှိနေသည်။ သူမတွင် ဖွံ့ထွားသော ခန္ဓာကိုယ်ရှိသော်လည်း မဝပေ။ သူမ၏ တိုက်ခိုက်ရေး အဆင့်ကို ဓါတ်ကြွင်းတစ်ခု အသုံးပြုပြီး ဖုံးကွယ်

ထားပုံရသည်။ ထို့ကြောင့် လင်းဟွမ်သည် သာမန်လူတစ်ယောက်၏ အော်ရာကိုသာ ခံစားရသည်။

"ကဲ ချစ်မိတ်ဆွေ၊ ဘာသိချင်လို့လဲ"

အမျိုးသမီး၏ တမူထူးခြားသော အသံချိုချိုလေးက လင်းဟွမ်ကို သက်တောင့်သက်သာ ဖြစ်စေသည်။ သူမက မည်သည့် မှော်အတတ်ပညာကိုမှ အသုံးမပြုထားသော်လည်း သူမ၏ အသံက ထူးခြား၍ စွဲဆောင်မှု ရှိလွန်းသည်။

"အဖွဲ့ခွဲ (၃) မှာရှိတဲ့ သန့်ရှင်းမီးလျှံအဆင့်နဲ့ အင်မော်တယ်အဆင့် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားအကြောင်း အသေးစိတ် အချက်အလက်တွေ

သိချင်တယ်။ နောက်ပြီးတော့ အန္တရာယ်ဇုန်တွေ၊ တားမြစ်နယ်မြေတွေ စတဲ့ အသေးစိတ် အချက်အလက်တွေ ပါဝင်တဲ့ဟာတွေလည်း သိချင်တယ်”

လင်းဟွမ်က လိုအပ်သည့်အရာများကို တိုက်ရိုက် ပြောဆိုလိုက်သည်။

အမျိုးသမီးက မျက်ခုံးပင့်သွားပြီး ပြုံးပြလိုက်သည်။

“ဒီလို အချက်အလက်တွေ မေးတဲ့လူ များများစားစား မရှိဘူး။ ပြီးတော့ အချက်အလက် ဒေတာကလည်း အများကြီးပဲ။ အဲ့ဒါတွေစုစည်းဖို့ အချိန်တစ်ခု လိုတယ်။ မနက်ဖြန်ကျမှ ပြန်လာလို့ ရမလား”

“ရတယ်..”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"တခြား လိုအပ်တာ ရှိသေးလား"

အမျိုးသမီးက မေးသည်။

လင်းဟွမ်သည် ခဏမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်ကာ

"အဖွဲ့ခွဲ (၃) မှာ အဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့၊ သူတို့အုပ်ချုပ်တဲ့ ဝပ်ကျင်းတွေနဲ့ ပက်သက်ပြီး အသေးစိတ် အချက်အလက်အားလုံး သိချင်တယ်"

"အဲ့ဒါက ခက်တယ်။ (စီ) အဆင့် ဝပ်ကျင်းစခန်းရဲ့ အချက်အလက်တွေ မပြောနဲ့ ဘယ်အဖွဲ့အစည်းကမှ

(ဒီ)အဆင့် ဝပ်ကျင်းစခန်းကို သိမ်းပိုက်ချင်တဲ့ပုံ မရှိဘူး။ အဲ့ဒါကြောင့် သူတို့ရဲ့ ခြေရာလက်ရာ သဲလွန်စကို ရှာဖို့ခက်တယ်”

အမျိုးသမီးက ရှင်းပြသည်။

“(အေ) ကနေ (စီ) အဆင့် ဝပ်ကျင်းတွေဆို လုံလောက်ပြီ”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

“တကယ်လို့ မင်း အလျင်မလိုရင် မနက်ဖြန်ကျမှ အကုန် ယူပါလား..”

အမျိုးသမီးက ပြုံးပြီးပြောလိုက်သည်။

"ရတယ်လေ."

လင်းဟွမ်သည် စရံသတ်ပြီးနောက် လင်းရှီ၏ ဖုန်းနံပါတ်ကို ပေးခဲ့သည်။

"မနက်ဖြန်ကျရင် ဒီနံပါတ်ဆီ အားလုံး ပို့ပေးလိုက်"

"အင်း.."

"မကြာခင် ပြန်လာခဲ့မယ်.."

လင်းဟွမ်သည် ထိုအမျိုးသမီး၏ ချိုမြိန်သောအသံကို နားထောင်ပြီးနောက် ပြန် ထွက်ခွာသွားသည်။

မကြာခင် ယောင်ဟွမ်ဟွမ်က ခန်းမထဲတွင် မရှိတော့ကြောင်း သတိ ထားလိုက်မိသည်။

မျက်မှောင်ကြုတ်သွားပြီး သူ့ကို အခန်းထဲ ခေါ်ဆောင်သွားသည့် အမျိုးသမီး ဝန်ထမ်းအား မေးလိုက်သည်။

"အဲ့ဒီမိန်းမ ဘယ်ရောက်သွားလဲ"

"မင်း ထွက်သွားတာနဲ့ အခြားဆိုင် တစ်ခုထဲ ဝင်သွားတာပဲ"

ဝန်ထမ်းမလေးက ရှင်းပြသည်။

မကြာခင် ယောင်ဟွမ်ဟွမ် ပြန်ရောက်လာသည်။

"မင်းကို အပြင် မထွက်ခိုင်းခဲ့ဘူးလေ"

"ငါ ဒီက သတင်းအချက်အလက်တွေ ရောင်းတဲ့ ဝန်ထမ်းဆီက ကြားခဲ့တယ်.. အဲ့ဒါနဲ့ မေးစရာရှိလို့ ထွက်သွားတာ။ ဒါပေမယ့် ထွက်သွားတယ်လို့ ယူဆလို့မပါရဘူး"

ယောင်ဟွမ်ဟွမ်က ပြန်ပြောင်းသည်။

လင်းဟွမ်သည် သူမနှင့် ငြင်းခုန်ချင် စိတ်မရှိချေ။

လင်းဟွမ်နှင့် ယောင်ဟွမ်ဟွမ်တို့သည် စတိုးဆိုင်ထဲမှ ထွက်ခွာပြီးနောက် လင်းဟွမ်၏ ကတိအတိုင်း မှောင်ခို ဈေးထဲတွင် ဈေးဝယ်ထွက်ကြသည်။

ယောင်ဟွမ်ဟွမ်သည် ကလေးငယ်လေး တစ်ယောက်လို ပျော်စရာများ ရှာဖွေခြင်းကို

မည်သည့်အချိန်မှ မရပ်တန့်ခဲ့သလို စိတ်ဝင်စားစရာကောင်းသော အရာများကိုမြင်တိုင်း စူးစမ်းချင်စိတ်ကလေးနှင့် မတ်တပ် ရပ်ရပ်နေခဲ့သည်။

စတိုးဆိုင် အများစုတွင် ဈေးဝယ်ပြီးနောက် ယောင်ဟွမ်ဟွမ်သည် လင်းဟွမ်မသိသော ထူးခြားသည့် အရာများစွာ ဝယ်ယူခဲ့သည်။ သူမ၏ ပိုက်ဆံအားလုံးကိုမူ ယခင်က မမြင်ဖူးခဲ့သော ပစ္စည်းများအားလုံးကို စုဆောင်းမှုအဖြစ် ဝယ်ယူခဲ့သည်။ လက်ဖွာသည်ဟု ပြောရမည်သာ...။

လင်းဟွမ်သည် သူမဝယ်ခဲ့သော ပစ္စည်းထဲမှ တစ်ခုသည် ရှေးခေတ်တုန်းက သေးအိုး ဖြစ်ကြောင်း မပြောလိုက်ပေ။

နောက်ဆုံး၌ ညနေ (၆) နာရီ ကျော်သောအခါ မှောင်ခိုဈေးထဲမှ ထွက်လာကြသည်။

ယောင်ဟွမ်ဟွမ်သည် မြေပုံပေါ်တွင် တည်နေရာ မှတ်ထားလိုက်ကာ တီတီတူးငှက်ကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် လင်းဟွမ်ကို လက်ဝှေ့ယမ်းပြပြီး

“သွားရအောင်။ နေရာကောင်းတစ်ခု လိုက်ပို့ပေးမယ်”

## အခန်း(၆၂၅) - ချမ်းသာသော မိသားစုမှ ကလေး။

ယောင်ဟွမ်ဟွမ်သည် လင်းဟွမ်ကို လျှာကျွမ်းထိုး ဟုခေါ်သော သန့်ရှင်းသပ်ရပ်သည့် ဇိမ်ခံ စားသောက်ဆိုင် တစ်ခုကို ခေါ်ဆောင်သွားသဖြင့် ချမ်းသာသော မိသားစုမှ ဆင်းသက်လာကြောင်း အထင်အရှားပင် ။

စားသောက်ဆိုင်မှာ အင်အား ကြီးမားသော နန်းတော်ကြီးတစ်ခုနှင့်တူပြီး တကယ့် ဧကရာဇ်တစ်ပါး နေထိုင်သလို အလှဆင်ထားသည်။ အပေါ်ယံ ခမ်းနား ထည်ဝါစွာ အလှဆင်ထားခြင်း မဟုတ်ပေ။ အသုံးအဆောင် ပစ္စည်းများကလည်း အမှန်အကန်ပင်။

စားသောက်ဆိုင်၏ ထောင့်တိုင်း၊ နေရာတိုင်းကို ဂရုတစိုက် ဒီဇိုင်း ရေးဆွဲထားသည်။

လင်းဟွမ်သည် နှလုံးသား ကွန်ရက်ပေါ်တွင် ဤစားသောက်ဆိုင်နှင့် ပတ်သက်၍ တိတ်တဆိတ် ရှာဖွေကြည့်ရာ နတ်ဘုရားတစ်ပိုင်း တစ်ယောက်က ဖွင့်ထားကြောင်း တွေ့လိုက်ရသည်။ စားသောက်ဆိုင်မှာ အဖွဲ့ခွဲ (၃) က ပြည်ထောင်စုရုံးချုပ် ဖြစ်ကဲ့သို့ နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းတစ်ခုလည်း ဖြစ်သည်။

ဒါသည် ဖယ်ရှားခြင်းမြို့တွင် ပထမဦးဆုံး တရားဝင်ဖွင့်သော စားသောက်ဆိုင်ဖြစ်ပြီး အဖွဲ့ခွဲ (၃) တွင် အဆင့် (၉) ရှိသည်။ အရသာ ကောင်းမွန်

လွန်းသောကြောင့် လူတိုင်း ပါးစပ်ဖျားတွင် ရေပန်းစား ကျော်ကြားသည်။ စားသောက်ဆိုင်နှင့် ပတ်သက်၍ ချို့ယွင်းချက် တစ်ခုသာ ရှိသည်။ ဒါသည် အလွန် ဈေးကြီးနေခြင်းပင်။

ဤနေရာတွင် သန္ဓေနှစ်ကြိမ်ပြောင်း အင်ပါယာအဆင့် အပါအဝင် မွန်းစတားအားလုံး၏ အသားများကို ရရှိနိုင်သည်။ ကံကြမ္မာသလင်းကျောက် လုံလောက်နေသရွေ့ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားကဲ့သို ရှားပါးသည့် နဂါးမျိုးစပ်ကိုပင် အကောင်လိုက် ကင်ခိုင်း၍ရသည်။ သို့သော်လည်း ထိုမွန်းစတားများ၏

ဈေးနှုန်းမှာ ထိန်းချုပ်သူထံမှ အရှင်လတ်လတ် ဝယ်ခြင်းထက် ဈေး ပိုကြီးသည်။

ယောင်ဟွမ်ဟွမ်က ပုံမှန် ဖောက်သည်တစ်ယောက် ဖြစ်ပုံပင်။ သူမက လင်းဟွမ်ကို တတိယထပ်သို့ တန်းခေါ်သွားပြီး သီးသန့်အခန်းတစ်ခု တောင်းဆို လိုက်သည်။

လင်းဟွမ်သည် မီနူးပေါ်မှ ဈေးနှုန်းများကို မြင်လိုက်လျှင် အံ့အားသင့်သွားသည်။ အသား တစ်ပန်းကန်၏ ဈေးနှုန်းမှာ ဈေးကွက်ထဲရှိ မွန်းစတားအလောင်း တစ်ကောင် ဈေးနှုန်း၏

သုံးပုံတစ်ပုံစာခန့် ရှိသည်။ စားသောက်ဆိုင်၏ အမြတ်မှာ ကောင်းကင်ပေါ် ရောက်သည်အထိ မြှင့်တင်ထားသည်။

ဥပမာအားဖြင့် အရွယ်ရောက်ပြီးသော ဝက်သားရဲတစ်ကောင်၏ အလေးချိန်မှာ (၅) တန်ကျော် ရှိပြီး ၎င်းတစ်ကိုယ်လုံးတွင် အသား (၇၀) ရာခိုနှုန်း ရှိသည်။ (၃၅) ရာခိုင်နှုန်းက အရိုးများနှင့် အရေပြားများ ဖြစ်ပြီး ထိုအရာများကို ဖယ်ထုတ်လိုက်ပါက တစ်တန်ခွဲ ကျော်ကျော်သာ ရှိသည်။ အသားမွကြော် တစ်ပန်းကန်၏ အလေးချိန်မှာ (၀.၅) ကီလိုဂရမ်သာ ရှိသဖြင့် ဝက်သားရဲ တစ်ကောင်သည် ဟင်းပွဲပန်းကန်ပြားပေါင်း (၃,၅၀၀) နှင့် ညီမျှသည်။

ထို့အပြင် ဝက်သားရဲ၏ အရိုးများကို ဟင်းချိုလုပ်ခြင်း၊ စွပ်ပြုတ် လုပ်ခြင်း၊ အသားကင်ရာတွင် ထည့်သုံး နိုင်သေးသည်။ ထို့ကြောင့် စုစုပေါင်း အမြတ်ငွေမှာ အဆပေါင်း ထောင်နှင့်ချီ၍ မြင့်မားလာသည်။ လုပ်အားနှင့် အခြား ကုန်ကျစရိတ်များကို နုတ်ယူ လိုက်လျှင်ပင် စားသောက်ဆိုင်၏ အသားတင်အမြတ်မှာ ပုံမှန်စားသောက်ဆိုင်များထက် အဆပေါင်း ရာနှင့်ချီ၍ မြင့်မားနေသေးသည်။

ညစာအတွက် ဟင်းလေးမျိုးနှင့် စွပ်ပြုတ်တစ်ပွဲ မှာလိုက်သည်။ ဒါသည် ကံကြမ္မာသလင်းကျောက် (၅,ဝဝဝ) ကျော် ကုန်ကျသည် ။ မွန်းမံထားသော

အဆင့်(၃) ဓါတ်ကြွင်း၏ ဈေးနှုန်းမှာ ကံကြမ္မာ သလင်းကျောက် (၄,၀၀၀) ကျော်သာ တန်ဖိုးရှိပြီး စိတ်ကြိုက် ပြုပြင်ထားသော အဆင့် (၃) မွန်းစတားဓါတ်ကြွင်းမှာ ကံကြမ္မာ သလင်းကျောက် (၅,၀၀၀) သာ ကုန်ကျသည်။

လင်းဟွမ်သည် ယောင်ဟွမ်ဟွမ် ရှင်းပါက အနေရခက်ပြီး မျက်နှာပူသဖြင့် ကောင်တာကို သွားရန် အကြောင်းပြချက် ရှာလိုက်သည်။ ထို့နောက် ကောင်တာမှဝန်ထမ်းက ညစာကို အခမဲ့ ကျွေးကြောင်း ပြောပြခဲ့သည်။

လင်းဟွမ်သည် ယောင်ဟွမ်ဟွမ်က ဤမျှ ဆရာကြီး ဖြစ်နေလိမ့်မည် ဟု မမျှော်လင့်ထားသဖြင့် အံ့အောသင့်နေသည်။ ထို့နောက် မည်သည့်စကားမျှ ထပ်မမေးတော့ဘဲ တတိယထပ်ရှိ သီးသန့်ခန်းကို ပြန်လာခဲ့သည်။

ညစာ စားပြီးနောက် တစ်ယောက်နှင့်တစ်ယောက် မတွေ့ချင်သဖြင့် ယောင်ဟွမ်ဟွမ်၏ နောက်ကြောင်းကို ပိုသိအောင် မကြိုးစားတော့ချေ။ သူမ၏ အထောက်အထားက မည်မျှပင် စိတ်ဝင်စားစရာ ကောင်းနေစေကာမူ သူနှင့် ဘာမှမဆိုင်ပေ၊ သူ့အလုပ် မဟုတ်ချေ။

ယောင်ဟွမ်ဟွမ်သည် လင်းဟွမ်က သူမ အစား ပိုက်ဆံပေးရန် ကြိုးစားခဲ့ကြောင်း မသိခဲ့ချေ။ ကြက်သွေးရောင် မီးလျှံအဆင့် လူတစ်ယောက်က အစာ စားသည့်အချိန်တွင် ဆီးမထိန်းနိုင်ဘူးဟု ပြောခြင်းက ရယ်စရာ ကောင်းသော်လည်း မသိသလို ဟန်ဆောင် ပေးခဲ့သည်။

ညစာ စားပြီးသောအခါ ည(၈) နာရီ ထိုးပြီး ကောင်းကင်တစ်ခုလုံး လုံးဝ မည်းမှောင်နေသည်။

"ညစာအတွက် ကျေးဇူးတင်ပါတယ်"

လင်းဟွမ်သည် ယောင်ဟွမ်ဟွမ်က နောက်ဆုံး တစ်လုတ် လက်စသတ်ပြီးသည်ကို သတိထားမိလျှင် ပြောလိုက်သည်။

“ဘယ်လိုလဲ။ အရသာ စောက်ရမ်းမိုက်တယ် မဟုတ်လား”

ယောင်ဟွမ်ဟွမ်က ကျေနပ်နေသည်။

“တော်တော်လေး ကောင်းတယ်”

“ဒါဆိုရင် မင်းကို နောက်တစ်ခေါက် ဒကာခံ မယ်လေ။”

"ငါက ဖယ်ရှားခြင်း မြို့ကနေ နှစ်ရက်အတွင်း ထွက်သွားတော့မှာ"

လင်းဟွမ်သည် မွန်းစတားများ၏ တည်နေရာကို သိရသည်နှင့် သူနှင့်သင့်တော်သည့် မီးစာမွန်းစတား တစ်ကောင်ကို ရှာဖွေရန် စီစဉ်ခဲ့သည်။

"ဘယ်သွားမလို့လဲ"

ယောင်ဟွမ်ဟွမ်က ချက်ချင်း မေးသည်။

"မသေချာသေးဘူး။ မနက်ဖြန် အချက်အလက်တွေ ရပြီးမှပဲ ဆုံးဖြတ်ရမှာ"

လင်းဟွမ်က အမှန်အတိုင်း ပြောလိုက်သည်။

"ပြန်လာဦးမှာလား.."

ယောင်ဟွမ်ဟွမ်က မျှော်လင့်ချက်ကြီးစွာ မေးလိုက်သည်။

"မသေချာဘူး။ နောက်မှတွေ့မယ်"

"အင်း.."

ယောင်ဟွမ်ဟွမ်သည် ထိုအဖြေကို ကြားလိုက်လျှင် မျက်နှာ ညှိုးကျသွားသည်။

သူတို့ စားသောက်ဆိုင်ထဲမှ ထွက်လာစဉ် ယောင်ဟွမ်ဟွမ်က စားသောက်ဆိုင် အဝတွင် မတ်တပ်ရပ်ပြီး လင်းဟွမ်ကို မေးလိုက်သည်။

"အခု မင်းရဲ့နာမည်အရင်းကို ပြောပြနိုင်မလား"

လင်းဟွမ်က တစ်ချက် တုံ့ဆိုင်းသွားပြီးနောက် ခေါင်းညိတ်လိုက်သည်။

"ငါ့နာမည်က လင်းရှီ"

ဒါသည် အထောက်အထား အသစ် ဖြစ်သောကြောင့် ယောင်ဟွမ်ဟွမ်သည် မည်သည့်အရာကိုမျှ ရှာမတွေ့နိုင်ပေ။ ထို့အပြင် အရာအားလုံး စီစဉ်ထားသည့်အတိုင်း ဖြစ်ပါက နောက်တစ်နေ့တွင် ထွက်ခွာသွားတော့မည် ။ ထို့ကြောင့် သူ့ကို ရှာတွေ့ရန် နည်းလမ်း မရှိပေ။

"ငါ မှတ်ထားလိုက်မယ်"

ရင်ဟွမ်ဟွမ်က လင်းဟွမ်ကို လက်ဆွဲမနှုတ်ဆက်ခင် သေသေချာချာ ခေါင်းညိတ်လိုက်ပြီးနောက် သူမကိုယ်သူမ မိတ်ဆက် လိုက်သည်။

“ငါ့နာမည်က ယောင်ဟွမ်ဟွမ်။ အခုအချိန် ကစပြီး ငါတို့တွေ  တရားဝင် သူငယ်ချင်း ဖြစ်သွားပြီ”

လင်းဟွမ်သည် လက်ကို ရုတ်သိမ်းချင်သော်လည်း မအောင်မြင်ခဲ့ပေ။

ယောင်ဟွမ်ဟွမ်က ဤကဲ့သို့ လုပ်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"အခု ငါ အိမ်ပြန်ရတော့မယ်။ ဒီလိုမှ မဟုတ်ရင် အရိုက်ခံရမှာ။ နောင်တစ်ချိန် အခွင့်အရေးရရင် ပြန်တွေ့ချင်သေးတယ်"

ယောင်ဟွမ်ဟွမ်က သူမလက်ကို ပြန်ရုပ်သိမ်းပြီး အဖြူရောင် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် လက်ပြ နှုတ်ဆက်ပြီး အထဲဝင်သွားသည်။

လင်းဟွမ်သည် သူမ၏ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းနှင့်အတူ ပျောက်ဆုံးသွားသော ယောင်ဟွမ်ဟွမ်ကို ကြည့်ပြီးနောက် ပြုံးကာ ခေါင်းခါလိုက်သည်။ ဤအမျိုးသမီးမှာ

သူထင်ထားသည့်ထက် ပို၍ ထူးဆန်းနေသေးသည်။ ထို့နောက် သူ၏ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီး ချက်ချင်း ပျောက်ကွယ်သွားသည်။

ဟိုတယ်သို့ ပြန်ရောက်သောအခါ ည (၁၀) နာရီ ထိုးခါနီး ဖြစ်နေသဖြင့် အိပ်ယာဝင်ရန် ပြင်ဆင် လိုက်သော်လည်း သတင်းအချို့ကို ဖတ်ပြီးနောက် တစ်စုံတစ်ခုက သူ့အာရုံကို ဖမ်းစားသွားသည်။

ခေါင်းစဉ်မှာ

'မင်းသမီးလေးက ညလယ်ခေါင်မှာ ထူးဆန်းတဲ့ အမျိုးသားတစ်ယောက်နဲ့ ချိန်းတွေ့နေတယ်'

ထိုထဲတွင် ပါသောပုံမှာ လျှာကျွမ်းထိုးဆိုင် အဝင် အဝတွင် ယောင်ဟွမ်ဟွမ်၏လက်ကို ကိုင်ထားသော သူ့ဓါတ်ပုံပင် ။

"မင်းသမီးလေး...."

လင်းဟွမ်သည် အဆိုပါ သတင်းနှင့်ပက်သက်၍ ဇဝေဇဝါ ဖြစ်သွားသည်။ သတင်းတွင် စာကြောင်း သုံးကြောင်းသာ ပါသော်လည်း နောက်ဆုံးတွင် လင်းဟွမ်သည် ယောင်ဟွမ်ဟွမ်၏ အထောက်အထား အစစ်အမှန်ကို တွေ့ရှိသွားခဲ့ပြီ။

သူမသည် ဖယ်ရှားခြင်းမြို့ ပထမမိသားစု၏ သမီးတော်ပင် ။ ဖယ်ရှားခြင်း မြို့သည်

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ လက်အောက်တွင် ရှိသော်လည်း ယောင်မိသားစုမှာ လွန်ခဲ့သော နှစ်ပေါင်း (၇၀၀) ကတည်းက ဖယ်ရှားခြင်းမြို့တွင် နေထိုင်ခဲ့သော ပထမဆုံး မိသားစုပင် ။ ထို့အပြင် သူတို့က ထိန်းချုပ်သူ မိသားစုလည်း ဖြစ်နေသည်။ အဖွဲ့ခွဲ (၃) တွင် ထိပ်တန်းမိသားစု ရှစ်စုအပြင် ယောင်မိသားစုက ထိပ်ဆုံး အထက်တန်းစား မိသားစု ဖြစ်သည်။

သူတို့သည် ဖယ်ရှားခြင်းမြို့တွင် နှစ်ပေါင်း အတော်ကြာအောင် နေထိုင်ခဲ့ပြီး အဆင့်အတန်း မြင့်မားစွာ ရပ်တည်ခဲ့သည်။ ခရမ်းရောင်ကျီးကန်း

အဖွဲ့အစည်းပင် သူတို့ကဲ့သို့ အစစ်အမှန် တော်ဝင်မိသားစုကို လက်ရှောင်ကြသည်။

စားသောက်ဆိုင် တည်ထောင်ခဲ့သော နတ်ဘုရားတစ်ပိုင်းမှာ ယောင်ဟွမ်ဟွမ်၏ အဖိုးပင် ။ ယခုမူ လင်းဟွမ်သည် ယောင်ဟွမ်ဟွမ်က ဘာကြောင့် အခမဲ့ စားသောက်နိုင်လဲ ဆိုသည်ကို နားလည်သွားသည်။

သူမက မိသားစုထဲတွင် အသက်(၁၇)နှစ်သာ ရှိသေးသော အငယ်ဆုံး မိသားစုဝင် ဖြစ်သည်။ သူမတွင် ယောင်လန်း ဟုခေါ်သော အစ်မ တစ်ယောက်ရှိပြီး သူမတို့ နှစ်ယောက်လုံးမှာ

မိသားစုထဲတွင် အငယ်ဆုံးမျိုးဆက် နှစ်ဦးတည်းသော သမီးဖြစ်ပြီး အဖိုးတန် လှ၏။ သူတို့ကို ဖယ်ရှားခြင်းမြို့က မင်းသမီးကြီးနှင့် မင်းသမီးလေးဟု ခေါ်ဆိုကြသည်။

မင်းသမီးလေး၏ ရေပန်း အစားဆုံး အကြောင်းအရာမှာ (၆) လတစ်ကြိမ် ဆင့်ခေါ်နိုင်သော မွန်းစတားအသစ်တစ်ကောင် ရရှိခြင်းပင်။ သူမသည် မွန်းစတားတစ်ကောင် အသစ် ရရှိတိုင်း မြို့ကို ဖျက်ဆီးပစ်လေ့ ရှိသည်။ သို့သော်လည်း မွန်းစတားက ပြုလုပ်ခြင်းဖြစ်ပြီး သူမက ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့ခြင်း

မဟုတ်ပေ။ အစောပိုင်းက လင်းဟွမ် တွေ့ကြုံခဲ့ရသော အခြေအနေမျိုးပင်.....။

အစပိုင်းတွင် ယောင်မိသားစုက အရေးပါသော တော်ဝင်မိသားစု ဖြစ်နေသောကြောင့် မည်သူမှ လျော်ကြေး မတောင်းရဲကြပေ။ သို့သော်လည်း သူမက နစ်နာသူများကို အမြဲတမ်း ထည့်သွင်းစဉ်းစားခဲ့ပြီး နစ်နာကြေးကို အမြဲတမ်း နှစ်ဆပေးလေ့ ရှိသည်။ ထိုအချိန်မှစ၍ လူတိုင်းသည် သူမတို့ထံမှ လျော်ကြေးတောင်း ရခြင်းကို အကျင့်ပါလာကြသည်။ သူတို့အိမ်များကို ဖျက်ဆီးရန် အတွက်ပင် မင်းသမီးလေးကို ကြိုဆို နေကြသေးသည်။

"အဖွဲ့ခွဲ (၃) ကို ပထမဆုံး ရောက်တဲ့နေ့မှာပဲ နာမည်ကြီး လာမယ်ဆိုတာ မသိလိုက်ဘူး.."

လင်းဟွမ်သည် ယောင်မိသားစု အကြောင်းကို ဖတ်ပြီးနောက် ရယ်ရခက်ခက်၊ ငိုရခက်ခက် ဖြစ်သွားသည်။

# အခန်း(၆၂၆) - ကြောက်စရာ ကောင်းသော အသိစိတ်...

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် ရေချိုးပြီးနောက် ဒုတိယအထပ်ရှိ ဘူဖေး စားသောက်ဆိုင်သို့ သွားလိုက်သည်။ စားသောက်နေစဉ် လူတော်တော်များများက သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြောင်း သတိထားလိုက်မိကြသည်။

ပထမပိုင်းတွင် စိတ်ထဲ မထားသော်လည်း အစားအသောက် ထယူပြီးနောက် စားသောက်နေရင်း ဆိုင်ထဲရှိ လူတိုင်းနီးပါးက သူ့ကို ကွက်ကြည့်ကွက်ကြည့်

လုပ်နေကြောင်း သိလိုက်ရသည်။ အချို့လူများဆိုလျှင် သူ့ကို လက်ညှိုးထိုးပြီး စကားများ ပြောဆို နေကြသေးသည်။

"ဘာလဲဟ..."

လင်းဟွမ်သည် သူ့ကိုယ်သူ ပြန်ငုံ့ ကြည့်လိုက်သော်လည်း သူဝတ်စားထားသည်မှာ အဆင်ပြေသည်။ ထို့နောက် မျက်နှာပေါ်တွင် တစ်ခုခု ဖြစ်နေခြင်း ရှိ၊ မရှိ သိရန် နှလုံးသားအင်ပါယာ လက်စွပ်နှင့် ဆယ်ဖီလ် တစ်ပုံ ရိုက်ပြီး ပြန်ကြည့်လိုက်သေးသည်။ နောက်ကျော မလုံသလို ခံစားရသည့် ခံစားချက်များ ပို၍ ပို၍ တိုးများလာခဲ့သဖြင့်

"ဒီလူတွေ ငါ့ကို ဘာလို့ကြည့်ပါလိမ့်..."

ဒုတိယအထပ်တွင် လင်းဟွမ်သည် မနက်စာစားပြီးနောက် စားသောက်ဆိုင်မှ ပြန်ထွက်လာသည်။

အဝင်ဝရှိ ဝန်ထမ်းများကလည်း သူ့ကို စိုက်ကြည့်နေကြောင်း သတိထားမိလိုက်လျှင်...

"ငါ့ကို ဘာလို့ စိုက်ကြည့်နေတာလဲ... တစ်ခုခု မှားနေလို့လား..."

"ချစ်ဒေ့သည်... မင်းက ပြည်တွင်းသတင်း မဖတ်ဘူးလား..."

အမျိုးသမီးဝန်ထမ်းက သူ့ကို ပြန်မေးလိုက်သည်။

"ပြည်တွင်းသတင်း..."

"မနေ့ညက မင်း မင်းသမီးလေးနဲ့ ချိန်းတွေ့တဲ့ အကြောင်းကို အခုဆို လူတိုင်းသိနေပြီ။ ဒါက ဖယ်ရှားခြင်းမြို့ရဲ့ တစ်နှစ်တာမှာ အကြီးဆုံး သတင်းကြီးပဲ"

ဝန်ထမ်း အမျိုးသမီးက ပြုံးရင်းရှင်းပြသည်။

'ဖယ်ရှားခြင်းမြို့က လူတွေဆီမှာ ဘာမှ လုပ်စရာ မရှိတော့ဘူးလား...'

လင်းဟွမ်သည် ဝန်ထမ်း၏အဖြေကို ကြားလျှင် စိတ်ထဲမှ တွေးလိုက်မိသည်။

အခန်းထဲသို့ ပြန်ရောက်ပြီးနောက် မနေ့ညက သတင်းက ပေါက်ကွဲထွက်နေကြောင်း သိလိုက်ရသည်။

“မင်းသမီးလေးက ငါ့အပိုင်ပဲ။ အဲ့ဒီ လူစိမ်း ဖင်ခံလိုက်ကွာ...”

“သူ့မျက်လုံးနဲ့ အကြည့်တွေကို ကြည့်လိုက်။ မိန်းမတွေကို ချူစားတဲ့ လူယုတ်မာ တစ်ယောက်ဆိုတာ သိသာနေတာပဲ။”

"အဲ့ဒီကောင်ကို ဓါးနဲ့ ထိုးသတ်ချင်တယ်။ မင်းသမီးနဲ့ချိန်းတွေ့တဲ့ ကောင်ရဲ့ လိပ်စာကို သိရင်ပေး။ ခရက်ဒစ်အမှတ် ငါးမှတ်ပေးမယ်..."

"ထောက်ခံတယ်... ငါကလည်း အကျိုးဆောင် အမှတ်ထပ်ပေးမယ်။ သူ့ကို ဓါးနဲ့ထိုးတဲ့အချိန် (Live) လွှင့်ဖို့မမေ့နဲ့..."

"ငါလည်း အဲ့ဒါကို ထောက်ခံတယ်။ အကျိုးဆောင်အမှတ် နှစ်မှတ် ငါလှူမယ်။ တိုက်ရိုက် လွှင့်ပေးရမှာနော်..."

"ငါက အကျိုးဆောင်အမှတ် သုံးမှတ်လျှော့မယ်... အဲ့ကောင်ကို ကောင်းကောင်းလေး ရိုက်စမ်းပါ။ ငါအရသာခံပြီး ကြည့်မလို့..."

"ငါက အကျိုးဆောင်အမှတ် လေးမှတ်။ အဲ့ဒီယောကျ်ား ပိုင်းလုံးကိုတွေ့ရင် ငါ့ဆီ သတင်းပို့စမ်းပါ"

. . .

ထိုသတင်း တစ်ပုဒ်ထဲတွင် ကွန်းမန့်ပေါင်း တစ်သိန်းနီးပါးခန့် ရှိနေသည်။

လင်းဟွမ်သည် (weibo) တွင် အကောင့်သစ်တစ်ခု မှတ်ပုံတင်ပြီး ဝင်ကြည့်ရာ ဒေသခံအားလုံးက

အကြောင်းအရာ တစ်ခုတည်းကိုသာ ပြောဆိုနေကြောင်း တွေ့လိုက်ရသည်။ တစ်ညတည်းတွင် သောင်းနှင့်ချီသော မှတ်ချက်များ ဖန်တီးခဲ့ပြီး ဆက်လက် တိုးပွားနေသေးသည်။ စက္ကန့်တိုင်းနီးပါး၌ ထိုအကြောင်းအရာများသာ ပေါ်လာပြီး စိတ်ရှုပ်စရာ ကောင်းလာသည်။

လင်းဟွမ် ဆွံ့အနေသည်။

"အဲ့ဒီကောင်မလေးက ငါ့ကို ဒီလို လုပ်တာလား…"

သူ၏အစီအစဉ်မှာ အဖွဲ့ခွဲ (၃) တွင် ပုံရိပ်နိမ့်ကျစွာ သိုသိုသိပ်သိပ် နေပြီး အဆင့်တက်ဖို့သာ အာရုံစိုက် ချင်ခဲ့သည်။ အင်မော်တယ်အဆင့်သို့ ရောက်သောအခါ

သူကိုယ်သူ ကိုယ်ထင်ပြနိုင်ပြီ။ သို့သော်လည်း အဖွဲ့ခွဲ (၃)ကိုရောက်ပြီး ဒုတိယနေ့မှာပင် ထင်ပေါ်ကျော်ကြား လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

ယခုမူ ထိုအကြောင်းအရာက ရှာဖွေမှုကဏ္ဍတွင် နံပါတ်တစ် ဖြစ်လာပြီး ဖယ်ရှားခြင်းမြို့သာမက အဖွဲ့ခွဲ (၃)ရှိ အခြားဝပ်ကျင်း အားလုံးကလည်း သူ့မျက်နှာကို မြင်တွေ့နေရသည်။ ကံကောင်း ထောက်မစွာဖြင့် သူ့မျက်နှာက အထင်အရှား မပေါ်ခဲ့ခြင်းသာ.....

နတ်ဘုရားတစ်ပိုင်းပင် သူ၏ ခေတ်ပုံထဲမှတဆင့် သူ၏မျက်နှာ အစစ်အမှန်ကို မပြောနိုင်ချေ။ လင်းဟွမ်သည် သူ့ကိုယ်သူ စိတ်တည်ငြိမ်အောင်

ပြန်ထိန်းလိုက်ပြီးနောက် အခြားသတင်းများအပြင် မှောင်ခိုဈေးကွက်နှင့် ပတ်သက်သော အများသူငါ သတင်းအချက်အလက်များကို ဖတ်ကြည့်လိုက်သည်။

မနက် (၉) နာရီခန့်တွင် မှောင်ခိုဈေးကွက် အမျိုးသမီးထံမှ မက်ဆေ့ချ်တစ်စောင် လက်ခံရရှိခဲ့ပြီး ပူးတွဲပါဖိုင်ကို မကြည့်ရသေးခင် ထိုအမျိုးသမီး ခေါ်ဆိုလာသော ဗီဒီယိုဖုန်းမြည်သံ ပေါ်လာသည်။

လင်းဟွမ်က မျက်မှောင် ကြုတ်ပြီး ဖုန်းကိုင်လိုက်သည်။

"အမ်... မင်္ဂလာပါ ချစ်မိတ်ဆွေ... "

"ဘာဖြစ်လို့ ဖုန်းခေါ်တာလဲ..."

လင်းဟွမ်က မေးလိုက်သည်။

"အမိက က မင်းကို စာရွက်စာတမ်း ပို့ပြီးကြောင်း ပြောချင်လို့ပါ"

ထိုမိန်းမ၏အသံက ခါတိုင်းကဲ့သို့ပင် ချိုမြိန်နေ၏။

"ဟုတ်ပြီ... ဒါပေမယ့် အဲ့ဒါအပြင် အခြားအကြောင်းအရာလည်း ရှိသေးတယ်"

"ဆက်ပြော..."

"မနေ့ညက သတင်းတွေ ထွက်လာပြီ။ မင်း အကြောင်းသိချင်လို့ လူတော်တော်များများက ငါတို့ကို ဆက်သွယ်လာတယ်ဆိုတာ မင်း သိလား"

ထိုအမျိုးသမီးက ပြုံးလိုက်သည်။

"အဲ့ဒါကြောင့် ငါတို့မင်းကို စစ်ဆေးကြည့်ခဲ့ပေမယ့် ဘာမှ ရှာမတွေ့ဘူး။ ငါတို့တွေ ပိုက်ဆံအများကြီး မရှာနိုင်ဘူး…"

"မင်းပြောချင်တာက ငါ့ကို ဝေစုပေးမယ်လို့ ပြောချင်တာလား…"

လင်းဟွမ်က တည်ငြိမ်နေသည်။

လင်းရှီနှင့် ပတ်သက်ပြီး ဘာမှသိပ်မရှိပေ။ ထို့ကြောင့် ထိုမိန်းမ ဘာမှ မရခဲ့သည်မှာ သဘာဝပင်။

"မင်းက ဟာသ သိပ်ပြောတတ်တာပဲ…"

ထိုအမျိုးသမီးက ပြုံးလိုက်သည်။

“ဝေ့ဝိုက်နေတာ ရပ်လိုက်တော့... ပြောစရာရှိတာ ပြော...”

လင်းဟွမ်သည် ထိုအမျိုးသမီးက စကားပြောရုံမျှဖြင့် ဖုန်းခေါ်ဆိုမည် မဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။

“ကောင်းပြီ... အဲ့ဒါဆိုလည်း လိုရင်းတန်းပြောမယ်...”

သူမ၏မျက်နှာက လေးနက်လာသည်။

“မင်းက မွန်းစတားအကြောင်း ငါတို့ဆီမှာ မေးကတည်းက တော်တော်များများ သတ်ဖြစ်မှာ

သေချာတယ်။ အဲ့ဒါလုပ်ပြီးရင် မင်းရဲ့ မွန်းစတား အလောင်းတွေ ငါတို့ဆီကို ရောင်းပေးနိုင်မလား။ ငါတို့ဆီမှာ မွန်းစတားအလောင်း အများကြီးမရှိလို့လေ၊ ငါ ပေါက်ဈေးနဲ့ ဝယ်မှာပါ”

“ဘာဖြစ်လို့ ငါ့ဆီက ဝယ်မှာလဲ...”

လင်းဟွမ်က မေးလိုက်သည်။

“ငါတို့တွေ အရေးတကြီး စုဆောင်းဖို့ လိုအပ်နေလို့။ ငါတို့တွေဆီက အမဲလိုက်တဲ့ ဖောက်သည်တွေကိုလည်း ဆက်သွယ်ပြီးပြီ။ မင်းက အဲ့ဒီထဲက တစ်ယောက်ပေါ့။ မင်းမှာ အံ့မခန်း သတ်ဖြတ်နိုင်စွမ်း ရှိတယ်ဆိုတာလည်း သက်သေ

ပြထားတယ်။ ဒါက ငါတို့ရှာဖွေနေတဲ့ ပူးပေါင်းမိတ်ဖက်မျိုးပဲ”

“ မွန်းစတား အလောင်းတွေကို ငါကြိုက်တဲ့နေရာ ငါရောင်းမှာပေါ့။ ဘာဖြစ်လို့ မင်းတို့ဆီမှာ ရောင်းရမှာလဲ”

လင်းဟွမ်သည် လက်တွေ့ကျသော မေးခွန်းကို မေးလိုက်သည်။

“ဒီလိုလုပ်ဖို့ သဘောတူလိုက်တာနဲ့ မင်းက ငါတို့ရဲ့လုပ်ဖော်ကိုင်ဖက် ဖြစ်လာမယ်။ မင်းရဲ့ အထောက်အထားတွေ မပေါက်ကြားဖို့ ငါတို့ အာမခံတယ်”

အမျိုးသမီးက အကြံများစွာဖြင့် ပြောလိုက်သည်။

"အထူးသဖြင့် မင်းရဲ့ အထောက်အထား အစစ်အမှန်က ဘာလဲဆိုတာ ငါတို့ စုံစမ်းနေတယ်"

လင်းဟွမ် ရင်ထိတ်လာသည်။

ထိုအမျိုးသမီးက သူ အထောက်အထားအတု အသုံးပြုနေကြောင်း အသိပေးလိုက်ခြင်းပင်။

"ဒါဆို ငါ ဘယ်သူလဲဆိုတာ ဘာလို့ မဖော်ထုတ်တာလဲ..."

လင်းဟွမ်၏ မျက်နှာပေါ်တွင် တည်ငြိမ်နေသည်။

"ငါတို့ မစုံစမ်းရသေးတော့ သေချာ မသိသေးဘူးလေ"

အမျိုးသမီးက ရိုးသားစွာ ပြောလိုက်သည်။

"ဒါပေမယ့် မင်းအကြောင်း သိရဖို့ ပိုက်ဆံအများကြီး သုံးစရာ မလိုဘူးဆိုတာ အာမခံနိုင်တယ်။ မင်း ဘယ်လောက်ပဲ ဖုံးကွယ်ထားပါစေ တစ်ယောက်ယောက်ကို ပိုက်ဆံ ပေးလိုက်တာနဲ့ မင်းရဲ့အထောက်အထား အစစ်မှန်ကို တွေ့ဖို့ နည်းလမ်းရှိတယ်။ ဒါပေမယ့် ငါတို့ရဲ့ မိတ်ဖက် ဖြစ်လာရင် အဲ့ဒီကိစ္စကို လျှို့ဝှက် ထားပေးမယ်။ လိုအပ်ရင် အချက်အလက် အတုတွေပါ ထုတ်ပေး လိုက်ဦးမှာ..."

"ငါက သာမန်လူ တစ်ယောက်ပဲ။ ငါနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးစရာ ဘာမှ မရှိဘူး"

လင်းဟွမ်က ခေါင်းရမ်းပြီး ပြုံးလိုက်သည်။

"ငါ့ရဲ့ အထောက်အထားက အတုဆိုပြီး မှားယွင်းတဲ့ကောက်ချက်က ဘယ်နေရာက ပေါ်လာလဲဆိုတာ ငါမသိဘူး။ လက်တွေ့ကျတဲ့ အကျိုးအမြတ်မရှိရင်တော့ မွန်းစတားအလောင်းတွေ ရောင်းစားရုံနဲ့ မင်းဆီ လာမှာမဟုတ်ဘူး။ တခြား နေရာမှာလည်း ရောင်းလို့ ရတယ်။ ဈေးအတူတူ ဆိုရင် အဲ့ဒါက ငါ့အတွက် ပို အဆင်ပြေသေးတယ်။ မင်းပြောချင်တာ ဒါအကုန်ပဲဆို ဖုန်းချလိုက်တော့မယ်"

"နေဦး..."

အမျိုးသမီးသည် လင်းဟွမ်၏ တုံ့ပြန်မှုကြောင့် အံ့အားသင့်သွားသော်လည်း စိတ်ထဲ၌ အစီအစဉ် အသစ်တစ်ခု ထွက်ပေါ်လာသဖြင့်

"အချက်အလက်တွေ တောင်းရင် ဒါမှမဟုတ် ပစ္စည်းဝယ်ရင် ငါတို့ဘက်က (၂၀) ရာခိုင်နှုန်း ဈေးလျှော့ပေးမယ်..."

"ပိုကောင်းတဲ့ လျှော့ဈေး မရှိတော့ဘူးလား..."

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြန်မေးလိုက်သည်။

"(၂၀) ရာခိုင်နှုန်းဆိုတာ မင်းအတွက် ငါပေးနိုင်တဲ့ အမြင့်ဆုံးဈေးပဲ"

အမျိုးသမီးက ခေါင်းခါပြီး ပြုံးလိုက်သည်။

"ဒါက ငါ အကောင်းဆုံး လုပ်ပေးတာပဲ။ ကျေးဇူးပြုပြီး ငါ့အတွက် ခက်ခဲအောင် မလုပ်ပါနဲ့"

"ဒါဆိုလည်း ကောင်းပြီလေ။ သဘောတူတယ်။"

လင်းဟွမ်က သဘောတူလိုက်သည်။

လင်းဟွမ်သည် ဖုန်းချပြီးနောက် စိတ်သက်သာရာ ရသွားသည်။ သူ၏ အထောက်အထားအတုနှင့် ပက်သက်၍ ဝန်ခံလုနီးပါးပင်။ လှည့်စား နိုင်လောက်အောင် ထက်မြက်ခဲ့ခြင်းက ကံကောင်းလှ၏။

အခြားတစ်ဖက်တွင်မူ အမျိုးသမီးသည် သူမလက်ထဲမှ လင်းပွှမ်း၏ အထောက်အထားကိုကြည့်ရင်း မျက်မှောင်ကြုတ်နေသည်။

"သူက သဘောတူခဲ့တာလား…"

တံခါးဝတွင် ရပ်နေသော မျက်မှန်နှင့်လူက မေးလိုက်သည်။

"ဟုတ်တယ်… သူ သဘောတူခဲ့တယ်။ ငါတို့ကမ်းလှမ်းတဲ့ (၂၀) ရာခိုင်နှုန်း လျှော့ဈေးကို …"

ထိုအမျိုးသမီးက ဖျစ်ညှစ်ပြီး ပြုံးပြလိုက်သည်။

"သူ့ရဲ့ အထောက်အထားက အတုပါဆိုပြီး ပြောလိုက်လို့ သဘောတူလိုက်တာ မဟုတ်လား..."

မျက်မှန် တပ်ထားသောလူက မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားသည်။

"မဟုတ်ဘူး... သူ ငြင်းတယ်..."

အမျိုးသမီးက ခေါင်းခါလိုက်သည်။

"သူ့ရဲ့ အထောက်အထားနဲ့ ပတ်သက်ပြီး ငါတို့ စုံစမ်းပြီးပြီ။ ဘာမှမမှားဘူး။ ဒါပေမယ့် ငါ့ရဲ့ဗီဇက သူ အထောက်အထား အတု အသုံးပြုနေတယ်လို့ ပြောနေတယ်။ အဲ့ဒါကြောင့် ထောင်ချောက်ဆင်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ဘူး။ ငါ့ဗီဇမှားတာလည်း

ဖြစ်နိုင်တာပဲ။ ဒါ ပထမဦးဆုံး အကြိမ်တော့ မဟုတ်တော့ဘူး”

“မင်း အရမ်း ပင်ပန်းနေတာ ဖြစ်လိမ့်မယ်… အနား ယူလိုက်ပါ”

မျက်မှန်တပ်ထားသောလူက သူမကို နှစ်သိမ့် လိုက်သည်။

# အခန်း(၆၂၇) - ယောင်မိသားစု၏ တုံ့ပြန်မှု။

ဖယ်ရှားခြင်းမြို့၊ ယောင်မိသားစု အိမ်တော်.....

ယောင်ဟွမ်ဟွမ်သည် ရေချိုးပြီးနောက် မနက်စာ စားရန် ထမင်းစားခန်းကို အပြုံးကလေးနှင့် လမ်းလျှောက်လာသည်။ သူမ၏ အဖေ၊ အမေနှင့် အမတို့ ထိုင်နေကြသည်။ သူတို့ (၃) ယောက်က မနက်စာ ဖြည်းဖြည်းခြင်း စားရင်း သူမကို စိုက်ကြည့်နေကြသည်။

“အစ်မ၊ ဘယ်အချိန်က ပြန်ရောက်တာလဲ”

ယောင်ဟွမ်ဟွမ်သည် အစ်မဖြစ်သူကို မြင်လိုက်လျှင် အိမ်ကို ပြန်ရောက်လာမည်ဟု မမျှော်လင့်ထားသဖြင့် အံ့သြသင့်သွားသည်။

"ဒီနေ့ မနက်ပဲ"

ယောင်လန်းက ပြန်ဖြေလိုက်သည်။

"ဒါပေမယ့် အစောကြီးလေ။ အရင်က မနက်စာ စားချိန် တစ်ခါမှပြန်မလာပါဘူး။ ဘာလဲ ဒီနေ့တော့ မနက်စာ စားဖို့ ဆုံးဖြတ်လိုက်တာလား"

ယောင်ဟွမ်ဟွမ်က တခစ်ခစ် ရယ်မောရင်း ပြောလိုက်သည်။

"ညနက်သန်းခေါင် အချိန်တုန်းက အိမ်နားမှာ နောက်ဆုံး တာဝန်ရှိလို့ ပြန်လာခဲ့တာပဲ"

"အင်း"

ယောင်ဟွမ်ဟွမ်က မနက်စာ မစားခင် သူမ၏ အစ်မနှင့် စကားပြောနေသည်။

"ဟွမ်ဟွမ်၊ မနေ့ညက နင် အိမ်ပြန်နောက်ကျတယ် ဘယ်သွားနေတာလဲ"

ခဏအကြာ အမေဖြစ်သူက မေးလိုက်ရာ

"သူငယ်ချင်း တစ်ယောက်ကို ထမင်းလိုက်ဝယ် ကျွေးတယ်လို့ ပြောခဲ့တယ်လေ။ နေ့ခင်းဘက်က

ဈေးဝယ်ထွက်တယ်။ နောက်ပြီးတော့ အိမ် မပြန်ခင် ညစာသွားစားခဲ့တာ”

ယောင်ဟွမ်ဟွမ်က မှောင်ခိုဈေးထဲ ရောက်ခဲ့သည့် အကြောင်းကို ကျော်လိုက်သည်။

“လူတစ်ယောက်ကို ထမင်း လိုက်ကျွေးတာလား”

ယောင်လန်းက ထူးဆန်းသည်ဟု တွေးလိုက်မိသည်။

“ဟုတ်တယ် မနေ့ညက ငါ့ကို လူရှုပ်တွေ လမ်းပိတ်ခဲ့တယ်လို့ ပြောခဲ့တယ်လေ”

ယောင်ဟွမ်ဟွမ်က အပြုံးကလေးနှင့် ရှင်းပြလိုက်သည်။

"ငတုံးကောင်ကြောင့်"

ယောင်လန်းက သူ ညီမအရင်း အကြောင်းကို နားမလည်နိုင်တော့ဘူးဟု တွေးလိုက်မိသည်။

"အစောပိုင်းက မင်းယူလာတဲ့ နဂါးမျိုးစပ်လေ"

အမေဖြစ်သူက ကူကယ်ရာမဲ့စွာ ရှင်းပြလိုက်သည်။

"ဟုန်ဟုန်လို့ မခေါ်တော့ဘူးလား"

ယောင်လန်း မျက်မှောင်ကြုတ်သွားသည်။

"မနေ့ကပဲ ငတုံးကောင်ဆိုပြီး နာမည်ပြောင်းလိုက်ပြီ"

ယောင်ဟွမ်ဟွမ်က ရှင်းပြလိုက်သည်။

"မင်းကို ဆင့်ခေါ်မွန်းစတားတွေနဲ့ သဘောတူညီမှု မရခင် မစီးသင့်ဘူးလို့ ငါပြောခဲ့တယ် မဟုတ်ဘူးလား"

ယောင်လန်းက သူမကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မင်း လူရှေ့၊သူရှေ့ မထွက်ခင် အနည်းဆုံး (၃) လလောက် လေ့ကျင့်ဖို့ လိုတယ်လို့ ငါ ပြောခဲ့တာလည်း အကြိမ်ကြိမ်ပဲ။ ဒါကို မင်း နားမထောင်ဘူး"

"ဒါပေမယ့် ဒီကောင်တွေက အိမ်မှာတုန်းက အကောင်းပဲဟာ"

ယောင်ဟွမ်ဟွမ်က ပြန်ပြောင်းသည်။

"အဲ့ဒါက အစမ်း လေ့ကျင့်တာလေ။ ကြားဝင်နှောက်ယှက်တဲ့ အတားအဆီးတွေအတွက် လေ့ကျင့်ဖို့လိုသေးတယ်။ မင်းက အစမ်းလေ့ကျင့်မှု ပြီးတာနဲ့ တခြားလေ့ကျင့်မှုတွေကို လျစ်လျူရှုပြီး မွန်းစတားနဲ့ လူရှေ့သူရှေ့ထွက်တာ အကျင့်လို ဖြစ်နေပြီ။ ပြီးရင် လူမြင်ကွင်းမှာ သွေးရူးသွေးတန်း လျှောက်ပုံနေရော"

ယောင်လန်းသည် ယောင်ဟွမ်ဟွမ်က မည်မျှ မဆင်မခြင် လုပ်တတ်ကြောင်း သိနေသဖြင့် ဆုံးမနေသည်။

"ဒါနဲ့ မနေ့က ဘယ်နှစ် လမ်းလောက် ပျက်ဆီးသွားလဲ"

“မများပါဘူး လမ်း နှစ်လမ်းလောက်ပဲ”

ယောင်ဟွမ်ဟွမ်ဝမ်းက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

“ဒါတွေ အားလုံးက ငါ့သူငယ်ချင်းကို ကျေးဇူးတင်ရမယ်။ သူသာ ငတုံးကိုမရိုက်ခဲ့ရင် လျော်ကြေး ဘယ်လောက်တောင် ပေးရမလဲမသိဘူး။ အဲ့ဒါကြောင့် သူ့ကို ကျေးဇူးတင်တဲ့အနေနဲ့ ထမင်း တစ်နပ် လိုက်ဝယ်ကျွေးခဲ့တာ”

“သူက မင်းရဲ့ ရွှေရောင်မီးလျှံအဆင့် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားကို တစ်ချက်တည်း ရိုက်ပြီး လွင့်ထွက်သွားအောင် လုပ်လိုက်တာလား”

ယောင်လန်း မျက်ခုံးပင့်သွားသည်။

"မင်း သူငယ်ချင်းက အင်မော်တယ်အဆင့်လား"

"ဟီးဟီး သူက ကြက်သွေးရောင် မီးလျှံအဆင့်ပဲ ရှိသေးတယ်"

ယောင်ဟွမ်ဟွမ်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"အစ်မ မင်းတို့နှစ်ယောက်လုံးသာ အဆင့်တူမယ် ဆိုရင် မင်း သူ့ကို နိုင်မှာ မဟုတ်ဘူး။ သူက ငတုံးကောင်ကို တစ်ချက် ရိုက်လိုက်တယ်။ မဟုတ်သေးဘူး လူမိုက်တွေကိုတောင် တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တာ"

ယောင်ဟွမ်ဟွမ်သည် မပြောသင့်သော စကားကို ပြောမိကြောင်း သိလိုက်သဖြင့် ချက်ချင်း ပါးစပ် ပိတ်လိုက်သည်။

"ဘာ လူသတ်လိုက်တယ် ဟုတ်လား"

နဂို တိတ်ဆိတ်နေသော သူမ၏အဖေသည် ထိုစကားကိုကြားလျှင် မျက်မှောင် ကြုတ်သွားကာ မေးလိုက်သည်။

"မ… မ…. မဟုတ်ဘူး"

ယောင်ဟွမ်ဟွမ်က ခေါင်း အောက်ငုံ့ပြီး ပါးစပ်ထဲ ပေါင်မုန့်တစ်လုံး ထိုးထည့်လိုက်သည်။

"မင်းရှေ့မှာ သူက လူသတ်ခဲ့တယ် ဟုတ်လား"

သူမအဖေက တင်းတင်းမာမာ မေးလိုက်သည်။

"မဟုတ်ဘူး မဟုတ်ဘူး"

ယောင်ဟွမ်ဟွမ် အသည်းအသန် ငြင်းလိုက်သည်။

ယောင်ဟွမ်ဟွမ်သည် သူမ မိဘများက လင်းဟွမ်လုပ်ခဲ့သည့် အရာများကို သိသွားပါက သူမနှင့်သူငယ်ချင်း ဖြစ်ခွင့်ကိုပင် ပိတ်ပင်တားမြစ်ကြမည်ကို သိနေသည်။

မိဘနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ သမီး ဖြစ်သူ

လိမ်ညာပါက မည်ကဲ့သို့ ပြုမူတတ်ကြောင်း သိနေသဖြင့် သူမ လိမ်ညာနေသည်မှာ ထင်ရှားနေသည်။

"မင်းကို အဲ့ဒီလူနဲ့ တွေ့ခွင့်မပေးတော့ဘူး"

အဖေက ဒေါသတကြီး ပြောလိုက်သည်။

"ဟွမ်ဟွမ်၊ အဲ့ဒီလူနဲ့ ရင်းနှီးအောင် မနေစမ်းနဲ့။ မင်းသူ့ကို ထမင်းကျွေးပြီးပြီ ဆိုတော့ မင်းလည်း ပြန်ပေးသင့်တာ ပေးပြီးပြီ"

အမေဖြစ်သူ၏ လေသံက နူးညံ့သော်လည်း ပေးချင်သော မက်ဆေ့ချ်မှာ အဖေဖြစ်သူနှင့် အတူတူပင်။

“ဟွမ်ဟွမ် ငါ မင်းကိုပေးခဲ့တဲ့ နဂါးမျိုးစပ်က သန္ဓေသုံးကြိမ်ပြောင်း အင်မော်တယ်အဆင့် (၂) စွမ်းရည်ရှိတယ်။ မင်းသူငယ်ချင်းက ကြက်သွေးရောင် မီးလျှံအဆင့်၊ ဒါတောင် အဆင့်ပိုမြင့်တဲ့ နဂါးကြီးကို ကိုင်တွယ်နိုင်တယ် ဟုတ်လား။ ဒါဆိုရင် သူက တကယ့် အထွတ်အထိပ် ပါရမီရှင် တစ်ယောက်ဆိုတာ သက်သေပြနေတာပဲ”

“ငါ ကြက်သွေးရောင် မီးလျှံအဆင့် ရှိနေတဲ့ အချိန်တုန်းက အင်မော်တယ်အဆင့် (၂) မွန်းစတားနဲ့ တစ်ချက် တိုက်ခိုက်ရုံနဲ့ ရှုံးနိမ့်သွားမှာ။ အဲ့ဒီလိုလူက ဩဇာအာဏာကြီးမားတဲ့ အဖွဲ့အစည်းတွေက

ပျိုးထောင်ထားတဲ့ လူပဲ ဖြစ်ရမယ်။ မြေအောက်အဖွဲ့အစည်းထဲမှာလဲ အဲ့ဒီလိုမျိုး အဖွဲ့အစည်းက နည်းနည်းလေးပဲ ရှိတယ်။ လူအများစုကို ငါ သိပါတယ်။ ဒါပေမယ့် အဲ့ဒီ လူငယ်အကြောင်းကို တစ်ခါမှ မကြားဖူးဘူး။ မြေအောက်အဖွဲ့အစည်း တစ်ခုခု ဒါမှမဟုတ် ထိပ်တန်းအဖွဲ့အစည်း တစ်ခုခုက ဖြစ်နိုင်တယ်”

ယောင်လန်းက လင်းဟွမ်၏ အထောက်အထားကို ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်နေသည်။

ယောင်ဟွမ်ဟွမ်ကမူ လင်းဟွမ်က မြေအောက် အဖွဲ့ဝင်တစ်ယောက် ဖြစ်နိုင်ကြောင်း သိနေသဖြင့်

စကားတစ်ခွန်းမှ မပြောပေ။ မှောင်ခိုဈေးထဲတွင် လင်းဟွမ် လူသတ်ဖြတ်သော ပုံစံမှာ မည်မျှ ရင်းနှီးနေကြောင်း ခန့်မှန်းရန် မခက်ခဲပေ။ သို့သော်လည်း လင်းဟွမ်ကို လူဆိုးတစ်ယောက်ဟု သူမ မထင်ချေ။

"ငါ ဗိုက်ဝပြီ"

ယောင်ဟွမ်ဟွမ်သည် ပေါင်မုန့်ကို စားပွဲပေါ်တင်ပြီး ထွက်သွားခဲ့ရာ

မိသားစုဝင် (၃) ယောက်က သူမကို မတားပဲ ကြည့်နေကြသည်။

ယောင်ဟွမ်ဟွမ် ထွက်ခွာ သွားပြီးနောက် ယောင်လန်းက သူမမိဘတွေကို

"ဒီကောင်က ညီမလေးဆီကနေ ချူစားချင်နေတာပဲ ဖြစ်မှာ။ ဟွမ်ဟွမ်က ယောကျ်ားတွေ ဘယ်လိုလဲဆိုတာ မသိဘူး။ ဒါကြောင့် သူ့ကို စိတ်ဝင်စားနေတာဖြစ်မယ်။ အခု ထွက်လာတဲ့ သတင်းတွေ အကုန်လုံး အရတော့ ဒီကောင်လေးနဲ့ ရင်းနှီးခွင့်ပေးတာ အန္တရာယ် များလွန်းတယ်"

"ယောင်အိုကြီး အဲ့ကောင်က ဘယ်သူလဲဆိုတာ သိအောင် စုံစမ်းလိုက်"

အမေဖြစ်သူက အဖေဖြစ်သူကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

“ဟွမ်ဟွမ်နဲ့ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ဒီကောင်မှာ ရည်ရွယ်ချက် တစ်ခုခုတော့ ရှိရမယ်။ ဖယ်ရှားခြင်းမြို့ကို ဘာလာလုပ်လဲ ဆိုတာ ငါတို့ စုံစမ်းရမယ်”

“ဟုတ်တယ် လုပ်သင့်တယ်”

အဖေဖြစ်သူက ခေါင်းငြိမ့်လိုက်ပြီး သတ်ဖြတ်ချင်သော မျက်လုံးများနှင့်..

“သူက ယောင် မိသားစုအတွက် လာတယ်ဆိုရင် ဘယ်အဖွဲ့အစည်းကပဲ ဖြစ်ဖြစ် အသက်ရှင်ခွင့် မပေးနိုင်ဘူး”

...

ထိုနေရာနှင့် ကီလိုမီတာ ဆယ်နှင့်ချီ ဝေးကွာသော နေရာတွင်ရှိနေသည့် လင်းဟွမ်ကမူ ယောင်မိသားစုက သူ့ကို ပစ်မှတ်ထားနေကြောင်း မသိပေ။

သတင်းရောင်းသည့် အမျိုးသမီး၏ ဖုန်းကို ချပြီးနောက် သူမ ပေးပို့လာသော စာရွက်စာတမ်းများကို ချက်ချင်း ကြည့်လိုက်သည်။

ပထမတစ်ခုမှာ အဖွဲ့ခွဲ (၃) ဝပ်ကျင်း အားလုံးရှိ မြေအောက် အဖွဲ့အစည်းများ၏ မှတ်တမ်းများပင် ။ ဒါသည် အဆင့် (အေ) မှ အဆင့် (စီ) အထိ ဝပ်ကျင်းများအကြောင်းကို အသေးစိတ် ဖော်ပြထားပြီး အဖွဲ့အစည်းများကြား သဘောထား ကွဲလွဲ၍ ယခင်က

တိုက်ခိုက်ဖူးသော တိုက်ပွဲများ အကြောင်းလည်း ပါဝင်သည်။ အကြမ်းဖျင်း ကြည့်ပြီးနောက် ဒုတိယ စာရွက်ကို စကြည့်လိုက်သည်။

ဒုတိယတစ်ခုမှာ ပြင်းထန်အဆင့် အန္တရာယ်ဇုန်များနှင့် တားမြစ်နယ်မြေများ အပါအဝင် မွန်းစတား၏ တည်နေရာများ ထည့်သွင်း ဖော်ပြထားသည်။ အဖွဲ့ခွဲ (၃) တွင် ရှိနေသော ပြင်းထန် အန္တရာယ်ဇုန် အရေအတွက်မှာ အဖွဲ့ခွဲ (၇) တွင် ရှိသည်ထက် သုံးဆပိုများကြောင်း သတိ ထားလိုက်မိသည်။ တားမြစ်နယ်မြေ (၁၈) ခုရှိနေပြီး ဒါသည် အဖွဲ့ခွဲ (၃) ထက် သုံးဆနီးပါးခန့် ပိုများသည်။

ထို့နောက် အဖွဲ့ခွဲ (၃) ရှိ သန့်ရှင်း မီးလျှံအဆင့်မှ အင်မော်တယ် အဆင့် (၃) အဆင့်အထိ မွန်းစတားများ အကြောင်းပါဝင်သည့် နောက်ဆုံး စာတမ်းကို ကြည့်လိုက်သည်။

ဒါသည် ယခုလက်ရှိ အချိန်၌ သူ့အတွက် အရေးအကြီးဆုံး စာရွက်ပင် ။ ထို့နောက် သူ့အတွက် အသင့်တော်ဆုံး မီးစာမွန်းစတားကို စတင် ရှာဖွေလိုက်သည်။

## အခန်း(၆၂၈) - တတိယမြောက် ကံကြမ္မာမီးစာ မွန်းစတား။

လေးမျက်နှာ သားရဲသည် အင်မော်တယ်အဆင့် (၅) သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင်ပင် ။ ၎င်းတွင် မတူညီသော အရပ် မျက်နှာများကို ကြည့်နေသည့် လူသားမျက်နှာ လေးခုပါသော ရောမ ဦးခေါင်းကြီး ရှိသည်။ မျက်နှာလေးခုအပြင် ကြွက်သား သန်မာသော လက်ခြောက်ဖက်နှင့် ခြေထောက် လေးချောင်း ပါရှိသည်။

အကယ်၍ ၎င်းကို ကမ္ဘာမြေပေါ်တွင် ထားရှိပါက နျူးကလီယား ဓါတ်ရောင်ခြည်သင့်ပြီး ဖြစ်ပေါ်လာသော ပုံပျက်ပန်းပျက် လူသားအဖြစ် သတ်မှတ်ခံရလိမ့်မည်။ ၎င်းထံမှ မီးစာကို ထုတ်ယူနိုင်ပါက လင်းဟွမ်အတွက် တိုက်ပွဲအတွင်းတွင် လက်မောင်းအပိုများ ရရှိသကဲ့သို့ပင်။

အားဂတ်စ် ကင်းမြီးကောက် နတ်ဆိုးမှာ အင်မော်တယ်အဆင့် (၆) သန္ဓေသုံးကြိမ်ပြောင်းမွန်းစတား ဖြစ်သည်။ ဦးခေါင်းပေါ်တွင် မျက်လုံးကြီး (၄)လုံးနှင့် မျက်လုံးအသေး (၈) လုံး ရှိသည့်အပြင်

ဦးခေါင်းအလယ်တွင် အဖြူရောင်အစွယ် (၁၀) ခု ရှိသည်။

ဦးခေါင်းနှင့် ခန္ဓာကိုယ် တစ်ခုလုံးကို အညိုရောင် ကြေးခွံများဖြင့် ဖုံးလွှမ်းထား၏။ ခရမ်းနက်ရောင် အမျှင်များက ခေါင်းထက် ပိုကြီးနေသည်။ ဦးခေါင်းမှ အမြီးအထိ ပုံမှန်မဟုတ်သော အပေါက်များ ပါရှိသည်။ ၎င်း၏ နောက်ကျောတွင် အမြီး သုံးချောင်းရှိပြီး နေရောင်အောက်တွင် ထားပါက အစိမ်းရောင် တလက်လက် တောက်ပနေ သကဲ့သို့ပင်။ ၎င်း၏ မီးစာကို ရရှိပါက လင်းဟွမ်သည် အဆိပ်

အမျိုးအစားပေါင်း (၃၀၀) ကျော်ကို ကျွမ်းကျင် ပိုင်နိုင်လိမ့်မည်။

ကြက်သွေးရောင် အလောင်းကောင်မှာ အင်မော်တယ်အဆင့် (၆) သန္ဓေသုံးကြိမ်ပြောင်း ဝိညာဉ်အမျိုးအစား မွန်းစတား ဖြစ်သည်။ ခြေဖဝါးအထိ ဖုံးလွှမ်းလုနီးပါး ဖြစ်နေသော အနက်ရောင် ဝတ်ရုံကြီးကို လွှမ်းခြုံထား၏။ ၎င်း၏ အင်္ကျီလက်စထဲတွင် ကင်းမြီးကောက် အမြီးကဲ့သို့ စင်တီမီတာ (၅၀) နီးပါးရှိသော အနက်ရောင် ခြေသည်း ၅ ချောင်း ပါရှိသည်။ ပုတ်ပွနေသော လူသေ မျက်နှာပေါ်တွင် မှိုတက်နေသည်။ ၎င်း၏ မီးစာကို ရပါက

လင်းဟွမ်အတွက် လက်နက်တစ်ခု သို့မဟုတ် ဒိုင်းတစ်ခု ဖန်တီးပေးနိုင်သော အနက်ရောင် အရိုးဖွဲ့စည်းပုံကို ရရှိနိုင်ပြီး အရိုးများကို ထိန်းချုပ်နိုင်စွမ်း ရှိလာလိမ့်မည်။ အရိုးဖွဲ့စည်းပုံမှာ အထွတ်အထိပ် ဓါတ်ကြွင်းတစ်ခုကဲ့သို့ အစွမ်း ထက်လာလိမ့်မည်။

...

မှောင်ခိုဈေးကွက်က လင်းဟွမ်ကို သန္ဓေပြောင်း မွန်းစတား (၃၀) ကျော်နှင့် ပက်သက်သည့် အချက်အလက်များ ပေးပို့ခဲ့သည်။ သေသေချာချာ ဖတ်ကြည့်ပြီးနောက် သူ မသတ်နိုင်သော မွန်းစတားများမှာ အင်မော်တယ်အဆင့် (၇) ထက်

ပိုမြင့်သော မွန်းစတားများ ဖြစ်ပြီး ထိုစာရင်းများကို နုတ်ယူလိုက်ပါက တစ်ဝက်ခန့် လျော့ကျသွားသည်။ အစကတည်းက သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား အများအပြား မရှိသောကြောင့် မအံ့သြပေ။

ထို့အပြင် အစွမ်းထက်သော ထိန်းချုပ်သူများ အားလုံးက သူတို့နှင့် သင့်တော်သည့် သန္ဓေ သုံးကြိမ်ပြောင်း မွန်းစတားကို တွေ့သည်နှင့် လိုက်ဖမ်းတတ်ကြသည်။ ထိန်းချုပ်သူများ အပြင် တိုက်ခိုက်နိုင်သည့် ပါရမီရှင်များကလည်း မီးစာအတွက် သို့မဟုတ် မွန်းစတားဝိညာဉ်များ ရရှိရန်အတွက် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားများကို

သတ်ပစ်တတ်ကြသည်။ အသတ်ခံရခြင်း သို့မဟုတ် ဖမ်းဆီးခြင်း မခံရသော သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားများမှာ အားနည်းပြီး အိမ်မွေး မွန်းစတားအဖြစ် မည်သူမျှ အလို မရှိကြသောကြောင့်ပင် ။

တစ်ချိန်တည်းမှာပင် အစွမ်းထက်သော ပါရမီရှင်များက သတ်ဖြတ်ခြင်း သို့မဟုတ် ထိန်းချုပ်သူများက ယဉ်ပါးအောင် မလုပ်နိုင်ခြင်းကြောင့် ဖြစ်နိုင်သည်။ တစ်ခါတစ်ရံ သေဆုံးမှု မြင့်မားပြီး သွားလာရခက်ခဲသည့် တားမြစ်ဇုံထဲတွင် ပေါ်လာ၍လည်း ဖြစ်နိုင်သည်။

လင်းဟွမ်သည် စာရွက်စာတမ်းကို ပြီးဆုံးအောင် ဖတ်ပြီးနောက် မျက်မှောင် ကြုတ်သွားသည်။ ထိုသန္ဓေပြောင်း မွန်းစတား အကောင် (၃၀) ထဲတွင် ဓါးတာအိုနှင့် ပတ်သက်သည့် မွန်းစတားမှာ တစ်ကောင်သာ ရှိခဲ့ပြီး ၎င်းက အင်မော်တယ် အဆင့် (၉)မွန်းစတားပင် ။ ထို့အပြင် သူ၏မီးစာမှာ ဂန္ဓဝင် အဆင့် ဓါးတာအိုတစ်ခုသာ ဖြစ်ပြီး သူလိုချင်သော ဓါးနှလုံးသား မဟုတ်ပေ။

လင်းဟွမ်သည် မစ္စတာဖူးနှင့် ချီမူရှုံးတို့၏ မှတ်ဉာဏ်ကြောင့် ဓါးတာအို စွမ်းရည်ကို စိတ် မဝင်စားချေ။ သူ့တွင် စာမျက်နှာတစ်ခု ဓါးကျမ်းနှင့်

ဓါးတာအိုလမ်းကြောင်းပေါ် ရောက်နေပြီဖြစ်သောကြောင့် နတ်ဘုရားအဆင့်အောက် နိမ့်ကျသော ကျင့်စဉ်များကို စိတ်မဝင်စားတော့ချေ။

သန့်ရှင်း မီးလျှံအဆင့်တွင် ကံကြမ္မာမီးစာကို ရရှိရန် အခွင့်အရေး (၅) ကြိမ်သာ ကျန်တော့သည်။ ထို့ကြောင့် လင်းဟွမ်သည် မလိုအပ်သော ဓါးတာအိုစွမ်းရည်ဖြင့် အခွင့်အရေးကို မဖြုန်းတီးချင်ပေ။ ထို့အပြင် အင်မော်တယ်အဆင့် (၅) မွန်းစတားကို တိုက်ခိုက်ရန်အတွက် သူ၏ တိုက်ခိုက်ရေးအဆင့်ကို ယာယီ မြှင့်တင်ရန် ယာယီ အသွင်ပြောင်းကတ်ကို ဖြုန်းတီးရဦးမည်။

ထို့ကြောင့် ကံကြမ္မာမီးစာ မွန်းစတားအတွက် နေ့လည်စာ စားသည့်အချိန်အထိ ဆုံးဖြတ်ချက် မချနိုင်ဖြစ်နေသည်။

လင်းဟွမ်သည် လမ်းပျောက်နေသော ခံစားချက်များဖြင့် အကြံဉာဏ် တောင်းခံရန်အတွက် သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။

ခဏအကြာ ဝန်ထမ်းများက နေ့လည်စာ လာပို့သည်။

လင်းဟွမ်က နေ့လည်စာ စားနေစဉ် သွေးရဲရဲလေးကမူ အကြံပေးနိုင်ရန်အတွက် မွန်းစတားများ အကြောင်းကို စိတ်ရှည်စွာ ဖတ်နေခဲ့သည်။ လင်းဟွမ် နေ့လည်စာ

စားပြီးသောအခါ သွေးရဲရဲလေးက မွန်းစတားများ အကြောင်းအကုန် ဖတ်၍ ပြီးသွားခဲ့ပြီ။

"မင်းအတွက် နေ့လည်စာ မှာထားတယ်။ အကြံ မပေးခင် စားလိုက်ဦး"

လင်းဟွမ်က ပန်းကန်ပြားကို ညွှန်ပြရင်း ပြောလိုက်သည်။

ထို့နောက် သွေးရဲရဲလေးထံမှ အမျှင်နှစ်ခု ဆန့်ထွက်လာပြီး ပန်းကန်ပြားကို ကောက်ကိုင်ကာ အစားအစာ အားလုံးကို ပါးစပ်ထဲ ကောက်ထည့်လိုက်သည်။ ပန်းကန်ပြားကို သန့်ရှင်းအောင် လုပ်ပြီးနောက် ပြန်ချထားလိုက်သည်။

လင်းဟွမ်သည် အစားအသောက် ကုန်အောင်စား၍ ပန်းကန်ပြား ပြန်ချလိုက်သော သွေးရဲရဲလေးကို မြင်လိုက်လျှင်

"ငါ့ ပန်းကန်ကိုလည်း ရှင်းပေးလို့ ရမလား"

သွေးရဲရဲလေးက လင်းဟွမ်၏ စားကြွင်းစားကျန်များကို စိတ်ထဲမထားဘဲ လင်းဟွမ်၏ ပန်းကန်ပြားကို ပြောင်ရှင်းအောင် လျှက်ပေးလိုက်သည်။

"ဝန်ထမ်းတွေ ပန်းကန်ပြား ပြန်သိမ်းတဲ့အခါ သန့်ရှင်းအောင် ဆေးကြောဖို့ မျှော်လင့်တယ်"

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

သွေးရဲရဲလေးက နေ့လည်စာ စားပြီးနောက် စက္ကန့်အနည်းငယ် ကြာသောအခါ

"ဒါက မင်းနဲ့ အသင့်တော်ဆုံး မီးစာမွန်းစတားလို့ ထင်တယ်"

သွေးရဲရဲလေးက အမျှင်တစ်ခု ဆန့်ထုတ်လိုက်ပြီး မျက်နှာပြင်ပေါ်ရှိ မွန်းစတား တစ်ကောင်ကို ထောက်ပြလိုက်သည်။

"ငရဲ ချိန်နဲ့ ကလေးငယ်လား"

လင်းဟွမ်သည် သွေးများစိုရွှဲနေသော မွန်းစတားကို မြင်လျှင် မျက်ခုံးပင့်သွားသည်။ ဒါသည် လူသားကလေး ပုံစံရှိသော မွန်းစတား တစ်ကောင်ပင် ။ ကြည့်ရသည်မှာ

အနက်ရောင်ဝတ်စုံ ဝတ်ထားပြီး အရပ် (၁.၂) မီတာပင် မရှိသော ကလေးတစ်ယောက် ကဲ့သို့ ဖြစ်နေသည်။ မျက်နှာကမူ ခေါင်းစွပ်အောက်တွင် ဖုံးနေကာ တစ်ဝက်က အရိုးစုဖြစ်ပြီး တစ်ဝက်မှာ လုံးဝ ကောင်းမွန်နေသ၏။ သူ၏ညာဘက် မျက်လုံးက ကြောက်စရာ ကောင်းလှ၏။ ငရဲချိန့် ကလေးငယ်သည် စိတ်စွမ်းအားနှင့် စိတ်ဝိညာဉ် တိုက်ခိုက်မှုတွင် ကျွမ်းကျင်သော သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား ဖြစ်သည်။

စာရွက်ထဲတွင် ၎င်းက အင်မော်တယ်အဆင့် (၆) ဖြစ်ကြောင်း ဖော်ပြထားပြီး အသွင်ပြောင်းကတ်ကို မသုံးပါက လင်းဟွမ်သည် မတိုက်ခိုက်နိုင်ပေ။

သို့သော်လည်း ဤမွန်းစတားကို အစကတည်းက အမဲလိုက်မည့် ကံကြမ္မာမီးစာ စာရင်းထဲမှ ထုတ်ပယ်ထားခဲ့သည်။

"ငရဲ ချိန်နဲ့ကလေးငယ်ရဲ့ ကံကြမ္မာမီးစာထဲမှာ နတ်ဆိုးဆန်တဲ့ အသိစိတ်အာရုံ ရှိတယ် ငါ့မှာက မြင့်မြတ်စိတ်စွမ်းအား ရှိပြီးသားလေ။ ဒီကောင့်ကို သတ်တာက ဖြုန်းတီးရာ မကျဘူးလား"

လင်းဟွမ်က ခေါင်းခါပြီး ရှင်းပြလိုက်သည်။

"သခင် မင်း မှားနေပြီ။ စိတ်စွမ်းအားဆိုတာ အဆက်မပျက် အားကောင်းနိုင်တဲ့ စွမ်းရည်တစ်ခုပဲ။

နတ်ဆိုး အသိစိတ်အာရုံကို ရနိုင်ရင် မင်းမှာရှိနေတဲ့ မြင့်မြတ် စိတ်စွမ်းအားက ပိုပြီး အားကောင်းလာလိမ့်မယ်”

သွေးရဲရဲလေးက စကားကို ခေတ္တ ရပ်တန့်လိုက်ပြီး

“နောက်ပြီးတော့ အရေးအကြီးဆုံး အချက်က မကောင်းဆိုးဝါး ဂျစ်ပစီ ကလေးငယ်မှာ အဆင့်မြင့် ဉာဏ်ရည်ရှိပြီးသား သူ့မှာရှိနေတဲ့ အသိစိတ်အာရုံကလဲ ကြောက်စရာကောင်းတဲ့ အဆင့်မှာပဲ။ သူ့ရဲ့ စိတ်စွမ်းအားက ပါရမီရှင်တစ်ယောက်နဲ့ ယှဉ်နိုင်တယ်။ မင်းသာ သူ့ရဲ့ ကံကြမ္မာမီးစာကို ရခဲ့ရင် သူ့ရဲ့ အသိစိတ်အာရုံကို စွမ်းရည်ကိုပဲ မဟုတ်ဘူး စိတ်စွမ်းအား အသုံးပြုတဲ့ အတွေ့အကြုံတွေလည်း ရလိမ့်မယ်။ ဒါက

ပက်ကေ့စ်တစ်ခုလိုပဲ တစ်ခုဝယ် တစ်ခုလက်ဆောင် ရသလိုပေါ့။ ဒီစွမ်းရည်ကို ရသွားရင် သခင်က စိတ်စွမ်းအား ကျွမ်းကျင်ဖို့အတွက် ပေးရမယ့် နှစ်နှစ်၊ သုံးနှစ်လောက် ချွေတာနိုင်လိမ့်မယ်”

“စိတ်စွမ်းအား လမ်းစဉ်လား၊ နားထောင်ရတာ မဆိုးဘူး”

လင်းဟွမ်က သွေးရဲရဲလေး၏ ရှင်းပြချက်ကို ကြားပြီးနောက် ယုံကြည် လက်ခံသွားသည်။

“အဖွဲ့ခွဲ (၃) မှာ ငါရဲ့ အထောက်အထား အသစ်ကြောင့် ဓါး သုံးရတာ အဆင်မပြေဘူး။ ငါ့ရဲ့ အဝေးရောက် တိုက်ခိုက်မှုကလည်း အကန့်အသတ်

ရှိတယ်။ ဒါကြောင့် အများဆုံး ငါတိုက်ခိုက်နိုင်တဲ့ အဆင့်က အင်မော်တယ်အဆင့် (၂) ဒါမှမဟုတ် အဆင့် (၃) မွန်းစတား တစ်ကောင်ကိုပဲ တိုက်ခိုက်နိုင်မှာ”

ချီမူရှုံး၏ မှတ်ဉာဏ်ထဲတွင် စိတ်စွမ်းအားစွမ်းရည်နှင့် ပတ်သက်သည့် ကျင့်စဉ်နှင့် နည်းစနစ်များစွာ ရှိသော်လည်း အစောပိုင်းတွင် လင်းဟွမ်သည် လေ့ကျင့်ရန် အချိန် မရှိခဲ့ပေ။ စိတ်စွမ်းအားကို ကျွမ်းကျင်လာစေရန် အချိန်ပေးရသောကြောင့် ဘေးဖယ်ထားခဲ့ခြင်းပင် ။ ယခုမူ ဖြတ်လမ်း ရှိလာပြီဖြစ်သဖြင့် မည်သည့်ကိစ္စကြောင့် လက်လွှတ် ပေးရမည်နည်း။

“ဟုတ်ပြီ။ ဒါဆိုရင် ငရဲ ချိန်နဲ့ ကလေးငယ်ဆီ သွားကြစို့”

# အခန်း(၆၂၉) - ဒုတိယမြောက် အန္တရာယ် အများဆုံး တားမြစ်နယ်မြေ။

အင်မော်တယ် အဆင့် (၆) ငရဲချိန်နဲ့ ကလေးငယ်၏ မီးစာမှာ အရင်းအမြစ်ကောင်း တစ်ခုဖြစ်သလို ဆင့်ခေါ်မွန်းစတား အဖြစ်လည်း အကောင်းဆုံး ရွေးချယ်မှုတစ်ခု ဖြစ်သည်။ အဓိကအားဖြင့် တားမြစ်နယ်မြေ ဖြစ်သည့် အသူရာချောက်ကြီး၏ ဒုတိယအလွှာတွင် ရှိနေသောကြောင့် ၎င်းကို မည်သူမှ ဖမ်းမိခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း မပြုလုပ်ခဲ့ကြပေ။

အသူရာ ချောက်ကမ်းပါး ဆိုသည်မှာ ပထမဦးဆုံး မျက်လုံးတု မပွင့်ခင် လွန်ခဲ့သောနှစ်ပေါင်း (၈၀၀) ကတည်းက တည်ရှိခဲ့ပြီး ဤကမ္ဘာပေါ်တွင် ဒုတိယမြောက် အန္တရာယ် အများဆုံး တားမြစ်နယ်မြေပင်။

အသူရာ ချောက်ကမ်းပါကြီးက ကမ္ဘာတစ်ခုလုံးနီးပါး လွှမ်းခြုံထား၏။ အကယ်၍ လူတစ်ယောက်က ကမ္ဘာ့မြေပုံကို အဆပေါင်းများစွာ သေးငယ်အောင် ပြုလုပ်၍ ကြည့်မည်ဆိုပါက အသူရာ ချောက်ကမ်းပါကြီးသည် အလွန် ကြီးမားပြီး ရှုပ်ထွေးသော ပင့်ကူအိမ်ကြီးနှင့် တူနေပေလိမ့်မည်။ သမုဒ္ဒရာက

ဘေးကင်းဇုန် (၁၂) ခုရှိသည့်အနက် (၈) ခုကို လွှမ်းခြုံထားပြီး အသူရာ ချောက်ကမ်းပါးကြီးကမူ ဇာတိမြေ အပါအဝင် ဘေးကင်းရေးဇုန် (၁၃)ကို လွှမ်းခြုံထားသည်။

မစ္စတာဖူးနှင့် ဘေးကင်းဇုန်များ တည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသော လူများသည် ထိုကိစ္စကို ပက်သက်၍ မဖြေရှင်းနိုင်ခဲ့ကြပေ။ ကမ္ဘာကြီး၏ မည်သည့် နေရာတွင်မဆို ဘေးကင်းဇုန် တည်ဆောက်ပါစေ ထိုအရာအားလုံးက အသူရာ ချောက်ကမ်းပါး အပေါ်တွင်သာ အမြဲတမ်း တည်ရှိနေလိမ့်မည်။

အသူရာ ချောက်ကမ်းပါးထဲတွင် သာလွန် အဆင့်အောက် မွန်းစတားများ မရှိသဖြင့် ဤတားမြစ် နယ်မြေသည် အန္တရာယ် ကြီးမားလွန်း၏။ အသူရာ ချောက်ကမ်းပါးထဲမှ အားအနည်းဆုံး မွန်းစတားပင် သန့်ရှင်း မီးလျှံအဆင့် ရှိသည်။ အသူရာ ချောက်ကမ်းပါး၏ ပထမအလွှာတွင် အင်မော်တယ်အဆင့် မွန်းစတားများစွာ ရှိသည်။

ငရဲချိန်နဲ့ ကလေးငယ်ကမူ အသူရာ ချောက်ကမ်းပါး၏ ဒုတိယအလွှာတွင် ရှိနေပြီး ထိုနေရာတွင် အားအနည်းဆုံး မွန်းစတားမှာ အင်မော်တယ် အဆင့် (၁) ဖြစ်ပြီး အင်ပါယာအဆင့် မွန်းစတားများပင် ရှိသေးသည်။

တတိယအဆင့်တွင် အင်ပါယာအဆင့် မွန်းစတားများက အား အနည်းဆုံး ဖြစ်ပြီး နတ်ဘုရားတစ်ပိုင်း မွန်းစတားများပင် ရှိနေသောကြောင့် ဝင်မရဲကြပေ။

အတုယောင်ဇုန် ဟုခေါ်သော နေရာမှာ အသူရာ ချောက်ကမ်းပါး၏ စတုတ္ထအလွှာတွင်ရှိပြီး ကမ္ဘာပေါ်၌ အန္တရာယ်အများဆုံး တားမြစ်နယ်မြေ ဖြစ်၏။ ထိုနေရာ၏ဝင်ပေါက်သည် တတိယအလွှာတွင် တည်ရှိပြီး ဖွင့်သည့် အချိန်နှင့်နေရာမှာ အချိန်တိုင်း ပြောင်းလဲနေသည်။ ဝင်ပေါက် ပွင့်သည့် ကြာချိန်မှာလည်း အချိန်နှင့်အမျှ ပြောင်းလဲနေသည်။

ဒါသည် ပုံစံ မမှန်သော ဟင်လင်းပြင် အပျက်အစီး တစ်ခုကဲ့သို့ ဖြစ်နေသဖြင့် အတုယောင် ဇုန်ဟု ခေါ်ဆိုကြခြင်းပင်.....။

အတုယောင်ဇုန်၏ တည်ရှိမှုသည် ပထမဦးဆုံး မျက်လုံးတု မပွင့်ခင် တည်ရှိခဲ့သော အသူရာ ချောက်ကမ်းပါးကြီးနှင့် ဆင်တူသည်။ သို့ရာတွင် ရှေးခေတ်မှတ်တမ်း အားလုံး၌ ထိုအထဲသို့ ဝင်ပြီးနောက် အသက်ရှင်ကျန်ရစ်သူ ရှိကြောင်း ဖော်ပြထားခြင်း မရှိပေ။ သီးခြားတည်ရှိသော ဤတားမြစ်နယ်မြေက အရာအားလုံးကို ဝါမြိုနေသော တွင်းနက်ကြီး တစ်ခုကဲ့သို့ပင်။

လင်းဟွမ်သည် သူ၏ ယခုလက်ရှိ စွမ်းရည်ကြောင့် အသူရာချောက်ကမ်းပါးကြီးထဲတွင် စွန့်စားချင်စိတ် မရှိပေ။ အကယ်၍ မလိုအပ်ပါက ပထမအဆင့်၌သာ စူးစမ်းလေ့လာပြီး အသက်အန္တရာယ် ရှိသည့် ဒုတိယ အလွှာကို မသွားချင်ပေ။ သို့သော်လည်း ငရဲချိန်နဲ့ ကလေးငယ်ကို သတ်ဖြတ်ခြင်းမှ ရရှိမည့် အကျိုးကျေးဇူး အားလုံးကို ကြားသိပြီးနောက် ဤတစ်ကြိမ်တွင် စွန့်စားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ဒါက အသူရာ ချောက်ကမ်းပါးကြီးရဲ့ ဒုတိယအလွှာ ဆိုပေမယ့် ငရဲချိန်နဲ့ ကလေးငယ် ရှိနေတဲ့ ကိုဩဒိနိတ်ကို

ရှာပြီး သတ်ပြီးတာနဲ့ ချက်ချင်း ပြန်ထွက်လာရင် ဘေးကင်းမှာပါ”

လင်းဟွမ်က သူ့ကိုယ်သူ ပြန်နှစ်သိမ့်လိုက်သည်။ သူ့လက်ထဲတွင် နတ်ဘုရားသတ် အမြှောက် ခြောက်လက်ရှိပြီး သုံးချက်၊ လေးချက်မျှ ပစ်ခတ်ရုံဖြင့် အတိုင်းအတာ တစ်ခုထိ ဘေးကင်းနိုင်သည်။

ဤခရီးစဉ်အတွက် လိုအပ်သော အရာများကို နေ့လယ်ပိုင်းနှင့် ညနေ တစ်ဝက်ခန့် ပြင်ဆင်ပြီးနောက် ချက်ခြင်း အိပ်ယာဝင်လိုက်သည်။

ဤအတောအတွင်း၌ ယင်မိသားစုက တစ်နေ့လုံး စုံစမ်းမှုမျိုးစုံ လုပ်နေကြောင်း သူ မသိလိုက်ပေ။

ညနက် သန်းခေါင်ယံ အချိန်.....

ယောင်ဟွမ်ဟွမ်၏ အဖေ၊ အမေနှင့် အမ ယောင်လန်းတို့သည် စာကြည့်ခန်းထဲတွင် စုဝေး နေကြသည်။

"အဲဒီကောင်နဲ့ ပတ်သက်ပြီး တစ်ခုခု ရပြီလား"

အမေက မေးလိုက်သည်။

"ဒီကောင်လေးက အရမ်း ဖုံးကွယ်ထားတယ်။ သူ့ရဲ့ အင်ပါယာ နှလုံးသားလက်စွပ်နဲ့ ကွန်ရက်မှတ်တမ်းမှာ အမှားအယွင်း လုံးဝမရှိဘူး။ အရင်ကလည်း 'ရုပ်ရှင်တွေ' ကို တစ်ခါမှ ဒေါင်းလုဒ် မလုပ်ဖူးဘူး။ ပြောချင်တာက သူ

ကလေးဘဝက 'ရုပ်ရှင်' တွေ တစ်ခါမှ မကြည့်ဖူးဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ ငါ ငယ်ငယ်တုန်းက ဆိုရင်......

အဖေ ဖြစ်သူသည် သူ့မိန်းမက ဒေါသတကြီး စိုက်ကြည့် နေသည်ကို တွေ့လိုက်လျှင် စကား တစ်ဝက်၊တစ်ပျက်နှင့် ရပ်တန့်သွားပြီး စကားလမ်းကြောင်း ချက်ချင်း ပြောင်းလိုက်သည်။

"အဟမ်း၊ ဒါက ကိစ္စ တော်တော်များများ ဖုံးကွယ်ထားတယ်ဆိုတာ ပြသနေတယ်။ စုံစမ်းတဲ့ အချိန်နည်းလို့ စုံစမ်းစစ်ဆေးတဲ့ လူတွေက သူ့ရဲ့ အခြေခံ အချက်အလက်တွေကိုပဲ ရှာတွေ့နိုင်တယ် ဆိုပေမယ့် သူ့အတွက် အထောက်အထားတွေကို ဖုံးကွယ်

ပေးထားတဲ့ အင်အားကြီး အဖွဲ့အစည်း တစ်ခုခု ရှိနေတယ်ဆိုတာ သက်သေ ပြနေတယ်။ ဂုဏ်သိက္ခာရှိတဲ့ မိသားစုထဲက အဖွဲ့ဝင်တစ်ယောက် ဖြစ်နေလို့ ဒီလိုမျိုး သူ့ရဲ့ အထောက်အထားကို ဖုံးကွယ်ထားတာ ဟုတ်ရင်ဟုတ်။ မဟုတ်လို့ကတော့ မြေအောက် အဖွဲ့အစည်း တစ်ခုရဲ့ အဖွဲ့ဝင် ဖြစ်နေရင်တောင် မဆန်းတော့ဘူး။ သူနဲ့ သက်ဆိုင်တဲ့ မြေအောက်အဖွဲ့အစည်းကို စုံစမ်းဖို့ ငါတို့ မလုပ်နိုင်တာလည်း ဖြစ်နိုင်တယ်”

"ဒါဆိုရင် မင်းက ဒီကောင်အကြောင်းနဲ့ ပက်သက်ပြီး ဘာမှရှာမတွေ့ဘူးလို့ ပြောနေတာလား"

အမေဖြစ်သူက စုံစမ်း စစ်ဆေးမှုရလဒ်ကို မကျေနပ်ပေ။

"အဲ့လိုတော့ မပြောပါနဲ့၊ အနည်းဆုံးတော့ သူက ငါတို့ဟွမ်ဟွမ်ကို စိတ်မဝင်စားဘူး ဆိုတာ ငါ သိလာတယ်လေ"

အဖေဖြစ်သူက သွားလေးဖြဲပြီး ပြန်ပြောလိုက်သည်။

"ဘာကြောင့် ဒီလို ပြောတာလဲ"

အမေဖြစ်သူက မေးလိုက်သည်။

" ဒီကောင်က ဒီနေ့ပဲ အသူရာ ချောက်ကမ်းပါးကြီးထဲ သွားဖို့ လက်မှတ် ဝယ်ပြီးပြီး။ မနက်ဖြန်ဆို ဖယ်ရှားခြင်းမြို့က ထွက်သွားတော့မှာ"

သူက ကျယ်လောင်စွာ ပြုံးလိုက်သည်။

"သူက ကြက်သွေးရောင် မီးလျှံအဆင့်ပဲ ရှိသေးတယ်လေ။ ဒါတောင် အသူရာ ချောက်ကမ်းပါးကြီးထဲ သွားမှာလား။ သေတွင်း သွားတူးဖို့လား"

ယောင်လန်း မျက်လုံးပြူးသွားသည်။

"ကို့ကိုယ်ကို အထင်ကြီးတယ်ဆိုတာ အထွတ်အထိတ် ပါရမီရှင်တွေအတွက်တော့ ပုံမှန်ပါပဲ။ သမီးလည်း

အဖြူရောင်မီးလျှံအဆင့် ရောက်တဲ့အချိန်က အသူရာ ချောက်ကမ်းပါးကြီးထဲ သွားကြည့်ချင်တယ်လို့ မပြောခဲ့ဖူးဘူးလား။"

အဖေဖြစ်သူသည် လင်းဟွမ်က သူ့သမီးကို စိတ်မဝင်စားကြောင်း သိပြီးနောက် လင်းဟွမ်အပေါ် ဘက်မလိုက်သော သုံးသပ်ချက်ကို သုံးသပ်ပြလိုက်သည်။

"နောက်ပြီးတော့ ဟွမ်ဟွမ်ရဲ့ ပြောစကား အရဆို ဒီကောင်လေးက အသူရာ ချောက်ကမ်းပါးကြီးရဲ့ ပထမအလွှာ သွားလည်း ဘေးအန္တရာယ် ကြုံရနိုင်ခြေနည်းပါးတယ်”

"သူက အသူရာ ချောက်ကမ်းပါးထဲ သွားမယ်ဆိုလည်း ဘာဖြစ်လို့ တခြားမြို့က မသွားပဲ ဖယ်ရှားခြင်းမြို့ကိုမှ လာရတာလဲ"

ယောင်လန်းသည် အလွန်ထူးဆန်းသော ဤလူက သူ့ညီမနှင့် အလွန် ရင်းနှီးနေရသည့်အတွက် နားမလည် နိုင်သေးပေ။

(အဲဒါက ငါ့ညီမကွ။ ခွေးမသားရဲ့)

ထူးဆန်းသော ဤလူက ယောင်ဟွမ်ဟွမ် လက်အား ကိုင်ထားသည့်ဓါတ်ပုံကို မြင်လိုက်ရသည့် အချိန်၌ ညအလယ်တွင် ထမ်းဆောင်ရမည့် တာဝန်ကိုပင်

ငြင်းဆန်ခဲ့သည်။ မနက်က သူမ ပြောခဲ့သမျှ စကားများသည် အကြောင်းပြချက် တစ်ခုသာ ။

"ဖယ်ရှားခြင်းမြို့ကို ရည်ရွယ်ချက်ရှိရှိ လာခဲ့တာ မဟုတ်ဘူးဆိုတာ ငါသိခဲ့တယ်။ သူ့ကို တခြား ဘေးကင်းရေးဇုန်ရဲ့ ပေါ်တယ်ကနေ ပို့လိုက်တာပဲ"

စန်ပနင့် လင်းဟွမ်တို့ အဖြစ်အပျက်ကို မြင်ခဲ့သည့်လူက များသဖြင့် ရှာဖွေရန် မခက်ခဲပေ။

"အဖေ ပြောချင်တာက ဒီကောင်က အဓိကဇုန် အပြင်ဘက်ကနေ လာခဲ့တာလား"

ယောင်လန်းက မျက်ခုံးပင့်သွားသည်။

"အဓိကဇုန် အပြင်ဘက်မှာလည်း အထွတ်အထိပ် ပါရမီရှင်တွေ ရှိတယ်"

ဖယ်ရှားခြင်းမြို့ရှိ နေရာကူးပြောင်းခြင်း ပေါ်တယ်မှာ အဓိကဇုန်ပြင်ပရှိ ကွဲပြားသောနေရာများမှ လူများကို ကျပန်းစေလွှတ်ခြင်းသာ....

ဖယ်ရှားခြင်းမြို့အပြင် အမှတ် (၁ - အေ) မှ အမှတ် (၁၀- အေ) ဝပ်ကျင်းရှိ ပေါ်တယ်များအပြင် အဖွဲ့ခွဲ (၃) ရှိ (အေ) အဆင့် အခြား ဝပ်ကျင်းအားလုံးကိုလည်း တစ်ချိန်တည်း ပို့ဆောင်ပေးခြင်း ဖြစ်သည်။ ထိုကဲ့သို့ ပို့ဆောင်မှုက တစ်ရက်လျှင် တစ်ကြိမ်သာ ပြုလုပ်သည်။

အဖွဲ့ခွဲ (၃) ရှိ ပေါ်တယ်များသည် ဘေးကင်းဇုန်များကို ဖြတ်ကျော်၍ ပို့ဆောင်ခံ ရသူများကို တစ်ပြိုင်နက်တည်း လက်ခံ ရရှိကြသည်။ ထို့ကြောင့် ဖယ်ရှားခြင်းမြို့ကို လင်းဟွမ်က မည်သည့်နေရာမှ ရောက်လာလဲ ဆိုသည်ကို မဆုံးဖြတ်နိုင်ပေ။

ယောင်လန်း၏ သံသယစကားကို ကြားသောအခါ အဖေဖြစ်သူက

"လန်းအာ ဘယ်နေရာမှာပဲ မွေးမွေး ဘယ့်သူကိုမှ လျှော့မတွက်နဲ့၊ အခြား နေရာတွေမှာလည်း အဖွဲ့ခွဲ (၁၊၂၊၃) က လူတွေနဲ့ ယှဉ်နိုင်တဲ့ ထူးချွန်ထက်မြက်တဲ့ အထွတ်အထိတ် ပါရမီရှင်တွေ ရှိတယ်၊

အခြားဌာနခွဲတွေမှာ အထွတ်အထိတ် ပါရမီရှင်တွေ ရှိတယ်ဆိုတာ ပုံမှန်ပဲ"

ယောင်လန်းက စားပွဲကိုစိုက်ကြည့်ရင်း တိတ်ဆိတ်နေသည်။ သူမ ဘာတွေးနေလဲ ဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။

ခဏအကြာ စားပွဲပေါ် ငုံ့ကြည့်နေရာမှ ခေါင်းမော့လာပြီး.....

"ငါလည်း အသူရာ ချောက်ကမ်းပါးကို သွားမယ်။ အဲဒီမှာ တာဝန်တစ်ခု ရှိတယ်"

"လန်းအာ၊ အဲ့ဒီကလေးကို ပြဿနာ မရှာပါနဲ့တော့။ နောက်ပြီးတော့ သူက ငါတို့မိသားစုကို ဘာမှမလုပ်ခဲ့ဘူး။

သူ့ကို ပြဿနာရှာလိုက်ရင် သူ့နောက်က အဖွဲ့အစည်းကို စော်ကားလိုက်သလို ဖြစ်သွားလိမ့်မယ်”

အဖေ ဖြစ်သူက မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

"စိတ်မပူနဲ့၊ ငသူ့ကို ပြဿနာ ရှာမှာမဟုတ်ဘူး။ တာဝန်အတွက် သွားမှာ။ ဟွမ်ဟွမ်နဲ့ ပတ်သက်ပြီး လူပြောများနေတဲ့ လူက ဘယ်လိုလူလဲဆိုတာ ငါ ကြည့်မယ်။"

ယောင်လန်းက ပြုံးပြီး ပြောလိုက်သည်။

## အခန်း(၆၃၀) - ယောင်လန်း၏ စုံစမ်းစစ်ဆေးမှု။

နောက်တစ်နေ့ မနက်......

လင်းဟွမ်သည် မနက်စာ စားပြီးနောက် ဟိုတယ်မှ ထွက်လာကာ အသူရာ ချောက်ကမ်းပါးသို့ ပို့ဆောင်မည့် ပေါ်တယ်ဂိတ်သို့ ထွက်လာခဲ့သည်။

အသူရာချောက်ကမ်းပါးသို့ သွားမည့် ပေါ်တယ်မှာ ဝပ်ကျင်း တစ်ခုနှင့်တစ်ခု နေရာကူးပြောင်းသည့် ပေါ်တယ်နှင့် မတူညီသောနေရာတွင် တည်ရှိပြီး ထိုနေရာနှစ်ခုမှာ ကီလိုမီတာ ရာနှင့်ချီပြီး ဝေးကွာသည်။

သာမန် နေရာကူးပြောင်းခြင်း ပေါ်တယ်ကဲ့သို့ပင် နေ့စဥ် ပြုပြင်ထိန်းသိမ်းမှုကို ကိုင်တွယ်သည့် အဖွဲ့တစ်ဖွဲ့ရှိပြီး လုပ်ဆောင်သည်။

နေရာ ကူးပြောင်းခြင်းပေါ်တယ်ကို တစ်နေ့လျှင် တစ်ကြိမ် မနက် (၉) နာရီတွင်သာ ဖွင့်လှစ်သည်။ အကယ်၍ ထိုတစ်ကြိမ်ကို လွတ်သွားပါက လက်မှတ် နောက်တစ်စောင် ဝယ်ယူပြီး နောက်တစ်နေ့တွင် ပြန်လာရလိမ့်မည်။

လင်းဟွမ် ရောက်သွားသောအခါ နေရာကူး ပြောင်းခြင်း ပေါ်တယ်တွင် စောင့်ဆိုင်းနေသော လူများမှာ (၃၀) ၊ (၄၀) ခန့်ရှိနေပြီ ဖြစ်၏။ အများစုက

အနီးအနားရှိ ဆိုင်များတွင် မနက်စာစားခြင်း သို့မဟုတ် ကော်ဖီသောက်ခြင်းများ ပြုလုပ်နေကြသည်။ အချို့က ခုံတန်းလျားပေါ်တွင် ထိုင်ပြီး ဆိုရှယ် မီဒီယာ စာမျက်နှာပေါ်မှ သတင်းများကို ဖတ်နေကြ၏။

လင်းဟွမ်က ကော်ဖီဆိုင်တစ်ခုထဲ ဝင်သွားပြီး ဘလက်ကော်ဖီ တစ်ခွက်မှာကာ ထိုင်လိုက်သည်။ ထို့နောက် သတင်းကို စတင် ဖတ်ရှုလိုက်သည်။

ခဏအကြာ စားပွဲထိုးလေးက ကော်ဖီ လာချပေးသည်။

လင်းဟွမ်သည် ကော်ဖီသောက်နေရင်း ပေါ်တယ် ဖွင့်မည့်အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေလိုက်သည်။

လင်းဟွမ် ကော်ဖီ သောက်နေစဉ် အသက် (၂၀) အရွယ် မိန်းမပျိုလေး တစ်ယောက်က ကော်ဖီဆိုင်ထဲ ဝင်လာသည်။ ထိုမိန်းမပျိုလေးက လင်းဟွမ်ကို မြင်လိုက်လျှင် ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။ နံရံဆေးရေး ပန်းချီကားကို မျက်နှာမူထိုင်ပြီး ကော်ဖီသောက်နေသော လင်းဟွမ်စားပွဲထံ ဦးတည် လျှောက်သွားလိုက်ကာ

"ဟိုင်း ဒီမှာ ထိုင်နေတဲ့လူ ရှိလား"

မိန်းမပျိုလေးက လင်းဟွမ် စားပွဲဘေးတွင် မတ်တပ် ရပ်ပြီး မေးလိုက်သည်။

"မရှိဘူး"

လင်းဟွမ်က သတင်းကို စိတ်ဝင်တစား ဖတ်နေပြီး မော့မကြည့်ဘဲ ဖြန်ဖြေလိုက်သည်။

လင်းဟွမ်က သူမကို မော့ကြည့်ရန်ပင် စိတ်မဝင်စားကြောင်း သိလိုက်လျှင် မိန်းမပျိုလေး မျက်မှောင်ကြုတ်သွားသည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် မိန်းမပျိုလေးက ရုတ်တရက်

"အမ်၊ မင်းက ယောင်ဟွမ်ဟွမ်နဲ့ ချိန်းတွေ့ခဲ့တဲ့လူ မဟုတ်လား"

လင်းဟွမ်က မော့ကြည့်ပြီး မိန်းမပျိုလေးကို လေ့လာလိုက်သည်။ သူ့ မျက်လုံးများ တောက်ပလာသည်။

သူမကို ကြည့်ရသည်မှာ အသက် (၂၀) ပြည့်ရုံမျှသာရှိပြီး အရပ်က (၁.၇) မီတာနီးပါး မြင့်မားသည်။ ရှည်လျားသော ခြေတံတစ်စုံနှင့် ချစ်စရာကောင်းသော ခန္ဓာကိုယ်လေး ရှိသော်လည်း ရင်သားမှာ သေးငယ်လွန်းလှ၏။

"မင်း လူမှားနေပြီ"

လင်းဟွမ်က သူမကို အကဲခတ်ပြီးနောက် အဝေးကို အကြည့်လွှဲပြီး ပြောလိုက်သည်။

"မဖြစ်နိုင်ပါဘူး။ ပုံထဲကလူက မင်းနဲ့ အတူတူပဲ"

မိန်းမပျိုလေးက အံ့အောသလို ပြောလိုက်ပြီး ဓါတ်ပုံ မျက်နှာပြင်ကို ထုတ်ပြလိုက်သည်။

"ဒါက ယောက်ျားတစ်ယောက်ကို ဘေးတိုက် ရိုက်ထားတဲ့ပုံပဲ။ ငါနဲ့ ခပ်ဆင်ဆင် တူတယ်ဆိုတာ ဝန်ခံတယ်၊ ဒါပေမယ့် သေသေချာချာ ကြည့်လိုက် ငါ့လောက် မချောဘူးဆိုတာ သိလိမ့်မယ်"

လင်းဟွမ်က ပါးစပ်ထဲ ရှိသည့်စကားကို ပြောလိုက်သည်။

"အဲ့ဒီသတင်း တက်လာတဲ့ ညကတည်းက လူတွေက ငါနဲ့တူတယ်လို့ ပြောတယ်။ ငါလည်း အဲ့ဒီကိစ္စကြောင့် စိတ်တိုနေပေမဲ့ သတင်းထဲက ကောင်လေးက ငါ မဟုတ်ဘူးလို့ မင်းကို ထပ်ပြောလိုက်မယ်။ မင်း

ခါတ်ပုံကို နည်းနည်းလေး စောင်းကြည့်လိုက်..... ငါ့နဲ့ မတူဘူး..... တွေ့လား"

မိန်းမပျိုလေးသည် လင်းဟွမ်က ဤမျှ မျက်နှာပြောင်တိုက်ပြီး ပြောင်ပြင်းလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားသည်။ အကယ်၍ သူမသာ သေသေချာချာ မသိပါက သူ့စကားကို ယုံစားမိလိမ့်မည်။

"ဒါက မင်းပဲ...... မငြင်းနဲ့တော့.......”

"ဒီမှာ အမျိုးသမီး၊ မင်း တကယ် လူမှားနေပြီ၊ ငါတို့က အဝတ်အစားလည်း မတူဘူး တွေ့လား......”

လင်းဟွမ်က ဆက်လက် ငြင်းဆိုလိုက်သည်။

"အဝတ်အစား မတူဘူးလား....."

မိန်းမပျိုလေး ကြောင်သွားသည်။ ထို့နောက် လင်းဟွမ်ကိုကြည့်လိုက် ဓါတ်ပုံကို ကြည့်လိုက် လုပ်ပြီးနောက်....

"အဝတ်အစားက လဲလို့ရတယ်၊ မင်း ငါ့ကို သုံးနှစ်သားကလေးလို့ ထင်နေတာလား"

"ငါက သတင်းထဲကလူ မဟုတ်ပါဘူးလို့ မင်းကို ပြောပြီးပြီလေ။ မင်း ငါ့ဆီက ဘာလိုချင်တာလဲ”

လင်းဟွမ်က လက်နှစ်ဖက်ဖြန့်ပြီး မေးလိုက်သည်။

"မင်း ဝန်ခံခံ၊ မခံခံ မင်းပဲဆိုတာ ငါသိတယ်"

မိန်းမပျိုလေးက မရမက ပြောဆိုနေသည်။

"ယုံယုံ၊ မယုံယုံ မင်းကိစ္စပဲ။ ငါနဲ့မဆိုင်ဘူး"

လင်းဟွမ်ကလည်း ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲဘူး ဟူသောမူကို စွဲကိုင်ထားသည်။

နောက်ဆုံးတွင် ဝန်ထမ်းတစ်ယောက် ကော်ဖီ လာချပေးသဖြင့် စကား စ ပြတ်သွားသည်။

ထို့နောက် လင်းဟွမ်က သတင်း ဆက်ဖတ်နေခဲ့သည်။

မိန်းမပျိုလေးက ကော်ဖီတစ်ငုံ သောက်ပြီးနောက် မေးခွန်း ထုတ်လာပြန်သည်။

"မင်းနဲ့ ယောင်ဟွမ်ဟွမ် ဆက်ဆံရေးက ဘယ်လိုလဲ"

"ငါတို့မှာ ဘာ ဆက်ဆံရေးမှ မရှိဘူး။ သူမကို သိတောင်မသိဘူး"

လင်းဟွမ်က မော့မကြည့်ဘဲ တိုးတိုးလေး ပြန်ဖြေလိုက်သည်။

"ကောင်းပြီလေ၊ ငါ လူမှားတယ်ပဲ ထားလိုက်ပါတော့။"

နောက်ဆုံးတွင် မိန်းမပျိုလေး လက်လျှော့လိုက်ရသည်။

"အစကတည်းက ငါပြောပြီးသားပဲ၊ မင်း မယုံတော့ ငါလည်း ဘာမှ မတတ်နိုင်ဘူး”

လင်းဟွမ်က သတင်း စာမျက်နှာကို ဆက်ကြည့်နေရင်း ပြောလိုက်သည်။

" ယောင်ဟွမ်ဟွမ်ကို မသိဘူးလို့ပြောတော့ မင်းက ဖယ်ရှားခြင်းမြို့က မဟုတ်ဘူးလို့ ပြောချင်တာလား။ ယောင်ဟွမ်ဟွမ်က ဖယ်ရှားခြင်းမြို့ရဲ့ မင်းသမီးလေးလေ။ ဝပ်ကျင်းထဲမှာ မသိတဲ့လူ မရှိဘူး။ သူမနဲ့ မတွေ့ဖူးရင်တောင် နာမည်တော့ ကြားဖူးကြတယ်"

မိန်းမပျိုလေးက ဆက်လက် စုံစမ်းနေသည်။

"ဟုတ်တယ်၊ ဒီက မဟုတ်ဘူး"

လင်းဟွမ်က တိုရင်းလိုရှင်း ပြန်ဖြေလိုက်သည်။

"ဒါဆို မင်းက ဘာဖြစ်လို့ ဖယ်ရှားခြင်းမြို့ကို ရောက်နေတာလဲ"

မိန်းမပျိုလေးက မေးလိုက်သည်။

လင်းဟွမ်သည် ထိုစကားကိုကြားလျှင် မျက်မှောင်ကြုတ်သွားသည်။ အကယ်၍ မိန်းမပျိုလေးက သတင်းအကြောင်း စိတ်ဝင်စား၍ မေးပါက ယောင်ဟွမ်ဟွမ်နှင့် ပတ်သက်သော အကြောင်းသာ မေးရမည်။ အမှန်တကယ်ဆို ယောင်ဟွမ်ဟွမ်၏ ကျော်ကြားမှု အရှိန်အဟုန်က ကြီးမားပြီး သူက ဘေးထွက် အစွန်အပါးလေးမျှသာ ဖြစ်၍ လူတိုင်း ဂရုစိုက်နေရမည့် လူမျိုး မဟုတ်ချေ။

သို့သော်လည်း ယခုမူ မိန်းမပျိုလေးက ယောင်ပွှမ်ပွှမ်အစား သူ့ကို အာရုံစိုက်နေကြောင်း သတိထားလိုက်မိသည်။

"ဒီအတိုင်း ဖြတ်သွားရုံပါ”

လင်းပွှမ်က ခပ်တိုတို ပြန်ဖြေလိုက်သည်။

"ဒါဆို မင်း ဘယ်ကလာတာလဲ။"

"ဘာဖြစ်လို့ မခန့်မှန်းကြည့်တာလဲ"

လင်းပွှမ်က မိန်းမပျိုလေးကို စိုက်ကြည့်လိုက်ပြီး သူ့အား စုံစမ်းမေးမြန်းနေခြင်း ဟုတ်၊ မဟုတ် အဖြေရှာရန် ကြိုးစားလိုက်သည်။

"ငါ မခန့်မှန်းတတ်ဘူး။ မင်း မပြောချင်ရင်လည်း မေ့လိုက်ပါ"

မိန်းမပျိုလေးသည် သူမထောင်ချောက်ထဲ မကျရောက်သောကြောင်း သိသည်နှင့် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဘာဖြစ်လို့ အသူရာ ချောက်ကမ်းပါးထဲ သွားမှာလဲ"

"မီးစာမွန်းစတား အမဲလိုက်ဖို့"

လင်းဟွမ်က အမှန်အတိုင်း ပြောလိုက်သည်။

"ငါရောပဲ။ ငါ့နာမည်က လန်းယောင်၊ ငါတို့နှစ်ယောက် အဖွဲ့ ဖွဲ့ရအောင်"

ယောင်လန်းက နာမည် အတုသုံး၍ အဖွဲ့ဖွဲ့ရန် အဆိုပြုလိုက်သည်။

"မလိုဘူး"

လင်းဟွမ်က တိုက်ရိုက် ငြင်းလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ငါတို့နှစ်ယောက် အတူတူရှိနေရင် ပိုပြီး လုံခြုံမယ် မဟုတ်ဘူးလား"

"ငါက တစ်ယောက်တည်း လုပ်ရတာ ကြိုက်တယ်"

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

"ဒါဆို မင်းက ငါ့ကို တစ်ယောက်တည်း သွားစေချင်တာလား။ ငါ တစ်ခုခု ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

ယောင်လန်းက သနားစရာကောင်းသော မျက်နှာ အမူအရာလေး လုပ်ပြလိုက်သဖြင့်

"ဒါဆို မင်း မသွားနဲ့လေ။ ဒါမှမဟုတ် မင်းနဲ့ လိုက်ခဲ့ဖို့ သူငယ်ချင်း နည်းနည်းလောက် ခေါ်လိုက်ပေါ့။ မီးစာမွန်းစတား အမဲလိုက်ဖို့ဆို ဒီနေ့ပဲ သွားသွား၊ မနက်ဖြန်ပဲ သွားသွား ဘာမှမထူးဘူး”

ယောင်လန်းသည် လင်းဟွမ်၏ စကားက အကျိုးအကြောင်း ခိုင်လုံနေသဖြင့် ဘာ ဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"မင်း ဘာဖြစ်နေတာလဲ"

ယောင်လန်းသည် လင်းဟွမ်က သူမ၏ ကမ်းလှမ်းမှုကို အကြိမ်ပေါင်းများစွာ ငြင်းဆိုလိမ့်မည်ဟု မထင်ထားခဲ့ချေ။

"ဒီမှာ အမျိုးသမီး၊ မင်းကို ဒွဲပဲမေးမယ်။ ငါတို့သွားမယ့် လမ်းကလည်း မတူဘူး။ ငါက အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာကို သွားမှာ။"

သူမအတွက်မူ လင်းဟွမ်က ကြက်သွေးရောင် မီးလျှံအဆင့်မျှသာ ဖြစ်သောကြောင့် သူ့နောက် မလိုက်စေရန် အစီအစဉ်ကို ထုတ်ပြောလိုက်သည်။

"မင်းက ဒုတိယအလွှာကို သွားမှာလား။"

ယောင်လန်းသည် ထိုစကားကို ကြားလိုက်လျှင် အံ့အားသင့်သွားပြီး လင်းဟွမ်က လိမ်ပြောနေခြင်း မဟုတ်ကြောင်း သူမ ပြောနိုင်သည်။ သို့သော်လည်း အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာမှာ အင်မော်တယ်အဆင့် (၃) ရောက်နေသော သူမအတွက်ပင် သွားရောက်သင့်သည့် နေရာ မဟုတ်ပေ။

ယခုမူ လင်းဟွမ်က ကြက်သွေးရောင် မီးလျှံအဆင့်သာ ရှိသေးသော်လည်း ဒုတိယအလွှာသို့ သွားရန် သတ္တိ ရှိနေသည်။ သူ့အတွက် ကိုယ့်သေတွင်းကိုယ် တူးနေခြင်းပင်။

"မင်းက ကြက်သွေးရောင် မီးလျှံအဆင့်ပဲ ရှိသေးတယ်လေ။ ဒုတိယအလွှာကို သွားမယ်ဆိုတော့ အဲဒီမှာ သေဖို့ စိတ်ကူးထားတာလား။"

"ငါလည်း မသွားမဖြစ်လို့ သွားရမှာ။ ငါ ရှာနေတဲ့ မီးစာမွန်းစတားက ဒုတိယအလွှာမှာပဲ ရှိတော့ သတ်ပြီးတာနဲ့ ချက်ချင်း ပြန်ထွက်လာမှာ"

လင်းဟွမ်က ပခုံး တွန့်ပြလိုက်သည်။

"အသူရာ ချောက်ကမ်းပါးက မင်းစိတ်ကြိုက် ဝင်ထွက်သွားလာလို့ရတဲ့ နေရာလို့ ထင်နေတာလား"

ယောင်လန်းသည် လင်းဟွမ်က ရယ်စရာကောင်းသည်ဟု ထင်လိုက်မိသည်။

"ဒါဆိုလည်း စိတ်ထဲ မထားနဲ့၊ မင်း သတ်သေချင်နေရင်လည်း ငါ မတားပါဘူး။ ပျော်အောင်နေ"

ယောင်လန်းသည် လင်းဟွမ်နှင့် စကားဆက်ပြောရန် စိတ်မပါတော့သဖြင့် ချက်ချင်း မတ်တပ်ထရပ်ပြီး ထွက်သွားသည်။ သူမအတွက်မူ လင်းဟွမ်က ဒုတိယအလွှာသို့ သွားခြင်းက အသက်ရှင်လျက်

ပြန်ထွက်လာရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် မကြာခင် သေတော့မည့် လူတစ်ယောက်အတွက် အချိန်ဖြုန်းရန် မလိုအပ်ချေ။

"ဟူး.....နောက်ဆုံးတော့ မောင်းထုတ်နိုင်ပြီ။"

လင်းဟွမ်က နာရီတစ်ချက် ကြည့်လိုက်သည်။

မနက် (၈) နာရီ မိနစ် (၄၀) ရှိနေပြီး မကြာခင် ပေါ်တယ် ဖွင့်လှစ်တော့မည်။

လင်းဟွမ်က စိတ်ရှည်စွာ စောင့်ဆိုင်းရင်း ကော်ဖီ နောက်တစ်ခွက် မှာလိုက်သည်။

# အခန်း(၆၃၁) - မင်းရဲ့ မနက်စာအတွက် သုံးကောင် ရောက်လာပြီ။

မနက် (၉) နာရီ ထိုးခါနီး.....

လက်မှတ်စစ်ရန် မိနစ်အနည်းငယ် လိုသောအခါ တန်းစီနေသော လူတန်းကြီး ပေါ်လာသည်။ အံ့ဩစရာ ကောင်းသည်မှာ နှစ်တန်းခွဲ တန်းစီလျှင်ပင် လူပေါင်း (၁၆၇) ယောက် ရှိသေး၏။

လင်းဟွမ်သည် တန်းစီနေသော လူအုပ်ကို တစ်ချက် ကြည့်ပြီးနောက် အဖွဲ့နှစ်ဖွဲ့ ခရီးထွက်လာခြင်း

ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။ အဖွဲ့နှစ်ဖွဲ့လုံး၏ ခေါင်းဆောင်များမှာ အင်မော်တယ်အဆင့် ရှိကြပြီး အင်မော်တယ် အဆင့် (၃) သို့မဟုတ် အဆင့် (၄) ရှိနိုင်သည်။ သူတို့နှစ်ယောက်လုံးသည် အဖြူရောင် စာလုံးကြီး ရိုက်နှိပ်ထားသော အနီရောင်အလံကို ကိုင်ဆောင်ထားသည်။

(အသူရာ ချောက်ကမ်းပါးသို့ တစ်ရက်တာ ခရီးစဉ် …….)

သူတို့နောက်မှ လိုက်ပါလာသော သန့်ရှင်း မီးလျှံအဆင့် လူငယ်များက အချင်းချင်း စကား ပြောဆိုနေကြသည်။

'တားမြစ် နယ်မြေကိုတောင် ခရီးသွားလုပ်ငန်းတွေ ချဲ့ထွင်နေပြီလား။ အဓိကဇုန်က လူတွေက တကယ့် ဉာဏ်ကြီးရှင်တွေပဲ..'

လင်းဟွမ်စိတ်ထဲမှ တွေးလိုက်မိပြီး နာရီကို ကြည့်လိုက်ရာ မနက် (၈) နာရီ (၅၇) မိနစ် ရှိနေပြီ။ ထို့နောက် ကော်ဖီခွက်ကို အောက်ချလိုက်ပြီး လူတန်းရှိရာကို ဖြည်းဖြည်းချင်း လမ်းလျှောက် သွားလိုက်သည်။

လင်းဟွမ်ရှေ့တွင် လူငယ်တစ်ယောက် တန်းစီ နေသည်။ လင်းဟွမ်က သူ့နောက်မှ ဝင်တန်းစီသည်ကို တွေ့လိုက်လျှင်..

"ညီအစ်ကို။ မင်းက ငါတို့ အဖွဲ့ထဲကလား.. ဘာဖြစ်လို့ မင်းကို အခုမှ တွေ့ရတာလဲ.."

ထိုလူငယ်လေးက လင်းဟွမ်ကို စပ်စုလိုက်သည်။ ထိုလူငယ်မှာ ခရီးသွား အဖွဲ့ဝင်တစ်ယောက်ပင် ။

"မဟုတ်ဘူး.. ငါ့ဘာသာငါ ခရီးသွားမှာ"

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"မင်းက ကြက်သွေးရောင် မီးလျှံအဆင့်ပဲ ရှိသေးတယ်လေ။ ဒါတောင် ကိုယ့်ဘာသာကိုယ် အသူရာချောက်ကမ်းပါးထဲ ဝင်ဖို့လား။ သတ္တိကောင်း လှချည်လား ဒါမှမဟုတ်....."

ထိုလူငယ်က အံ့အောသင့်စွာ ထအော်သည်။ လင်းဟွမ်က ကိုယ့်ကိုယ်ကို သတ်သေရန် စိတ်အား ထက်သန်နေသည်ဟု ထင်သွားသည်။ သို့သော်လည်း သူက လင်းဟွမ်နှင့် မရင်းနှီးသဖြင့် တိုက်ရိုက် ဖွင့်ပြောလိုက်ပါက စော်ကားသလို ဖြစ်သွားမှာ သေချာသည်။

"အဖွဲ့နဲ့ ခရီးထွက်တာ လုံခြုံရဲ့လား.."

လင်းဟွမ်လည်း သိချင်နေသည်။

"ဒါက တော်တော်လေး လုံခြုံတယ်။ အပျော်ခရီး ဆိုပေမယ့် ညွှေ့လမ်းညွှန် နောက်လိုက်ပြီး လုံခြုံတဲ့ လမ်းကြောင်းအတိုင်း တစ်ရက်ခွဲပဲ သွားရမှာ။ အသူရာ

ချောက်ကမ်းပါးထဲမှာ ဆယ်ဖီရိုက်မယ်၊ မွန်းစတားနှစ်ကောင် သတ်မယ်။ အဲ့ဒါပြီးရင်တော့ တားမြစ်နယ်မြေထဲမှာ မွန်းစတားတွေကို အမဲလိုက်ခဲ့တယ် ဆိုပြီး ဓါတ်ပုံတွေကို လူမှုကွန်ရက်မှာ (shar) လို့ရပြီ..”

ထိုလူငယ်က ရိုးသားစွာ ရှင်းပြသည်။

“မင်းတို့ ညအိပ် မနေကြဘူးလား..”

လင်းဟွမ်က မေးလိုက်သည်။

“မအိပ်ဘူး..၊ အဲ့ဒီလိုလုပ်တာက အန္တရာယ်များလွန်းတယ်။ မွန်းစတားတွေက နေ့ခင်းဘက်ထက်စာရင် ညဘက်မှာ ပိုလှုပ်ရှားပြီး အသက်ဝင်ကြတယ်။

သားကောင် အများစုကလည်း ညဘက်ကျမှ လှုပ်ရှားကြတာ။ ဒါပေမယ့် အများကြီး ပိုဈေးကြီးပြီး အသက်စွန့်မယ့် အကြောင်း လက်မှတ်ထိုးရတဲ့ ညအိပ်ပက်ကေ့ချ်တစ်ခုလည်း ရှိသေးတယ်။ တစ်ခုခုဖြစ်ခဲ့ရင် ဧည့်လမ်းညွှန် ကုမ္ပဏီနဲ့ ဧည့်လမ်းညွှန်က တာဝန်မယူဘူး။ ဒါပေမယ့် အဲ့ဒီလို ဖြစ်နိုင်ချေတော့ နည်းပါတယ်။ အဲ့ဒီ ခရီးစဉ် ပက်ကေ့ချ်ကို စာရင်းသွင်းဖို့ဆို အဲ့ဒီလို ပက်ကေ့ချ်က တစ်လနေလို့တောင် တစ်ခုမရှိဘူး။ နေ့ချင်းပြန် ခရီးအတွက် ဧည့်လမ်းညွှန်က အင်မော်တယ်အဆင့် (၃) ဒါမှမဟုတ် အဆင့် (၄) .. ဒါပေမယ့် ညအိပ် ခရီးစဉ်အတွက်

ညှော်လမ်းညွှန်ကတော့ အင်မော်တယ် အဆင့် (၇) ဒါမှမဟုတ် အင်မော်တယ် အဆင့်( ၆) ဖြစ်နိုင်တယ်”

“ခရီးစဉ်မှာ လိုက်ပါမယ့်လူတွေရဲ့ တိုက်ခိုက်ရေး အဆင့်ပေါ်မှာ ကန့်သတ်ချက် ရှိသေးလား..”

လင်းဟွမ်သည် သန့်ရှင်းမီးလျှံ အဆင့်အောက် မည်သူမှ မပါဝင်ကြောင်း သတိထားလိုက်မိသည်။

“အနည်းဆုံး သန့်ရှင်းမီးလျှံအဆင့် ရှိရမယ်။ နောက်ပြီးတော့ ပျံသန်းရေးစွမ်းရည် တည်ဆောက်ပြီးတဲ့ လူ ဖြစ်ရမယ်။ ဒီလိုမှ မဟုတ်ရင် တစ်ခုခုဖြစ်လို့ကတော့ ထွက်ပြေးနိုင်မှာ မဟုတ်ဘူး”

“နားထောင်ရတာတော့ စိတ်ဝင်စားဖို့ ကောင်းသား..”

လင်းဟွမ်သည် ဤဖျော်ဖြေရေး ခရီးစဉ်အတွက် စိတ်ကူး ထွက်လာသောလူက ဉာဏ်ကောင်းသည်ဟု တွေးလိုက်မိသည်။

"ဒီလိုမျိုး ခရီးသွားရတာ ဈေးမကြီးဘူးလား.."

"အာ.. တော်တော် ဈေးကြီးတာပေါ့.. ကံကြမ္မာ သလင်းကျောက် (၃,၀၀၀) လောက် ကုန်ကျတယ်။ မလိုက်ဖြစ်ရင် ငွေပြန်မအမ်းဘူး။ ဒါပေမယ့် အဲ့ဒါက ခရီးစဉ်အတွက်ပဲ ရှိသေးတယ်။ နေရာကူးပြောင်းခြင်း ပေါ်တယ်တို့၊ တခြားလက်မှတ် စရိတ်တွေရှိရင် ကိုယ့်ဘာသာကိုယ် ထပ် ပေးရတာ"

ထိုလူက စိတ်မကောင်းသော အမူအရာနှင့်...

"ခရီးစဉ်ထဲ ပိုက်ဆံပေးမိလို့ နောင်တရတယ်ဟော့။ တကယ်လို့ ငါ မသွားဖြစ်ရင် ပိုက်ဆံဆုံးမှာ။ ဒါတောင် အားလုံးထဲမှာ စျေးအသက်သာဆုံး ပက်ကေ့ချ်လို့ သတ်မှတ်လို့ ရတယ်။ တစ်ညအိပ် နှစ်ရက်ခရီး၊ ခြောက်ညအိပ် ခုနှစ်ရက်ခရီးတွေ ရှိသေးတယ်။ တစ်ည အိပ်ခရီးစဉ်က ကံကြမ္မာ သလင်းကျောက် တစ်သောင်းလောက် ကုန်တယ်။ နှစ်ညအိပ် သုံးရက် ခရီးက ငါးသောင်း၊ ခြောက်ညအိပ် ခုနှစ်ရက်ခရီးက တစ်သိန်း။"

သူတို့နှစ်ယောက် စကားပြောပြီး ခဏကြာသောအခါ နေရာကူးပြောင်းခြင်း ပေါ်တယ် အသက်ဝင်လာသည်။

ထို့နောက် သူတို့နှစ်ယောက်လုံး စကားပြောရပ်သွားကြသည်။ မကြာခင် သူတို့နှစ်ယောက်၏ ဝင်ခွင့်လက်မှတ်ကို စကန်ဖတ်ပြီးနောက် ဝင်သွားကြသည်။

လင်းဟွမ်သည် ပေါ်တယ်ထဲကို နောက်ဆုံးမှ ဝင်ရသူပင် ။ ပေါ်တယ်ထဲ ဝင်သွားသည်နှင့် ပေါ်တယ်က ဖြည်းဖြည်းချင်း ပိတ်ကျသွားသည်။

လူအုပ်ကြီးသည် နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲမှ လေဟာနယ် တွင်းနက်ကြီးထဲတွင် သတိကြီးစွာ ဖြတ်လျှောက် သွားရင်း နယ်နိမိတ်တစ်ခုပေါ်တွင် ပေါ်လာသည်။

"ဒီအပေါက်က အသူရာချောက်ကမ်းပါးပဲ။ ချောက်ကမ်းပါးပေါ်မှာ ရေးဆွဲထားတဲ့ အဖြူရောင်မျဉ်းတွေ အတိုင်းပဲ ပျံသန်းရမယ်။ အဲ့ဒါဆို လမ်းကြောင်း မလွဲသွားတာ သေချာတယ်။ တကယ်လို့ လမ်းကြောင်း လွဲသွားရင် မဝင်သင့်တဲ့နေရာတွေ ရောက်သွားနိုင်တယ်။ ဒါဆို ကိုယ့်ဘာသာကိုယ် တာဝန်ယူရမယ်"

ဝန်ထမ်းများက ပြောပြီးနောက် နေရာကူးပြောင်းခြင်း ပေါ်တယ်ကို ဆင့်ခေါ်ကာ ပြန်ထွက်သွားကြသည်။

လင်းဟွမ်သည် နောက်တစ်ကြိမ် ထပ်လာနိုင်ရန် သူ၏နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲတွင် တည်နေရာ မှတ်သားထားလိုက်သည်။

လူတော်တော်များများက ဝင်ပေါက်ထဲ ခုန်ဆင်း သွားကြသည်။

"ကံကောင်းပါစေ ညီအစ်ကို."

လင်းဟွမ်နှင့် စကားပြောခဲ့သော လူငယ်က လင်းဟွမ်ပခုံးကို ပုတ်ပြီး သူ့အဖွဲ့နောက်သို့ လိုက်သွားသည်။ သူ့အတွေးထဲတွင် လင်းဟွမ် တစ်ယောက် အသက်ရှင်မှ ရှင်နိုင်ပါ့မလားဟု တွေးတောနေပုံပင်။

လူ တော်တော်များများ ထွက်ခွာသွားကြသည်။ အစောပိုင်းက လင်းဟွမ်နှင့် စကားပြောခဲ့သည့် မိန်းမပျိုလေး ယောင်လန်းလည်း ရှိနေသည်။ သူမက လင်းဟွမ်ကို ဂရုမစိုက်ဘဲ ဝင်ပေါက်ထဲ ခုန်ဆင်း သွားသည်။

'ဒီကောင်.. ဒုတိယအလွှာကို တကယ်သွား၊ မသွား ငါကြည့်ဦးမယ်..'

လင်းဟွမ်က ဝင်ပေါက်ထဲ ခုန်ဆင်းလာသည်ကို မြင်လျှင် ယောင်လန်းသည် ခေတ္တမျှ တုံ့ဆိုင်းသွား၏။ ထို့နောက် လင်းဟွမ်နောက်မှ လိုက်သွားရန် ရွေးချယ်လိုက်သည်။

ယောင်လန်း ထွက်သွားပြီးနောက် လူသုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

"စောက်ရမ်း လှတယ်ကွာ.. ဒါပေမယ့် ရင်သား သေးတယ်"

"ရင်သားသေးလည်း ဘာဖြစ်လဲ။ ဒီလောက် လှနေတာပဲ။ မင်း မယူချင်ရင် ငါတို့နှစ်ယောက်ပဲ ယူလိုက်မယ်.."

"မရဘူး.၊ ငါလည်း ပါမယ်"

သူတို့ သုံးယောက်လုံး လိုက်ဝင်လာကြသည်။

လင်းပွမ်သည် အဖြူရောင် မျဉ်းအတိုင်း ပုံ့သန်းနေရင်း ဝင်ပေါက်များ ဖြစ်နိုင်သည့် အနက်ရောင် လှိုင်းလုံးများ ထွက်ပေါ်လာသော ချောက်ကမ်းပါး၏ အစိတ်အပိုင်းများကို တွေ့လိုက်ရသည်။

ထိုအထဲမှ အချို့မှာ အသူရာ ချောက်ကမ်းပါးထဲကို နက်နက်ရှိုင်းရှိုင်း တိုက်ရိုက် ဝင်ရောက်နိုင်သော်လည်း အချို့မှာ ယာယီအပေါက်များသာ ဖြစ်ပြီး မည်သည့်အချိန်၌ ပြန်ပိတ်မလဲ ဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။ အကယ်၍ တစ်ယောက်ယောက်က ထိုလမ်းကြောင်းထဲ ဖြတ်သန်းသွားပါက အသူရာ

ချောက်ကမ်းပါးထဲမှ ပြန်ထွက်လာရန် ခက်ခဲသွားလိမ့်မည်။

လင်းဟွမ်သည် ငါးမိနစ်ခန့် အောက်ဘက်သို့ ဆင်းလာပြီးနောက် နောက်ဆုံးတွင် အဖြူရောင် မျဉ်းစက်များ၏ နောက်ဆုံးနေရာကို ရောက်ရှိလာသည်။ ကြီးမားသော အပြာရောင် လှိုင်းဂယက်ကြီး တစ်ခုရှိနေပြီး အောက်ဘက်သို့ ညွှန်ပြနေသော ရောမမြားကြီး တစ်ချောင်းလည်း ရှိသည်။ ဒါသည် အသူရာ ချောက်ကမ်းပါး ပထမအလွှာအစွန်းသို့ ပို့ဆောင်ပေးမည့် စစ်မှန်သော ဝင်ပေါက်ပင် ။

ရှေ့ကလူများ ဝင်သွားသည်ကို မြင်လျှင် လင်းဟွမ်လည်း နောက်မှ လိုက်ပါသွားသည်။ အပြာနက်ရောင် လှိုင်းဂယက်များကို ဖြတ်ကျော်ပြီးနောက် ကမ္ဘာမြေပေါ်က သဲမုန်တိုင်းကျ နေသလိုဖြစ်နေသော ရာသီဥတုနှင့် ခပ်ဆင်ဆင်တူသည့် အဝါရောင် ကောင်းကင်ကြီးကို မြင်တွေ့လိုက်ရသည်။

အချိန်က နေ့ခင်းဘက် ဖြစ်နေသော်လည်း နေရောင်မမြင်ရချေ။ လေတိုးသံများကိုသာ ကြားနေရသည်။ မြေပြင်ပေါ်တွင် ညှိုးနွမ်းနေသော မြက်ပင်အနည်းငယ်ရှိကာ ဆိတ်သုဥ်းနေသည်။ ဤနေရာသည် နွေဦးပေါက် ရာသီနှင့် လုံးဝမတူပေ။ ဤနေရာမှ

ရာသီဥတုမှာ အပြင်ဘက်နှင့် မတူညီသည်မှာ ထင်ရှားသည်။

လင်းဟွမ်နှင့် မနီးမဝေးတွင် အဖွဲ့ငယ်နှစ်ဖွဲ့သည် ခေတ္တမျှ အနားယူပြီးနောက် မကြာခင် အင်မော်တယ်အဆင့် ခေါင်းဆောင် (၄) ယောက်က သူတို့ကို လမ်းပြပြီး ထွက်ခွာသွားကြသည်။ ကျန်သည့်လူများကမူ အုပ်စုတစ်ခုတွင် အနည်းဆုံး သုံးယောက်ခန့် ရှိသည်။ သူတို့ထဲမှ အနည်းစုသာ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ကျန်ရစ်ခဲ့ကြပြီး ထိုလူအားလုံးက အင်မော်တယ်အဆင့် ရှိကြသည်။

လင်းဟွမ် ထွက်ခွာခါနီးတွင် လူလေးယောက်က သူ့လမ်းကြောင်းကို ပိတ်ဆို့ ထားသည်။ သူတို့လေးယောက်က ရွှေရောင် မီးလျှံအဆင့်တွင် ရှိကြသည်။

"ကြွက်စုတ်လေး.. မင်းရဲ့ အင်ပါယာ နှလုံးသားလက်စွပ် ပေးပြီး ထွက်သွား."

သူတို့ထဲမှ လူတစ်ယောက်က ခြိမ်းခြောက် လိုက်သည်။

သို့သော်လည်း လင်းဟွမ်ကမူ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် ထည့်ထားသေးသည်။

“မင်းတို့ လေးယောက်ကို ငါက ဘာဖြစ်လို့ အင်ပါယာနှလုံးသားလက်စွပ် ပေးပြီး ထွက်သွားရမှာလဲ..”

“အားနည်းပေမယ့် မောက်မာတတ်တဲ့ ကောင်တွေကို မုန်းတယ်ကွ”

သူ့မျက်လုံးထဲတွင် ရက်စက်မည့် အရိပ်အယောင်များ တဖျပ်ဖျပ် တောက်ပလာပြီး အော်ဟစ်လိုက်သည်။

“ငါ စိတ်ပြောင်းသွားပြီ.. မင်းကိုသတ်ပြီး ငါ့အိမ်မွေးမွန်းစတားကို ကျွေးဖို့ အပိုင်း (၁၈) ပိုင်း ပိုင်းပစ်မယ်..”

“ပျော့ညံ့ပြီး မာနကြီးတဲ့လူတွေကို ငါကလည်း ကြည့်မရဆုံးပဲ..”

လင်းဟွမ်က ထိုလူကို စပ်ဖြဲဖြဲ ရယ်ပြလိုက်သည်။

“ဒါကြောင့် ငါလည်း စိတ်ပြောင်းသွားပြီ။ မင်းတို့ အားလုံးကို သတ်ပစ်မယ်..”

တံခါးပေါက်မှ ဖြတ်လာသော ယောင်လန်းသည် ဤမြင်ကွင်းကို မြင်လိုက်သည်။ ခပ်လှမ်းလှမ်းတွင် မတ်တပ်ရပ်ကာ အဖြစ်အပျက်များကို စောင့်ကြည့်ရင်း ပြုံးနေသည်။ သူ့ညီမထံမှ တစ်ဆင့် လင်းဟွမ်က သန်မာကြောင်း သိထားသည်။ လင်းဟွမ်က သူ့ကို ပြဿနာရှာရန် ကြိုးစားနေသော ရွှေရောင်မီးလျှံအဆင့် လူလေးယောက်ကို အနိုင်ယူရန် လွယ်ကူပေလိမ့်မည်။

သို့သော်လည်း လင်းဟွမ်က မည်မျှ သန်မာကြောင်း သူမ သိချင်နေသည်။

ထိုစဉ် သူမနောက်မှ လိုက်လာသော လူသုံးယောက်က သူမထံ  ချဉ်းကပ်လာကာ

"ဟော့.. ကောင်မလေး။ ငါတို့နဲ့ ပျော်ရအောင်.."

ယောင်လန်းက သူတို့သုံးယောက်ကို မျက်လုံးစွေပြီး ကြည့်လိုက်သည်။ ထို့နောက် သူမ လက်ဖဝါးပေါ်တွင် လက်မအရွယ် မြွေတစ်ကောင် ပေါ်လာသည်။

"ဦးနှောက်စား မြွေနဂါးလား"

သူတို့ မျက်လုံးထဲတွင် ကြောက်ရွံ့သော အရိပ်အယောင်များ ပေါ်လာသည်။

"အစ်မ.. အစ်မ.. ငါ.. ငါ.. ငါတို့အမှားပါ.."

"ကြေးခွံစိမ်း.. ဒီမှာ .. .. မင်းအတွက် မနက်စာ သုံးကောင် ရောက်လာပြီ.."

ယောင်လန်း စကားပြောပြီးသည်နှင့် လေထဲတွင် အစိမ်းရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး သူတို့၏ခေါင်းထဲ ထိုးဖောက် ဝင်ရောက်သွားသည်။ ခဏအကြာ ခန္ဓာကိုယ်များသည် ချက်ချင်း တောင့်တင်းပြီး လဲကျသွားသည်။

ယောင်လန်းက သူမ၏မြွေကို ပြန်သိမ်းပြီးနောက် လင်းဟွမ်ဘက်ကို လှမ်းကြည့် လိုက်ရာ အလောင်းလေးလောင်း တွေ့လိုက်ရသည်။

လင်းဟွမ်က အလောင်း လေးလောင်းကိုပင် ရှာဖွေနေသေးသည်။

# အခန်း(၆၃၂) - အသူရာ ချောက်ကမ်းပါး၏ ဒုတိယအလွှာ။

လင်းပျှမ်းက လူလေးယောက်ကို သတ်ဖြတ်ပြီးနောက် ကုန်း၍ ရှာဖွေနေစဉ် သူ့အနောက်ဘက်မှ လူများ၏ နာကျင်စွာ အော်ဟစ်လိုက်သော အသံကို ယောင်ဝါးဝါး ကြားလိုက်ရသည်။ ထို့ကြောင့် နောက်လှည့် ကြည့်လိုက်ရာ လူသေအလောင်း သုံးလောင်းကိုသာ တွေ့လိုက်ရပြီး သတ်ဖြတ်သူကိုမူ မတွေ့ရပေ။ သို့သော်လည်း အလောင်းသုံးလောင်းပေါ်ရှိ အင်ပါယာ

နှလုံးသား လက်စွပ်များက မပျက်စီးသေးဘဲ ရှိနေကြောင်း သတိထားလိုက်မိသည်။

ထို့နောက် ပတ်ဝန်းကျင်ကို စိုက်ကြည့်လိုက်ကာ ထိုနေရာတွင် အခြားမည်သူမျှ မရှိကြောင်း ကောက်ချက်ချလိုက်ပြီး အလောင်းများထံ လျှောက်သွားလိုက်သည်။ အလောင်းများနှင့် (၁၀) မီတာ အကွာသို့ ရောက်သောအခါ လင်းပွမ်က ရှေ့ဆက်သွားနေခြင်းကို ရပ်တန့်လိုက်သည်။

ထိုလူများက တစ်ပုံစံတည်း အသတ်ခံလိုက်ရပုံပင်။ သူတို့၏ နားထင်ပေါ်တွင် လက်ချောင်းများနှင့် ပြင်းထန်စွာ ထိုးဖောက်ခံခဲ့ရသလို လက်ချောင်းအရွယ်

အပေါက်များ ရှိနေသည်။ ထို့အပြင် သွေးများ စွန်းထင်းနေခြင်း မရှိသောကြောင့် ထူးဆန်းနေသည်။

လင်းဟွမ်လည်း နောက်ထပ် မစူးစမ်းတော့ပေ။ အလောင်းများအား ထိတွေ့ ကိုင်တွယ်ခြင်းကို ရှောင်ကျဉ်ပြီး ဘေးကင်းစေရန်အတွက် စိတ်စွမ်းအားကို အသုံးပြုပြီး လက်စွပ်များကို ချွတ်ယူလိုက်သည်။

လင်းဟွမ်သည် အင်ပါယာ နှလုံးသားလက်စွပ် သုံးကွင်းကို သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းပြီးနောက် မှောင်ခိုဈေးကွက်မှ ပေးလိုက်သည့်မြေပုံကို ထုတ်ကြည့် လိုက်သည်။ ယခုလက်ရှိ တည်နေရာနှင့် ဒုတိယအလွှာ ဝင်ပေါက်၏ တည်နေရာကို အတည်ပြုပြီးနောက်

နောက်တစ်ခေါက် ပြန်လာနိုင်စေရန် နေရာကူး ပြောင်းခြင်း ခါတ်ကြွင်းထဲတွင် တည်နေရာ အမှတ်အသား ပြုလုပ်လိုက်ပြီးနောက် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်ပြီး စီးနင်းသွားသည်။

"သွားရအောင်.."

လင်းဟွမ်က ဒုတိယအလွှာ ဝင်ပေါက်ရှိရာကို ညွှန်ပြလိုက်သည်။

မိုးကြိုးက အတောင်ပံများ တဖျတ်ဖျတ်ခတ်ပြီး ကောင်းကင်ပေါ် ပျံသန်းသွားကာ မကြာခင် ကောင်းကင်ပေါ်မှ ပျောက်ကွယ်သွား၏။

လင်းဟွမ် ထွက်ခွာသွားပြီးနောက် ချောက်ကမ်းပါးဘက်မှ မိန်းမပျိုလေးတစ်ဦး ဖြည်းဖြည်းချင်း ပေါ်လာသည်။ အံ့ဩစရာ ကောင်းသည်မှာ သူမကို နှောင့်ယှက်ခဲ့သည့် လူသုံးယောက်ကို သတ်ဖြတ်ခဲ့သော ယောင်လန်းပင် ။

“သူက ထိန်းချုပ်သူလား..”

ယောင်ဟွမ်ဟွမ်က ဤအကြောင်းနှင့် ပက်သက်၍ တစ်ခါမျှ မပြောခဲ့သဖြင့် ယောင်လန်း အံ့အောသင့် သွားသည်။ သူမသည် ခေါင်းမော့၍ လင်းဟွမ် ပျောက်ကွယ်သွားသော လမ်းကြောင်းကို လှမ်းကြည့်ကာ မျက်မှောင်ကြုတ်သွားသည်။

"ဒုတိယ အလွှာကို တကယ်သွားတဲ့ပုံပဲ.."

မိုးကြိုးသိမ်းငှက်ပေါ်တွင် ထိုင်နေသော လင်းဟွမ် မြေပြင်ကို စိုက်ကြည့်နေခဲ့သည်။ မြေပြင်မှာ ကျတ်တီးမြေ ဖြစ်သော်လည်း ရံဖန်ရံခါ၌ အရွက် အနည်းငယ်ပါသော အပင်တစ်ပင်စ၊ နှစ်ပင်စ မြင်တွေ့နေရ၏။

မကြာခင် လင်းဟွမ်သည် ဝင်ပေါက်မှ ထွက်ခွာလာသော လူအုပ်စု တစ်စု ခပ်နိမ့်နိမ့် ပျံသန်းနေကြောင်း မြင်တွေ့လိုက်ရသည်။

ထိုအဖွဲ့သည် သူတို့အပေါ်မှ ပျံသန်းလာသော မိုးကြိုးသိမ်းငှက်ကို တွေ့လိုက်လျှင် လင်းဟွမ်တို့

ပျံ့သန်းနေသော လမ်းကြောင်းအတိုင်း ပျံ့သန်းနေသည့် လူအချို့က အခြား လမ်းကြောင်းတစ်ခုကို ချက်ချင်း ပြောင်းလိုက်သည်။

လင်းဟွမ်သည် ခရီး ထွက်လာသော ခရီးသွား အဖွဲ့ငယ်နှစ်ခုကိုလည်း တွေ့ခဲ့ရသည်။

သူတို့က မိုးကြိုးသိမ်းငှက်ကို မြင်လိုက်သည်နှင့် ထွက်ပြေးကြခြင်း မဟုတ်ပေ။ သို့သော်လည်း ခရီးသည်များကို မြေပေါ် ပို့ဆောင်ပေးပြီးနောက် ကာကွယ်ရန် ပြင်ဆင်နေကြသည်။

“ဒါက အင်မော်တယ်အဆင့် (၁) စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်ပဲ။ ငါတို့နောက်မှာ ပုန်းနေ”

ခေါင်းဆောင် လေးယောက်က လူအုပ်ကြီးကို အော်ဟစ်လိုက်သည်။

"အင်မော်တယ်အဆင့် (၁) က ကိုင်တွယ်ရတာ မလွယ်ဘူးလား"

လူအချို့က မေးလိုက်သည်။

"စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်က သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင် ဆိုပေမယ့် အကောင်းဆုံး သားရဲတွေထဲက တစ်ကောင် ဖြစ်နေတုန်းပဲ.. ကောင်းကင်က သူတို့ရဲ့ ကစားကွင်းပဲ။ တကယ်လို့ အင်မော်တယ်အဆင့် (၂) ရှိရင် ငါတို့မှာ အခွင့်အရေး မရှိနိုင်ဘူး။ အင်မော်တယ် အဆင့် (၃) နဲ့

ငါတို့လို အဆင့်(၄) ရောက်နေတဲ့ လူက တစ်ချက်တည်းနဲ့ အပိုင်မသတ်နိုင်ရင် ထွက်ပြေးသွားလို့ လိုက်မီမှာတောင် မဟုတ်ဘူး။ အေး တကယ်လို့ ဌက်စိတ်ဆိုးပြီးတော့ ငှက်အုပ် တစ်အုပ် ခေါ်ပြီး ပြန်လာခဲ့ရင် ငါတို့ပဲ အကြီးအကျယ် ဒုက္ခ ရောက်လိမ့်မယ်။ မွန်းစတား အများစုက ရန်ငြိုး ကြီးတယ်”

ခေါင်းဆောင် နှစ်ယောက်က ရှင်းပြလိုက်သည်။

“ဒါပေမယ့် အခုလက်ရှိတော့ ဒီဌက် ဖြတ်ပျံသွားတဲ့ ပုံပဲ။ သူ့လမ်းကြောင်းကို မပိတ်သရွေ့ ငါတို့ကို ပစ်မှတ်ထားမှာ မဟုတ်ဘူး”

"ဟာ သူ့နောက်ကျောပေါ်မှာ လူတစ်ယောက် ထိုင်နေသလိုပဲ"

အမြင်အာရုံ ကောင်းသော လူငယ်တစ်ယောက်က လှမ်းအော်လိုက်သည်။

"ဟုတ်တယ်၊ ကျောပေါ်မှာ တစ်ယောက်ယောက် ထိုင်နေတဲ့ ပုံပဲ။ ငါလည်း သတိထားမိတယ်"

ခေါင်းဆောင် တစ်ယောက်ကလည်း ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်၏ နောက်ကျောပေါ်တွင် ထိုင်နေသော ပုံရိပ်တစ်ခုကို သူလည်း မြင်လိုက်ရသည်။ သို့သော်လည်း မည်သူမည် ဝါဖြစ်ကြောင်း မဖော်ထုတ်နိုင်သလို ထိုလူ၏

တိုက်ခိုက်ရေး အဆင့်နှင့် ပက်သက်၍လည်း မသေချာ မရေရာပေ။

"စီးတော်ယာဉ် မွန်းစတားတစ်ကောင် ရှိတာ မဆန်းပါဘူး။ သူက ထိန်းချုပ်သူ တစ်ယောက် မဟုတ်ရင်တောင် လေလံပွဲ အကြီးတွေမှာ ယဉ်ပါးနေတဲ့ အိမ်မွေးမွန်းစတားတွေကို ဝယ်လို့ရတယ်။ ဈေး မတရားကြီးတဲ့ အချက်က အားနည်းချက်ပဲ"

ထိုစကားကိုကြားလျှင် ခရီသွား တော်တော်များများ မနာလို ဖြစ်သွားကြသည်။ သူတို့သည် အင်မော်တယ် အဆင့်သို့ အမြန်ဆုံး ရောက်ရှိနိုင်ရန် ဆန္ဒ ရှိနေကြသည်။ ထို့အတူ ပျံသန်းနိုင်သော အင်မော်တယ်အဆင့်

မွန်းစတားတစ်ကောင်ကိုလည်း ဝယ်ယူရန် ဆန္ဒရှိနေကြသည်။

လင်းဟွမ်သည် သူ ဖြတ်သွားစဉ် သူ၏ကံကြမ္မာကို မနာလို အားကျနေကြသော လူများ ရှိခဲ့ကြောင်း မသိခဲ့ပေ။ လင်းဟွမ်သည် မိုးကြိုး သိမ်းငှက်ပေါ်တွင် (၇)နာရီကြာအောင် ထိုင်စီးခဲ့ပြီး နောက်ဆုံး၌ ဒုတိယအလွှာ၏ ဝင်ပေါက်ကို ရောက်ရှိလာသည်။

ဤနေရာသို့ လာရာ လမ်းတစ်လျှောက်တွင် မွန်းစတားများက မိုးကြိုးသိမ်းငှက်ကို ရှောင်ရှားခဲ့ကြသည်။ မိုးကြိုးသိမ်းငှက်၏ အမဲလိုက်ပစ်မှတ်သားကောင် ဖြစ်သွားမည်ကို စိုးရွံ့နေကြသည်။

အင်မော်တယ်အဆင့် မွန်းစတားများ၏ တိုက်ခိုက်မှုကို သုံးကြိမ်တိုင်တိုင် ရင်ဆိုင်ခဲ့ရသော်လည်း လင်းဟွမ်က သူ့ဦးတည်ရာကို ဖြောင့်ဖြောင့်တန်းတန်း ရောက်အောင် လာနိုင်ခဲ့သည်။ သူတို့ကို တိုက်ခိုက်ခဲ့သော အင်မော်တယ်အဆင့် မွန်းစတား သုံးကောင်မှာ လင်းဟွမ်၏ ထိုးနှက်ချက်ကြောင့် သေဆုံးသွားခဲ့ပြီ။ ထိုအလောင်းများကို လင်းဟွမ်၏ သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းထားသည်။

လင်းဟွမ်သည် ဒုတိယအလွှာ ဝင်ပေါက် မြေပြင်ပေါ်တွင် ပါးစပ်ပေါက်ကြီးနှင့် တူနေသော အက်ကွဲကြောင်းကြီးကို မြင်လိုက်လျှင် ဒုတိယအလွှာ

ဝင်သော ဝင်ပေါက်ကို ရောက်ရှိပြီဖြစ်ကြောင်း သိလိုက်ရသည်။ ထို့နောက် မိုးကြိုးသိမ်းငှက်၏ နောက်ကျောကို ပုတ်လိုက်ကာ...

"အက်ကွဲကြောင်းဘေးက မြေပြင်ပေါ် ဆင်းလိုက်..."

ထိုစကားကို ကြားလျှင် မိုးကြိုးသိမ်းငှက်က အတောင်ပံများကို ဆန့်ထုတ်၍ လေဟုန်စီးကာ အက်ကွဲကြောင်းရှိသော မြေပြင်ပေါ် ဆင်းသက်လိုက်သည်။

ခဏအကြာ မိုးကြိုးသိမ်းငှက်က မြေပြင်ပေါ် လှပစွာဆင်းသက်ခဲ့ပြီး အတောင် သိမ်းလိုက်သည်။

လင်းဟွမ်က မိုးကြိုးသိမ်းငှက်၏ နောက်ကျောပေါ်မှ ခုန်ဆင်းသွားပြီး မိုးကြိုးသိမ်းငှက်၏ အတောင်ကို ပွတ်သပ်လိုက်သည်။ ထို့နောက် ကတ်ပုံစံ ပြန်သိမ်းလိုက်၏။

မိုးကြိုးသိမ်းငှက်သည် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်သာ ဖြစ်သောကြောင့် ၎င်းကို အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာထဲ ခေါ်သွား၍ မရပေ။ မိုးကြိုးသိမ်းငှက်၏ စွမ်းရည်နှင့် ဆိုပါက အစာရှာဖွေရန် စိတ်အားထက်သန်နေသော အစာကွင်းဆက် ထိပ်ဆုံးမှ မွန်းစတားအများစု၏ အစာအိမ်ထဲတွင် အဆုံးသတ် သွားလိမ့်မည်။

ဒုတိယအလွှာ ဝင်ပေါက်ကို ကောင်းကင်ပေါ်မှ လေ့လာခဲ့စဉ်က ကျယ်ပြန့်သော ပါးစပ်ပေါက်ကြီးနှင့် တူနေသည်။ အမှန်တကယ်ဆို ဒါက မြေအောက်ကို သွားသော ကြီးမားသည့် အက်ကွဲကြောင်းကြီး တစ်ခုပင်။

အနံ မီတာ (၅၀၀) ကျော် ရှည်လျားပြီး ကီလိုမီတာ အနည်းငယ် ရှည်လျားသည်။ အက်ကွဲကြောင်း အနီးတစ်ဝိုက်တွင် (၁၀) မီတာခန့် မြင့်သော ကျောက်စားပွဲကြီးတစ်ခု ရှိသည်။ ထိုကျောက်ပြားကြီး ပေါ်တွင် စာကြောင်းတစ်ကြောင်း ရေးထွင်းထားသည်။

(ဒီအက်ကွဲကြောင်းက အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာ ဝင်ပေါက် ဖြစ်ပါတယ်။ အင်ပါယာ အဆင့်

(၃) ထက် နိမ့်ပါက ကျေးဇူးပြုပြီး မဝင်ပါနဲ့။ အဲ့ဒီလို မဟုတ်ရင် သေချာပေါက် သေလိမ့်မယ်)

ကျောက်ပြားပေါ်က ရေးထွင်းထားသော စာလုံးများကို မြင်လိုက်သည်နှင့် စိတ်ထဲတွင် အတွေးတစ်ခု ပေါ်လာသည်။

'ဘယ်သူမှ လက် မကမြင်းထားဘူးဘဲ'

လင်းဟွမ်သည် ရှေ့သို့ ခြေလှမ်း အနည်းငယ် လှမ်းကာ လက်ကိုဆန့်တန်း၍ ကျောက်ပြားကို ထိကြည့်လိုက်သည်။ သို့သော်လည်း ကျောက်တုံးနှင့် ထိတွေ့ခြင်းကို တားဆီးရန် အဖြူရောင် အလင်းရောင် အနည်းငယ် ဖြာထွက်လာသည်ကို တွေ့လိုက်ရသည်။

ဒါသည် ဤကျောက်တုံးအား လူသားများ သို့မဟုတ် မွန်းစတားများ ဖျက်ဆီးခြင်းအန္တရာယ်မှ ကာကွယ်ရန် အတားအဆီး ပြုလုပ်ထားကြောင်း အထင်အရှားပင်။ ထို့ကြောင့် ဤကျောက်ပြားသည် အချိန်ကြာမြင့်စွာ တည်ရှိ နေလိမ့်မည်။ နှစ်ပေါင်းများစွာ ကြာသွားခဲ့သော်လည်း အကာအကွယ် အလွှာ၏ စွမ်းအားက တည်ရှိနေဆဲပင်။ ဒါသည် နတ်ဘုရားတစ်ပိုင်း၏ စွမ်းရည်ထက် သာလွန်နေရမည်။

"ရေးထွင်းထားတာ ဘာမှ မဟုတ်ဘူး။ ဒါတောင် အကာအကွယ် အလွှာလေးတစ်ခုနဲ့... ဘယ်သူမှ ထိလို့ မရအောင် ကာကွယ်ထားနိုင်တယ်"

လင်းဟွမ်က ရယ်မောလိုက်သည်။

ထို့နောက် လက်ကို ပြန်ရုတ်သိမ်းကာ အက်ကွဲကြောင်း အစွန်းတွင် ရပ်တန့်လိုက်သည်။ အသူရာ ချောက်ကမ်းပါးထဲ ငုံ့ကြည့်လိုက်ရာ အောက်ခြေ မရှိသည့်ပုံပင်။ ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက် အသက် ခပ်ပြင်းပြင်းလေး တစ်ချက်ရှူကာ အသူရာ ချောက်ကမ်းပါးထဲ ခုန်ချသွားသည်။

ရှေ့ဆက် ဆင်းသွားပြီး မကြာခင် အက်ကွဲကြောင်း၏ မြေအောက်ကမ္ဘာမှာ ထိပ်ဝကျဉ်းသော ပုလင်းတစ်လုံးကဲ့သို့ ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ အောက်ဘက်သို့ ရောက်လာသည်နှင့်အမျှ ပိုကျယ်လာသည်။

တိမ်များကို ဖြတ်သန်းပြီး တစ်မိနစ်ခန့် ကြာသောအခါ လင်းဟွမ်သည် အောက်ခြေကို ရောက်ရှိသွားသည်။ လင်းဟွမ်သည် သူ့ခြေဖဝါးအောက်၌ မြက်ခင်းပြင်ကြီး ရှိနေကြောင်း သိလိုက်ရလျှင် အံ့အောသင့်သွားသည်။

အသူရာ ချောက်ကမ်းပါး၏ ဒုတိယအလွှာမှာ အပင်များအားလုံး သေဆုံးနေသော ပထမအလွှာမှ

ရှုခင်းနှင့် လုံးဝ ကွာခြားသည်။ ထိုအစား ပြင်ပကမ္ဘာက နွေဦးရာသီ ကဲ့သို့ပင် ။

လင်းဟွမ်သည် အဖွဲ့ခွဲ (၇) မြက်ခင်းပြင်သို့ ပြန်ရောက်သွားသလားဟု ထင်ယောင်ထင်မှား ဖြစ်သွားသည်။ ပို၍ ထူးဆန်းသည်မှာ သူ့အပေါ်မှ ပါးစပ်ဟထားသလို ဖြစ်နေသော ချောက်ကမ်းပါး ဝင်ပေါက်ကို မတွေ့ရတော့ခြင်းပင်။

ထိုအစား သူ့အပေါ်တွင် အပြာရောင် ကောင်းကင်ကြီး ရှိနေပြီး နေလုံးကြီးက ထိန်ထိန်သာနေသည်။

# အခန်း(၆၃၃) - ပိုင်၏ စွမ်းရည်။

လင်းဟွမ်သည် ပတ်ဝန်းကျင်နှင့် အသားကျလာပြီးနောက် သူ့ထံလျှင်မြန်စွာ ချဉ်းကပ်လာသော အော်ရာ တစ်ခုကို ခံစားလိုက်ရသည်။ ခေါင်းမော့၍ ရှေ့သို့လှမ်းကြည့် လိုက်ရာ အပြာရောင်ငှက်တစ်ကောင်က သူ့ထံ ဦးတည်ပြီး ပျံသန်းလာသည်။ အတောင်ပံများကို ဖြန့်လိုက်သောအခါ (၁၀) မီတာကျော်ရှည်ကြောင်း သတိပြုလိုက်မိသည်။

"ဟာ... ဒါက အင်မော်တယ်အဆင့် (၂) အပြာရောင်စာကလေးပဲ။ ငါ့ကို သားကောင်လို့ မြင်နေတာလား"

လင်းဟွမ်သည် မျက်မှောင် ကြုတ်လိုက်သည်။ ထို့နောက် ခန္ဓာကိုယ်တွင် ကြက်သွေးရောင် ပုံစံ လက်ခလယ် အရွယ်အစားရှိသော မြွေတစ်ကောင်က လင်းဟွမ်လက်ထဲတွင် ပေါ်လာသည်။ ဒါသည် ယခင်က အဆင့် (၅) ဟင်းလင်းပြင် အပျက်အစီးထဲတွင် သူ တွေ့ခဲ့ရသော အင်ပါယာအဆင့် လင်ပုပ် စပါးအုံးမြွေပင် ။

သို့သော်လည်း ထိုမွန်းစတားကို ကတ်ပုံစံ ပြောင်းပြီးနောက် လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့်ကြောင့် ၎င်း၏စွမ်းရည်များမှာ ကန့်သတ်ခြင်း

ခံလိုက်ရသည်။ ထို့ကြောင့် ၎င်း၏စွမ်းရည်မှာ အင်မော်တယ် အဆင့် (၁)အထိ လျော့ကျနေသည်။

မည်သို့ပင် ဆိုစေကာမူ သန္ဓေ သုံးကြိမ်ပြောင်း လငပုပ် စပါးအုံးမြွေသည် ဆရာကြီး ဖြစ်ခဲ့ဖူးသူပင် ။ ထို့ကြောင့် မည်သည့် ရန်စခြင်းမျိုးမှ သည်းမခံနိုင်ချေ။ အပြာရောင် စာကလေးက လေထဲမှ သူတို့ထံ ထိုးဆင်းလာသည်ကို မြင်လိုက်လျှင် လငပုပ် စပါးအုံးမြွေ၏ မျက်လုံးထဲတွင် ဒေါသ အရိပ်အယောင်များ တောက်ပလာသည်။

နောက်ထပ် အခိုက်အတန့်တွင် ၎င်း၏ သေးငယ်သော ပါးစပ်လေးကို ဟလိုက်လျှင် ကြောက်စရာကောင်းသော စွမ်းအားများက နေရာတစ်ခုလုံး လွှမ်းခြုံသွား၏။

အပြာရောင် စာကလေးသည် တစ်ခုခု မှားနေပြီ ဖြစ်ကြောင်း သိလိုက်သည့် အခိုက်အတန့်၌ အလွန် နောက်ကျသွားခဲ့ပြီ။ အတောင်ပံများကို အရှူးအမူး ခတ်ပြီး ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း ၎င်း၏ ကြိုးစားအားထုတ်မှာ အချည်းအနှီးပင်။

ပြင်းထန်သော လေလှိုင်းကြီးများက ၎င်းကို ဆွဲငင်သွားခဲ့ပြီ။ ကျယ်လောင်စွာ အော်ဟစ်ရင်း လက်ဖဝါးထက်ပင် သေးငယ်သော လငပုပ် စပါးအုံးမြွေ၏

ပါးစပ်ထဲ ဆွဲသွင်းခြင်း ခံလိုက်ရသည်။ အင်မတန် သနားစရာကောင်းသော အပြာရောင် စာကလေးပင်။

ငင်းသည် အင်မော်တယ် အဆင့် (၂) မွန်းစတား တစ်ကောင် ဖြစ်သော်လည်း သန္ဓေသုံးကြိမ်ပြောင်း လငပုပ် စပါးအုံးမြွေ ရှေ့၌ အလွယ်တကူ ရှုံးနိမ့် သွားခဲ့သည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် သတ်ဖြတ်ခြင်း ခံလိုက်ရသော်လည်း အမှန်တကယ်တွင်မူ လငပုပ် စပါးအုံးမြွေသည် ငင်း၏သားကောင်ကို မစားခဲ့ပေ။

ထိုအစား ငင်း၏သားကောင်ထံမှ ဝိညာဉ် ထုတ်ယူခဲ့ပြီးနောက် အလောင်းကို ငင်းခန္ဓာကိုယ်

အတွင်းရှိ သီးခြားနေရာလွတ် တစ်ခုထဲတွင် သိမ်းဆည်းထားခဲ့ပြီး ဝိညာဉ်ကမှု စုပ်အားကြောင့် ကြေမွသွားခဲ့သည်။ လိုအပ်သည့် အချိန်တိုင်းတွင် သားကောင်၏ ပုံစံ အပြည့်အစုံကို ပြန်ထုတ်ပေးနိုင်သည်။

လင်းဟွမ်သည် ထိုအချက်ကို တွေးတောပြီးနောက် တိုက်ခိုက်ရန် ရွေးချယ်ခဲ့ရခြင်းပင် ။ ထိုကဲ့သို့ မဟုတ်ဘဲ အင်မော်တယ် အဆင့် (၁) မွန်စတား အသေကောင် တစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်ပါက လင်းဟွမ်အတွက် အသေကောင်ကို ရောင်းစားနိုင်တော့မည် မဟုတ်ချေ။

ဒါသည် ဆိုးရွားမှုကြီးပင်။ အင်မော်တယ်အဆင့် မွန်းစတား အလောင်းကောင်များ တစ်ကောင်ချင်းစီသည် အနည်းဆုံး ကံကြမ္မာသလင်းကျောက် တစ်သောင်းခန့် တန်ကြေးရှိ၏။

မွန်းစတားကတ် တစ်ခု ဖြစ်လာသော လငပုပ် စပါးအုံးမြွေသည် အပြာရောင် စာကလေးကို မြိုချပြီးနောက် လင်းဟွမ်ကို ဖားချင်သော မျက်လုံးများနှင့် မော့ကြည့်နေသည်။ ၎င်း၏ လွတ်လပ်မှုကို ထောက်ထား၍ သခင်ကို ဖားရန် ရွေးချယ်ခဲ့ခြင်းပင်။

လင်းဟွမ်သည် လငပုပ် စပါးအုံးမြွေကို ခေါင်း ပုတ်လိုက်ပြီး...

"ညာဘက် အင်္ကျီလက်စ အောက်ထဲမှာပုန်းနေ..."

လင်ပုပ် စပါးအုံးမြွေကို ပြန်မသိမ်းခဲ့ပေ။ ၎င်းက အရွယ်အစား သေးငယ်၍ သယ်ဆောင်ရတာ အဆင်ပြေသည့်အပြင် အလွန် အစွမ်းထက်ကာ သဲလွန်စများ မကျန်အောင် တိုက်ခိုက်တတ်ပြီး မွန်းစတားများကို လျင်မြန်စွာ အနိုင်ယူနိုင်စွမ်း ရှိသောကြောင့် အတူခေါ်ထားရန် ဆုံးဖြတ်လိုက်သည်။

လင်ပုပ် စပါးအုံးမြွေသည် ခေါင်းအနည်းငယ် ညိတ်ပြီး ညာဘက်အင်္ကျီ လက်စအောက်ထဲ လျှောဝင်သွား၏။

လင်ပုပ် စပါးမြွေက အင်္ကျီလက်စထဲ ရောက်သွားပြီးနောက် လင်းဟွမ်က နေရာကူးပြောင်းခြင်း

ခါတ်ကြွင်းကို နောက်တစ်ကြိမ် ဆင့်ခေါ်ကာ တည်နေရာ သတ်မှတ်လိုက်သည်။ ထို့နောက် မှောင်ခိုဈေးကွက်က ပေးထားသော အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာ မြေပုံကို ထုတ်ယူလိုက်ကာ နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို ပြန်သိမ်းလိုက်သည်။

မြေပုံပေါ်တွင် ဖော်ပြထားသော ငရဲချိန့် ကလေးငယ်၏ အမှတ်သင်္ကေတကို မြင်လျှင် မျက်မှောင်ကြုတ်သွားသည်။

"ဟာ... အဝေးကြီးပဲ။ အခုလက်ရှိ ငါ ရောက်နေတဲ့ နေရာနဲ့ဆို အနည်းဆုံး ကီလိုမီတာ နှစ်သောင်းလောက် ဝေးတယ်"

ယခုလက်ရှိ ပျံသန်းနိုင်သော လင်းဟွမ်၏ အရှိန်တစ်ခုထဲနှင့် ဆိုပါက ထိုနေရာသို့ ရောက်ရန် (၁၀)နာရီ ဆက်တိုက် ပျံသန်းရလိမ့်မည်။ မိုးကြိုး သိမ်းငှက်ကို စီးနှင်းသွားပါက ပိုမြန်နိုင်သော်လည်း အခြားမွန်းစတားများ၏ ပစ်မှတ် ဖြစ်လာနိုင်သည်။

နှစ်ဆတိုး အရှိန်ကို အသုံးပြုပါက ကံကြမ္မာစွမ်းအားများ သိသိသာသာ ကုန်ဆုံး သွားလိမ့်မည်။ အရေးအကြောင်း ကြုံပါက တိုက်ခိုက်နိုင်ရန် ကံကြမ္မာစွမ်းအားများကို မဖြစ်မနေ ချွေတာထားရန် လိုအပ်နေသည်။

ထို့ကြောင့် လင်းဟွမ်က သူ့အား တိုက်ခိုက်လာနိုင်သည့် မွန်းစတားအားလုံးကို သူ၏ ဆင့်ခေါ် မွန်းစတားများနှင့် ရှင်းထုတ်ရန် မဟာဗျူဟာတစ်ခု ချမှတ်လိုက်သည်။

"ကောင်းကင်က (၂) နာရီအတွင်း မှောင်တော့မှာ။ ခရီးဆက်သွားရင် မွန်းစတားနဲ့ တွေ့နိုင်ချေများတယ်။ ဒီလိုဆိုမှတော့ မမှောင်ခင် ဒီည နားဖို့အတွက် သင့်တော်တဲ့နေရာ ရှာပြီး မနက်ဖြန် မနက်ကျမှပဲ အလုပ်ပြန်လုပ်မယ်"

လင်းဟွမ်သည် အရှိန်ကို ချက်ချင်း မြှင့်တင်ပြီး ငရဲချိန်နဲ့ကလေးငယ် ရှိရာကို ဦးတည်သွားလိုက်သည်။

နာရီဝက်နီးပါးခန့် ခပ်နိမ့်နိမ့် ပျံသန်းလာခဲ့ပြီးနောက် မည်သည့် မွန်းစတားမှ တားဆီးခဲ့ခြင်း မရှိခဲ့ပေ။

မြေပေါ်ရှိ မွန်းစတားများက သူ့ကို တိုက်ခိုက်ရန် မကြာခဏ ကြိုးစားခဲ့သော်လည်း တိုက်ခိုက်မှုအားလုံးကို ရှောင်တိမ်းနိုင်ခဲ့သည်။

လမ်းခရီးတွင် အချိန်မဖြုန်းခဲ့ပေ။ မွန်းစတားများက သူ့နောက်လိုက်ရန် ကြိုးစားခဲ့ပါက နှစ်ဆတိုး အရှိန်ကို ခဏလောက် အသက်သွင်းလိုက်ရာ မကြာခင် ပြတ်ကျန်ခဲ့သည်။

ချောက်ကမ်းပါး ဒုတိယအလွှာရှိ မွန်းစတား အားလုံးအတွက် သူက အရသာရှိသော ဟင်းပွဲ တစ်ပွဲကဲ့သို့ ဖြစ်နေကြောင်း သက်သေပြနေသည်။

အကယ်၍ သူသာ တွေ့သမျှ မွန်းစတားအားလုံးကို သတ်ပစ်မည်ဆိုပါက မနက်ဖြန်နေ့လယ်တွင် ငရဲချိန်နဲ့ ကလေးငယ် ရှိသည့်နေရာကို ရောက်ရှိရန် မဆိုထားနှင့် တစ်ပတ်ကြာလျှင်ပင် မရောက်နိုင်ချေ။

ညနေ (၆) နာရီ ထိုးခါနီးလာသည်။

လင်းဟွမ်သည် တောအုပ်တစ်ခုကို ဖြတ်သန်း သွားသည့်အချိန်၌ ကောင်းကင်ကို မော့ကြည့်ပြီး သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။ ထို့နောက်

သွေးရဲရဲလေးက ခရမ်းရောင် မြွေတစ်ကောင်အဖြစ် ပြောင်းလဲလိုက်ပြီး လင်းဟွမ်၏ ဘယ်ဘက် လက်မောင်းတွင် ရစ်ခွေလိုက်သည်။

"သွေးရဲရဲလေး။ ငါ ပုန်းအောင်းလို့ ရမယ့်နေရာ ရှိ၊ မရှိ စစ်ဆေးကြည့်ပါအုံး။ မွန်းစတား အသိုက်ဆိုရင် ပိုကောင်းတယ်..."

သွေးရဲရဲလေးသည် လင်းဟွမ်၏ ညွှန်ကြားချက်ကို ရရှိပြီးနောက် ဖောက်ထွင်းမြင်ရသော မျှော့မျိုးစေ့များကို ထုတ်လွှင့်လိုက်ပြီး နေရာအနှံ့ကို ပျံ့နှံ့သွားစေသည်။

စုံစမ်းစစ်ဆေးမှုရလဒ် ထွက်မပေါ်လာခင် အချိန်အထိ လင်းဟွမ်က မူလ ရပ်နေသောနေရာမှာပင် စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။

(၁၀) မိနစ်ကျော်ခန့် ကြာပြီးနောက် သွေးရဲရဲလေးထံမှ နေရာသုံးခု တွေ့ရှိကြောင်း သတင်းအချက်အလက် ရရှိခဲ့သည်။ ထိုနေရာများက မွန်းစတား အသိုက်များပင်။ ကံကောင်းထောက်မစွာဖြင့် ထိုမွန်းစတား သုံးကောင်မှာ အင်မော်တယ်အဆင့် (၃)၊ အဆင့် (၄) များသာ ဖြစ်သောကြောင့် ထင်ထားသလောက် သန်မာခြင်း မရှိပေ။

လင်းဟွမ်သည် ငရဲချိန့် ကလေးငယ် တည်နေရာနှင့် ပိုနီးသော နေရာတစ်ခုကို ရွေးချယ်လိုက်သည်။ မိနစ်အနည်းငယ် ကြာပြီးသောအခါ လင်းဟွမ်သည် မွန်းစတားအသိုက် အဝင်ဝတွင် ပေါ်လာသည်။

ထိုမွန်းစတား အသိုက်၏ ပိုင်ရှင်မှာ အင်မော်တယ်အဆင့် (၄) ဂူဝက်ဝံပင် ။ ၎င်းသည် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်သာ ဖြစ်သော်လည်း ခံစစ်စွမ်းရည်နှင့်ခွန်အား သန်မာသည်။ ၎င်း၏ စွမ်းရည်များမှာ အင်မော်တယ် အဆင့် (၅) မွန်းစတား အချို့နှင့်ပင် ယှဉ်နိုင်သည်။

သို့သော်လည်း လင်းဟွမ်သည် ထိုကဲ့သို့ မွန်းစတားတစ်ကောင်နှင့် ကြုံတွေ့ ရသောအခါ ကိုယ်တိုင်ပင် မတိုက်ခိုက်ဘဲ သူ့အစား ပိုင်ကိုသာ ဆင့်ခေါ်လိုက်သည်။

ပိုင်က မွန်းစတားဂူထဲ ဝင်သွားပြီးနောက် ဂူထဲမှ ဒေါသတကြီး ဟိန်းဟောက်သံများ ထွက်ပေါ်လာသည်။ စက္ကန့် (၂၀) မပြည့်ခင် အချိန်လေးအတွင်းတွင် ဟိန်းဟောက်သံများသည် ညည်းတွားသံများ အဖြစ် ပြောင်းလဲသွား၏။ ထို့နောက် (၁၀) စက္ကန့်ခန့် ထပ်ကြာသောအခါ ဂူတစ်ခုလုံး တိတ်ဆိတ်သွားခဲ့သည်။

ခဏအကြာ လှိုဏ်ဂူထဲမှ ပိုင် ပြန်ထွက်လာပြီး လင်းဟွမ်ကို ခေါင်းညိတ်ပြလိုက်သည်။

လင်းဟွမ်သည် မွန်းစတားလှိုဏ်ဂူထဲ လမ်းလျှောက်သွားသောအခါ (၁၀) မီတာကျော် မြင့်သော ဂူဝက်ဝံကြီးက အသက်ငင်နေသည်ကို တွေ့လိုက်ရသည်။ ထိုမွန်းစတားကြီးမှာ အလွန် သန်မာသည်ဟု ယူဆနိုင်သော်လည်း ယခုအခါ အစာရေစာ ငတ်ပြတ်နေသကဲ့သို့ တစ်ကောင်လုံး ပိန်လှီနေသည်။

ခန္ဓာကိုယ်ပေါ်တွင် မြင်ရသော ဒဏ်ရာအချို့နှင့် လည်ပင်းပေါ်တွင် အပေါက်အပြဲ တစ်ခု ရှိသော်လည်း

ထိုဒဏ်ရာမှ သွေးများ ထွက်ကျခြင်း မရှိပေ။ မြေပြင်နှင့် နံရံပေါ်တွင်လည်း အစင်းရာ၊ အခြစ်ရာများ မရှိချေ။

လင်းဟွမ်သည် ပိုင်၏စွမ်းရည်ကို မည်သည့်အချိန်ကမှ လျှော့တွက်ခဲ့ခြင်း မရှိချေ။ တိုက်ပွဲတစ်ခု ဖြစ်ပွားတိုင်း ဆင့်ခေါ်လိုက်သည်နှင့် ပိုင်၏စွမ်းရည်က မျှော်လင့်ချက်ထက် ကျော်လွန်သွားတတ်သည်။

လင်းဟွမ်သည် ပိုင်အတွက် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်လာလိမ့်မည်ဟု ထင်ထားခဲ့သည်။ သို့သော်လည်း ဂူထဲတွင် ကျန်ရစ်ခဲ့သော ခြေရာလက်ရာ သဲလွန်စများကြောင့် လွယ်ကူသော တိုက်ပွဲတစ်ခု ဖြစ်ခဲ့ပြီး အလွယ်တကူ အနိုင်ရသွားပုံပင်။

"သန္ဓေသုံးကြိမ်ပြောင်း နတ်ဘုရား သွေးမျိုးဆက်ပါတဲ့ မွန်းစတား တစ်ကောင်က ဒီလောက်တောင် သန်မာတာလား.။ ဒါက အထွတ်အထိပ် ပါရမီရှင် တစ်ယောက်နဲ့တောင် တူနေပြီ"

လင်းဟွမ်သည် တိုက်ပွဲ အခြေအနေကို ကြည့်ပြီးနောက် ပိုင်၏စွမ်းရည်ကို နောက်တစ်ကြိမ် အကဲပြန်ဖြတ်ရန် လိုအပ်လာခဲ့ပြီ။ ပိုင်သည် အင်မော်တယ်အဆင့် (၁) သာ ဖြစ်သော်လည်း သူ၏ စွမ်းရည်မှာ အင်မော်တယ် အဆင့် (၆) နှင့်ပင် နှိုင်းယှဉ်နိုင်သည်။

အဆင့် (၅) ဆင့် ခုန်ပျံကျော်လွှားပြီး တိုက်ခိုက်ခြင်းမှာ အထွတ်အထိပ် ပါရမီရှင်များသာ အောင်မြင်အောင် လုပ်ဆောင်နိုင်သောအရာ ဖြစ်သည်။

လငပုပ် စပါးအုံးမြွေသည် လင်းဟွမ်၏ အင်္ကျီလက်စထဲမှ တစ်ဆင့် ဂူဝက်ဝံကြီး၏ အလောင်းကို တိတ်တဆိတ် ချောင်းကြည့်နေသည်။ ထို့နောက် သူ့မျက်လုံးထဲတွင် ကြောက်လန့်မှု အရိပ်အယောင်များ အတိုင်းသား ပေါ်လာ၏။

လင်းဟွမ်သည် ဂူဝက်ဝံအလောင်းကို သိမ်းပြီးနောက် ပိုင်ကို ကတ်ပုံစံ ပြန်မသိမ်းတော့ချေ။ ထိုအစား ညဘက်တွင် ကင်းစောင့်ရန် ညွှန်ကြားလိုက်သည်။

လင်းဟွမ်သည် ပိုင်၏အကူအညီဖြင့် ညအချိန်တွင် မွန်းစတားများကြောင့် အာရုံပျံ့လွင့်မည်ကို စိုးရိမ်စရာ မလိုတော့ချေ။ ထို့အပြင် နောက်တစ်နေ့တွင် မီးစာ မွန်းစတားနှင့် တိုက်ခိုက်ရန်အတွက် အားမွေး ရအုံးမည်။

## အခန်း(၆၃၄) - နှုတ်သီးစောင်း သိမ်းငှက်။

ထိုညတွင် လင်းဟွမ်သည် မွန်းစတား ဟိန်းဟောက်သံကို တစ်ချက်မျှ မကြားရဘဲ နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်သွားခဲ့သည်။ နောက်တစ်နေ့ မနက်တွင် ရေချိုးသန့်စင်ပြီးနောက် အပြင်ထွက်လာရာ အပြင်ဘက်တွင် မွန်းစတားအလောင်း လေးလောင်းကို မြင်လိုက်ရသည်။

အား အနည်းဆုံးမှာ အင်မော်တယ်အဆင့် (၃) ဖြစ်ပြီး အသန်မာဆုံးမှာ အင်မော်တယ် အဆင့် (၅) ဖြစ်သည်။ အလောင်းကောင် လေးခုလုံးမှာ ဓါးနှင့်

ထိုးသတ်ခံရပြီး ဦးခေါင်းများ ခုတ်ဖြတ် ခံထားရသည်။ ခန္ဓာကိုယ်ပေါ်တွင် အခြား ဒဏ်ရာများ မရှိချေ။ အလောင်းလေးခုလုံးမှာ သွေးများ ခြောက်ကပ် နေပြီး သွေးရာများ လုံးဝ မတွေ့ ရချေ။

လင်းဟွမ်သည် အလောင်း လေးလောင်းကို သိမ်းပြီးနောက် ပိုင်ကို ညဘက် ကင်းစောင့်ရန် တောင်းဆိုခဲ့ခြင်းမှာ မှန်ကန်သော ဆုံးဖြတ်ချက် ဖြစ်ကြောင်း သိလိုက်ရသည်။

လငပုပ် စပါးအုံးမြွေကိုသာ အစားထိုးပြီး တာဝန်ပေးအပ်ခဲ့ပါက မနက်အထိ အိပ်ရမည် မဟုတ်ချေ။

လင်းဟွမ်သည် အစာပြေ မနက်စာစားပြီးနောက် မနက် (၇) နာရီ မတိုင်ခင်တွင် ပိုင်ကို ကတ်ပုံစံ ပြန်သိမ်းပြီး သွေးရဲရဲလေး၊ လင်ပုပ် စပါးအုံးမြွေ တို့နှင့်အတူ ခရီးထွက် လာခဲ့သည်။ ပိုင်ကို ဆင့်မခေါ်ရသည့် အကြောင်းအရင်းမှာ မွန်းစတားများ တိုက်ခိုက်မှုနှင့် ကြုံတွေ့ရပါက နှစ်ဆတိုးအရှိန်ကို အသုံးပြုရန် အဆင် မပြေသောကြောင့်ပင်။

ပိုင်၏ ပျံသန်းမှု အမြန်နှုန်းမှာ နှစ်ဆတိုး အရှိန် ပျံသန်းမှု အမြန်နှုန်းထက် နှေးကွေးသည်။ ဆန့်ကျင်ဘက် အနေနှင့် သွေးရဲရဲလေး၊ လင်ပုတ် စပါးအုံးမြွေတို့မှာ

သူ့ခန္ဓာကိုယ်ပေါ်တွင် ခရီးသည်ကဲ့သို့ လိုက်ပါစီးနင်းနိုင်ကြသည်။

တစ်ညသော တည်းခိုခဲ့သော မွန်းစတားအသိုက်မှ သူ၏ဦးတည်ရာကို ရောက်ရန် (၈) နာရီကျော် ကြာမြင့်ခဲ့သည်။ ငရဲချိန်နဲ့ ကလေးငယ်ကို နေမဝင်ခင် ရှာဖွေပြီး သတ်ပစ်ရန် ရည်ရွယ်ထားသည်။ အကယ်၍ လမ်းခရီး၌ မွန်းစတားများ တိုက်ခိုက်ခြင်းကို ခံရပါက မမှောင်ခင် သူ သွားချင်သောနေရာကို ရောက်ရှိရန် အလားအလာ နည်းပါးသည်။

မှောင်ခိုဈေးကွက် အရင်းအမြစ်က သူ့အတွက် တည်နေရာ အတိအကျ ပေးထားသော်လည်း ထိုနေရာ

တစ်ခုတည်းတွင် ငရဲချိန့် ကလေးငယ် ရှိနိုင်သည့် ဖြစ်နိုင်ချေမှာ နည်းပါးလှသည်။ ထိုနေရာသို့ ရောက်ပြီးနောက် သွေးရဲရဲလေး၏ အကူအညီနှင့် ရှာဖွေရအုံးမည်။

လင်းဟွမ်သည် ဖြစ်နိုင်ချေ အမျိုးမျိုးကို ထည့်သွင်းစဉ်းစားပြီးနောက် မနက်ခင်း စောစောစီးစီးတွင် ခရီးထွက်လာခဲ့သည်။

ခပ်နိမ့်နိမ့် ပျံသန်းလာခဲ့ပြီး အခြေအနေမှာ မနေ့ကဖြစ်ပျက်ခဲ့သည့် အတိုင်းပင်။ မွန်းစတား အများအပြားကအဝေးမှ တိုက်ခိုက်ရန် ကြိုးစားခဲ့ကြပြီး အချို့ကနောက်မှ လိုက်လာကြသည်။

လင်းဟွမ်သည် မနေ့က လုပ်ခဲ့သလို သူ၏ အမြန်နှုန်းကို တင်လိုက်လျှင် မွန်းစတားများ ပြတ်ကျန်ရစ်ခဲ့သည်။ ဤစွမ်းရည်ကို (၅) နာရီကျော်မျှသာ အသုံးပြုခဲ့ရပြီး အရာအားလုံး အဆင်ပြေ ချောမွေ့ခဲ့သည်။

သို့သော်လည်း နေ့ခင်းဘက်အချိန်တွင် လင်းဟွမ် ပြဿနာ တက်လာသည်။

အင်ပေါ်တယ်အဆင့် (၅) သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်က ကောင်းကင်ပေါ် မှနေ၍ လင်းဟွမ်ကို စိုက်ကြည့်နေသည်။

"နှုတ်သီးစောင်း သိမ်းငှက်လား"

ထိုအချိန်တွင် လင်းဟွမ်သည် မွန်းစတား၏ ပြစ်မှတ်ဖြစ်လာကြောင်း ခံစားမိလိုက်သည်။ လင်းဟွမ်သည် ထိုကဲ့သို့ မွန်းစတားမျိုးနှင့် တွေ့ကြုံရခြင်းမှ ရှောင်ရှားနိုင်စေရန် ခပ်နိမ့်နိမ့် ပျံသန်းလာခဲ့ခြင်းဖြစ်သည်။ သို့သော်လဲ ကောင်းကင်ပေါ်မှ မွန်းစတားအုပ်ကြီးများက မကြာခဏ ကျူးကျော်လာလေ့ရှိသည်။

တစ်ခါတစ်လေတွင် အထီးကျန်ဆန်သော သင်းကွဲမွန်းစတားကြီးများလည်း ရှိသည်။ ထိုကဲ့သို့ မွန်းစတားများကို ရန်မစချင်ရသည့် အကြောင်းအရင်းမှာ ပုံမှန်အားဖြင့် ၎င်းတို့တွင် ကြောက်စရာကောင်းသော

ပျံသန်းရေး စွမ်းရည်များကို ပိုင်ဆိုင်ထားသောကြောင့် ဖြစ်သည်။ သူတို့၏ အမြန်နှုန်းမှာ လင်းဟွမ်၏ နှစ်ဆတိုးအရှိန်ကို အလွယ်တကူ ဖြတ်ကျော်နိုင်သည်။

ကောင်းကင်ပေါ်တွင် နောက်မှ တရှိန်ထိုး လိုက်လာပါက ဖယ်ရှားနိုင်မည် မဟုတ်ချေ။ ဤကဲ့သို့ အခြေအနေမျိုးကို တစ်ကြိမ်၊ နှစ်ကြိမ်ခန့် ကြုံတွေ့ရပါက အဆင်ပြေသေးသည်။ သို့သော်လည်း ခရီးစဉ် တစ်လျှောက်လုံး ဖြစ်နေပါက အချိန်ပုပ် ပေလိမ့်မည်။

လင်းဟွမ်က ခပ်နိမ့်နိမ့် ပျံသန်းရန် ရွေးချယ်ခဲ့သော်လည်း နှုတ်သီးစောင်း သိမ်းငှက်က ပစ်မှတ်ထားနေဆဲပင်။ ထို့ကြောင့် ကူကယ်ရာ မဲ့သွားသည်။

နှုတ်သီးစောင်း သိမ်းငှက်သည် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင် ဖြစ်ပြီး ရှေးဦးသားရဲ သွေးမျိုးဆက် ပါရှိသောကြောင့် ကောင်းကင်ပေါ်တွင် ထိပ်တန်း သားရဲများထဲမှ တစ်ကောင် ဖြစ်သည်။ အစာကွင်းဆက်အရ စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်၏ အနေအထားမှာ နှုတ်သိမ်းစောင်း သိမ်းငှက်ထက် များစွာနိမ့်ကျသည်။ ထို့အပြင် သန္ဓေပြောင်းလဲမှု အရေအတွက်အရ ခွန်အားနှင့် တိုက်ခိုက်ရေး အစွမ်းမှာလည်း သိသိသာသာ နိမ့်ကျနေ၏။

လင်းဟွမ်သည် အချိန် မကုန်စေချင်ပေ။ မွန်းစတား၏ ပစ်မှတ်ထားခြင်းကို ခံရကြောင်း သိလိုက်သည်နှင့်

တစ်ပြိုင်နက် နှစ်ဆတိုးအရှိန်ကို အသက်သွင်းပြီး မျက်ခြေပြတ်ရန် ကြိုးစားလိုက်သည်။ မမျှော်လင့်စွာပင် နှုတ်သီးစောင်း သိမ်းငှက်က ဖွဲ့မလျှော့ဘဲ သူ့နောက်ကို လိုက်နေခဲ့သည်။ လင်းဟွမ် မျက်ချေ မပြတ်နိုင် ဖြစ်နေသည်။ ထိုအစား ပြေးပုန်းကစားနေသလို သူ့နောက်မှ တန်းတန်းကြီး လိုက်ပါလာသည်။

ခဏအကြာ လင်းဟွမ်သည် သူ့ကို တိုက်ခိုက်ရန် မကြိုးစားလာသောကြောင့် စိတ်အနှောက်အယှက် မဖြစ်တော့ချေ။ ထို့ကြောင့် မူလအရှိန်နှင့်သာ ခရီး ဆက်ခဲ့သည်။ သူ့နောက်မှ နှုတ်သီးစောင်း သိမ်းငှက်ကြီး လိုက်ပါလာသောကြောင့် မွန်းစတား

တော်တော်များများသည် သားကောင် ဖြစ်သွားမည်ကို စိုးရိမ်သဖြင့် ထွက်ပြေးကြသဖြင့် လင်းဟွမ်ကိုပင် မတိုက်ခိုက်ကြပေ။

လင်းဟွမ်သည် နှုတ်သီးစောင်း သိမ်းငှက်၏ တည်ရှိမှုကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများကို ကြည့်ပြီး ရယ်ရခက်ခက်၊ ငိုရခက်ခက် ဖြစ်နေသည်။

"ဒီကံဆိုးမှုထဲကနေ အခွင့်အရေး ရမယ်လို့ မထင်ထားမိဘူး"

သို့သော်လည်း လင်းဟွမ်၏ ပျော်ရွှင်မှုသည် ကြာကြာမခံခဲ့ပေ။

(၁၀) မိနစ်ခန့် ကြာသောအခါ နှုတ်သီးစောင်း သိမ်းငှက်သည် သူ့အောက်ရှိ သားကောင်က သူ့ကို အမှန်တကယ် မကြောက်ရွံ့ကြောင်း သတိထားမိသွားပုံရသွားသည်။ စိတ်ရှည်မှု ကုန်ဆုံးသွားခဲ့ပြီး လင်းဟွမ်ကို ချက်ချင်း တိုက်ခိုက်လိုက်သည်။

"မင်း တိုက်ခိုက်မှာကို စောင့်နေတာ"

လင်းဟွမ်သည် နှုတ်သီးစောင်း သိမ်းငှက်က သူ့ထံ ထိုးဆင်းလာသည်ကို တွေ့လျှင် ထိတ်လန့်တုန်လှုပ်သွားခြင်း မရှိပေ။ ထိုအစား စိတ်လှုပ်ရှားနေသည်။ သူ့လက်ထဲတွင် အနက်ရောင် ဓါးတစ်ချောင်း ချက်ချင်း ပေါ်လာသည်။

လင်းဟွမ်က ဓါးကိုင်လိုက်သည်ကို မြင်လျှင် နှုတ်သီးစောင်း သိမ်းငှက်၏ မျက်လုံးထဲတွင် ဒေါသထွက်နေသော အရိပ်အယောင်များ ပေါ်လာသည်။

“ပုရွတ်ဆိတ် တစ်ကောင်က လူသားကို ဘယ်လို တိုက်ခိုက်ရဲတာလဲ ကျီ.....”

နှုတ်သီးစောင်း သိမ်းငှက်က ထိုးဆင်းလာရင်း အော်ဟစ်ကာ အသံပေးလိုက်သည်။ မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိသော လေလှိုင်းကြီးများ ထွက်ပေါ်လာပြီး လေလှိုင်းဂယက်များက လင်းဟွမ်ထံ ဦးတည်ပြီး တိုးဝင်လာသည်။

"စွမ်းရည်က တော်တော်လေး အထင်ကြီးစရာကောင်းတာပဲ"

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

နှုတ်သီးစောင်း သိမ်းငှက်သည် ပထမဦးဆုံး တိုက်ခိုက်မှုမှာပင် ၎င်း၏ အဆုံးစွန်ဆုံးသော စွမ်းရည်ကို ထုတ်လွှတ်ခဲ့သည်။ အကယ်၍ အင်မော်တယ်အဆင့် (၅) အခြားတစ်ယောက်ကို တိုက်ခိုက်ပါက ဤနေရာမှာပင် ချက်ချင်း သေဆုံးသွားနိုင်သည်။

သို့သော်လည်း လင်းဟွမ် မျက်နှာပေါ်တွင် ကြောက်ရွံ့မှု အရိပ်အယောင် လုံးဝ မရှိချေ။ ဓါးရှည်ကို ကောက်ကိုင်ပြီး ရှေ့သို့ လှမ်းထိုးလိုက်သည်။

လေထဲတွင် သွေးရောင်လခြမ်းပုံစံ ဖြတ်ခနဲ လက်သွားပြီး လေပြင်းနှင့် တိုက်မိသွားသည်။

အင်ပေါ်တယ်အဆင့် (၅) ကိုပင် သတ်ဖြတ်နိုင်သော လေပြင်းမှာ ထိုဓါးနှင့်ထိလိုက်သည့် အခိုက်အတန့်၌ တိုဖူးကဲ့သို့ ထက်ဝက်ပိုင်း လှီးဖြတ်ခံလိုက်ရသည်။

သွေးရောင် စွန်းနေသော လခြမ်းအလင်းသည် လေပြင်းကို ဖြတ်သန်းပြီးနောက် အရှိန်မလျော့သေးဘဲ နှုတ်သီးစောင်း သိမ်းငှက်၏ လည်ပင်းကို ဖြတ်တောက်သွားသည်။

နှုတ်သီးစောင်း သိမ်းငှက်၏အော်သံမှာ တိခနဲ ရပ်သွားသည်။ ခဏအကြာ ၎င်း၏လည်ပင်းမှ

ခရမ်းရောင်သွေးများ စီးကျလာသည်။ သိပ်မကြာခင် ဦးခေါင်းသည် ခန္ဓာကိုယ်မှ အိုးစားကွဲပြီး ခရမ်းရောင်သွေးများက လည်ပင်းမှ ပန်းထွက်လာသည်။ ထိုအခိုက်အတန့်၌ လင်းဟွမ်၏ အင်္ကျီလက်စအောက်မှ သွေးရောင် အလင်းတန်းတစ်ခု ဖြတ်ခနဲ ပေါ်လာသည်။

ထို့နောက် လငပုပ် စပါးအုံးမြွေသည် လေထဲ ပျံသန်းသွားပြီး ပါးစပ်ကိုဖွင့်ကာ သွေးများ ပန်းထွက်နေသော နှုတ်သီးစောင်း သိမ်းငှက်၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်ကို မျိုချလိုက်သည်။

အမှန်တကယ်ဆို နှုတ်သီးစောင်း သိမ်းငှက်တွင် အမှန်တကယ် ထက်မြက်သော စွမ်းရည်များ ရှိသည်။

ၚင်း အနိုင်မယူနိုင်သော မွန်းစတား တစ်ကောင်နှင့် ကြုံခဲ့လျှင်ပင် ထွက်ပြေး လွတ်မြောက်နိုင်သေးသည်။ ကံဆိုးစွာဖြင့် ရန်သူကို လျော့တွက်ခဲ့မိသောကြောင့် တစ်ချက်တည်းနှင့် အလွယ်တကူ သတ်ဖြတ်ခြင်း ခံလိုက်ရခြင်းသာ...

နောက်တစ်ချက်မှာ လင်းဟွမ်က အင်မတန် သန်မာလွန်းသော လူတစ်ယောက် ဖြစ်နေသည်။ အကယ်၍ မစ္စတာဖူး၏ ပြင်းထန်သော လေ့ကျင့်မှုကို မခံခဲ့ရခင် အချိန် ဖြစ်ခဲ့ပါက လင်းဟွမ်သည် နှုတ်သီးစောင်း သိမ်းငှက်ကို သတ်ပစ်ရန် အချိန်အနည်းငယ် ယူရလိမ့်မည်။ သို့သော်လည်း

ပြင်းထန်သော လေ့ကျင့်မှုများကို ခံယူပြီးနောက် ပြောင်းလဲလာခဲ့ပြီး သူ၏ စွမ်းရည်များမှာ ယခင်ကနှင့် လားလားမျှ မတူတော့ချေ။

နှုတ်သီးစောင်း သိမ်းငှက် ထွက်ပေါ်လာခြင်းမှာ ခရီးစဉ်ကို အနည်းငယ် နှောင့်နှေးသွားစေရုံမှလွဲ၍ ဒုက္ခ ကြီးကြီးမားမား မပေးနိုင်ခဲ့ချေ။ နောက်ပိုင်း (၃) နာရီက ပို၍ အေးချမ်းသည်။

ထိုနောက်ပိုင်းတွင် ငှက်မွန်းစတားများကို မတွေ့ ရတော့ချေ။ မနေ့ညက အသုံးပြုခဲ့သော စွမ်းရည်ကို အသုံးပြုပြီးနောက် ညနေ (၃) နာရီခန့်တွင် ရည်ရွယ်ထားသော နေရာကို ရောက်ရှိလာခဲ့သည်။

ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ခဲ့သော်လည်း ငရဲချိန်နဲ့ ကလေးငယ်၏ ခြေရာလက်ရာများကို မတွေ့ခဲ့ရပေ။ မြေပေါ်ဆင်းပြီး လိုက်ကြည့်ခဲ့သော်လည်း ဘာမှ မတွေ့ရချေ။

"သွေးရဲရဲလေးရေ မင်းကိုပဲ အားကိုးရတော့မယ်"

လင်းဟွမ်သည် ယခုအချိန်၌ သွေးရဲရဲလေးကိုသာ အားကိုး နိုင်တော့ကြောင်း သိနေ၍

"ကျေးဇူးပြုပြီး ငရဲချိန်နဲ့ ကလေးငယ်ရဲ့ တည်နေရာကို ရှာပေးပါအုံး"